www.free4readers.com

To Open Mind and Knowledge of Society

# MYANMAR NEWSWEEK Journal

အတွဲ(၂)၊ အမှတ်(၈၀) (၃၁-၁-၂၀၁၉) ကြာသပတေးနေ့။

## မြန်မာနိုင်ငံမြေပုံကို တရုတ်စာဖြင့် ပုံဖျက်ထုတ်ဝေပုံနှိပ်ခြင်းကိုလက်ခံသင့်သလား

စာ-A




ဦးနုလက်ထက် မြန်မာနိုင်ငံမြေပုံပါသော တံဆိပ်ခေါင်း




ကမ္ဘာဆုံးသည့်တိုင် မပြောင်းလဲအောင်ကာကွယ်သင့်သည့် အချုပ်အခြာအာဏာပိုင်မြန်မာနိုင်ငံ၏မြေပုံ




တရုတ်စာဖြင့်ပုံဖျက်ထုတ်ဝေထားသည့်မြန်မာနိုင်ငံမြေပုံ

## လက်ဝါးကြီးအုပ်စက်သုံးဆီဆိုင်ဖွင့်ခရိုနီတွေကိုသတ်မည့် မဟာဗျူဟာ

စာ-D

## ၂၀၀၈ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်အဆိုတင်မည်

စာ-၃

## လက်ပံတောင်းတောင်စီမံကိန်းအတွင်း မြေသယ်ယာဉ်ပြုတ်ကျသဖြင့် ယာဉ်မောင်းသူသေဆုံး

စာ-၃

## ကာကွယ်ရေးဦးစီးချုပ်ကို ခုံရုံးတင်အရေးယူသင့်သည်ဟု ကုလသံတမန်၏ပြောကြားချက်ကရှုပြုရန်မလိုအပ်ဟုဆို

စာ-၁၇



## ဒီမိုး ဒီလေ ဒီလူတွေနဲ့

သရုပ်(ပြည်)စာ-၂၃

## ဘင်္ဂလားဒေ့ရှ် စစ်တကောင်းမှ မြန်မာ၊ ထိုင်း၊ မလေးရှားနှင့် တရုတ်နိုင်ငံတို့သို့ ဖြတ်သန်းမည့် ရထားလမ်းဖောက်လုပ်မည်



စာ-၁၇

## ကျောင်းနေအရွယ်ကလေးများ၏ ဂိမ်းစွဲရောဂါ

စာ-D

www.free4readers.com



# မင်းဘူးမြို့ရှိစက္ကိန်းတဲစေတီတော် ဗုဒ္ဓခြေတော်ရာ ဂန္ဓကုဋိတိုက် ပြုပြင်ဆောင်ရွက်မည်





မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ရှိ စက္ကိန်းတဲစေတီတော်မှ ဗုဒ္ဓခြေတော်ရာ ဂန္ဓကုဋိတိုက်ကို ငွေကျပ်သိန်း ၂၀၀ ခန့်အကုန်အကျခံကာ မန်းရွှေစက်တော် ဗုဒ္ဓပူဇနိယပွဲတော်အမီ ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း ဂေါပကအဖွဲ့မှ သိရသည်။

စက္ကိန်းတဲစေတီတော်ရှိ ဗုဒ္ဓခြေတော်ရာတောင်ကုန်းအတက်အဆင်းလှေကားချဲ့ထွင်တည်ဆောက်မှုအတွက် ငွေကျပ် ၂၅၄၉၈၈၀၊ ခြေတော်ရာဂန္ဓကုဋိတိုက်ကြွေပြားခင်းခြင်းနှင့် သစ်သားတံကဲများတပ်ဆင်ခြင်း၊ ခြေတော်ရာရောင်တော်ဖွင့်ခြင်း၊ ခြေတော်ရာဂန္ဓကုဋိတိုက်နှင့်တစ်ဆက်တည်း မြရောင်ခြည်၊ စိန်ရောင်ခြည် စေတီတော်ရင်ပြင်တိုးချဲ့ခြင်းတို့အတွက် ငွေကျပ်သိန်း ၁၇၀ ကျော် အကုန်အကျခံကာ ပြုပြင်ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

စက္ကိန်းတဲစေတီတော်ပေါ်တွင် ရွှေသင်္ကန်းကပ်လှူပူဇော်ရန် ဗုဒ္ဓရုပ်ပွားဆင်းတုတော် မရှိခဲ့သည်မှာ နှစ်ပေါင်းများစွာရှိနေကြောင်း၊ ရွှေသင်္ကန်းကပ်လှူပူဇော်လိုသည့် ဘုရားဖူးများ၏ မေးမြန်းမှုကြောင့် စေတီတော်ဂေါပကအဖွဲ့နာယကဆရာတော်ကြီးများနှင့် တိုင်ပင်ဆွေးနွေးကာ ဘုရားဖူးပြည်သူများ ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေးအတွက် ခြေတော်ရာဂန္ဓကုဋိတိုက်ကို ရွှေသင်္ကန်းကပ်လှူနိုင်ရေးအတွက်ဆောင်ရွက်လျက်ရှိကြောင်း ဂေါပကအဖွဲ့မှသိရသည်။



# ပုသိမ်ကြီးမြို့ရှိ ရှေးဟောင်းဘုရားသုံးဆူကို ဗန်းမော်ဆရာတော်ကြီး ဖူးမြော်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသသည် ဇန်နဝါရီ ၂၄ ရက်နေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်းရှိ သမိုင်းဝင်ရှေးဟောင်းဘုရားသုံးဆူဖြစ်သော ဓမ္မစကြာဗိမာန်ကျောင်းတိုက်အတွင်းရှိ ချမ်းသာလှစေတီ၊ ညောင်ပင်သာကျေးရွာရှိ ချမ်းသာရစေတီနှင့်ရေထွက်ကျေးရွာ တောင်ပုလုတောင်ပေါ်ရှိ ချမ်းသာမြစေတီတော်များသို့ ကြွရောက်ဖူးမြော်ခဲ့ကြောင်း သိရသည်။

ဗန်းမော်ဆရာတော်ကြီး ဖူးမြော်ရာသို့ ပုသိမ်ကြီးမြို့နယ် သာသနာရေးဦးစီးမှူး ဦးကိုကိုကြီး၊ မြို့နယ်ဒုတိယရဲတပ်ဖွဲ့မှူး ဒုရဲမှူးဇင်မင်းကို၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ ချမ်းသာလှဘုရားဂေါပကအဖွဲ့များ၊ ဒေသ ပရိသတ်များက ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဝတ္ထုငွေများကပ်လှူပူဇော်ကြကြောင်း သိရသည်။ အဆိုပါ ရှေးဟောင်းသမိုင်းဝင် စေတီတော်သုံးဆူမှာ ကုန်းဘောင်ခေတ်မတိုင်မီ ထွက်ရပ်ပေါက်ဆရာတော်ကြီးဖြစ်သော ရွှေကျောင်းခင်ကြီးက ညတွင်းချင်း တစ်ပြိုင် နက်တည်း တည်ထားခဲ့သည့်စေတီ တော်ဖြစ်ကြောင်း ဒေသခံများက မှတ် သားထားကြသည်။

# သီပေါမြို့ရှိ နန်းဦးစေတီဘုရားကျောင်းတိုက်ကို ပရိယတ္တိစာသင်တိုက်အဖြစ် ဖွင့်လှစ်



ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဇာတ်စုနန်းဦးစေတီဘုရားကျောင်းတိုက် ကျောင်းထိုင်ဆရာတော်နှင့်စာချဆရာတော်များ တင်မြှောက်ခြင်းနှင့် ကျောင်းတိုက်ကို ဂရုဘဏ်၊ လဟုဘဏ်အပ်နှင်းခြင်းအလှူတော်မင်္ဂလာ အခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီတွင်အဆိုပါကျောင်းတိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သီပေါမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တမိလိန္ဒဆရာတော် အမှူးပြုသော တင်မြှောက်ခြင်းခံရသည့် နန်းဦးစေတီ ပဓာနနာယကဆရာတော်နှင့် စာချဆရာတော်များကို ကျောင်းတိုက်အဝင်ဝမုခ်ဦး၌ ခရီးဦးကြိုပင့်ဆောင်တော်မူခဲ့ကြသည်။

ဆက်လက်၍ နန်းဦးဓမ္မာရုံ၌ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌအရှင်သူမြတ်က ပဓာနနာယကကျောင်းထိုင်ဆရာတော်နှင့်စာချဆရာတော်များ တင်မြှောက်ခြင်းနှင့် ပတ်သက်၍ ဩဝါဒကထာ မြွက်ကြားတော်မူခဲ့သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်ဇေယျ၊ မြို့နယ်သာသနာရေးမှူး၊ မြို့နယ်ဥပဇ္ဈာယ်နာယကအဖွဲ့ဥက္ကဋ္ဌနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌဦးစိုင်းချစ်လှိုင်တို့က နန်းဦးစေတီဘုရားကျောင်းတော်ကို တရားဝင် ပရိယတ္တိစာသင်တိုက်ကြီးနှင့် မြို့နယ်၏တရားဝင်ကျောင်းတိုက်ဖြစ်ခြင်းတို့အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း လျှောက်ထားပြီးလှူဒါန်းမှုစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြကြောင်း သိရသည်။

# ရွှေစက်တော်ဘုရားရှိ တည်းခိုဆောင်များ သတ်မှတ် ဈေးနှုန်းထက် ပိုမိုရယူပါက အရေးယူမည်



ရွှေစက်တော်ဘုရားပွဲတော်ကာလတွင် တည်းခိုဆောင်ခများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုတောင်းခံပါက အရေးယူသွားမည်ဖြစ်ကြောင်း ရွှေစက်တော်ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိန်းက ပြောကြားသည်။

ရွှေစက်တော်ဘုရားပွဲတော် ကို နှစ်လကျော်မျှ ကျင်းပမည်ဖြစ်ရာ ယင်းဘုရားပွဲတော်မှာ ဖေဖော်ဝါရီ ၉ ရက်နေ့မှစတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ လွန်ခဲ့သည့်နှစ်များအတွင်းက ရွှေစက်တော်ဘုရားပွဲတော်ကာလ အခါကြီး ရက်ကြီးနှင့် ဥပုသ်နေ့များတွင် ဘုရားဖူးဦးရေ များပြားသည့်နေ့များ၌ တည်းခိုဆောင်ဌားရမ်းခများမှာ တစ်ရက်လျှင် ကျပ် ရှစ်သောင်းမှ တစ်သိန်းကျော်အထိမြင့်တက်ခဲ့သည်ဟုဆိုသည်။

ယခုနှစ်တွင် ရွှေစက်တော်ဘုရားပွဲတော်သို့ ဘုရားဖူးလာရောက်သူများ တည်းခိုဆောင်ဌားရမ်းရာတွင် စိတ်အနှောင့်အယှက်မဖြစ်စေရေးအတွက် မန်းချောင်းရေစပ်တည်းခိုဆောင်များတွင် တစ်ရက်လျှင် ကျပ်သုံးသောင်းနှုန်းသတ်မှတ်ထားပြီး မန်းချောင်းရေစပ်မဟုတ်သည့်နေရာများ၌ တစ်ရက်လျှင်ကျပ် နှစ်သောင်းနှုန်း သတ်မှတ်ပေးထားကြောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌမှပြောကြားသည်။

ထို့ကြောင့်ဘုရားဖူးခရီးသည်များအနေဖြင့် တည်းခိုဆောင်ဌားရမ်းခကို သတ်မှတ်ဈေးနှုန်းထက်ပို၍မပေးရန်နှင့် တည်းခိုဆောင်ဌားရမ်းခပိုမိုတောင်းခံလာမှုရှိပါက ဂေါပကအဖွဲ့ထံသို့တိုင်ကြားရန် မေတ္တာရပ်ခံထားသည်ဟု ဂေါပကအဖွဲ့ဥက္ကဋ္ဌဦးအောင်သိန်းက ပြောကြားသည်။ ယခုနှစ်တည်းခိုဆောင်ငှားရမ်းခနှုန်းထားများကို ဘုရားဖူးများ သိရှိစေရေးအတွက် ရုပ်သံမီဒီယာများအပါအဝင် မီဒီယာများမှတစ်ဆင့်အသိပေးမည်ဖြစ်သကဲ့သို့ ဘုရားဖူးများအနေဖြင့် ပူးပေါင်းပါဝင်ရန်နှင့် စည်းကမ်းဖောက်ဖျက်သူများကို စုံစမ်းဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေစက်တော်ဘုရားဖူးရာတွင် ဘုရားဖူးခရီးသည်များ များပြားလွန်းသည့်နေ့များတွင် ဘုရားဖူးများအနေဖြင့် တည်းခိုဆောင်မရရှိမည်ကို စိုးရိမ်သဖြင့် တည်းခိုဆောင်ဌားရမ်းသူများတောင်းခံသည့်ဈေးနှုန်းအတိုင်း ပေးခဲ့ကြကြောင်း၊ တည်းခိုဆောင်ဌားရမ်းသူများမှာ ၎င်းတို့အချင်းချင်း လက်ဝါးချင်းရိုက်ပြီး ပြုလုပ်သဖြင့် တည်းခိုဆောင်ဈေးနှုန်းထိန်းချုပ်နိုင်ရေးမှာအခက်အခဲများစွာနှင့်ရင်ဆိုင်နေရသည်ဟု မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက တည်းခိုဆောင်များနှင့်ပတ်သက်သည့် အခက်အခဲများကို ပြောကြားခဲ့ဖူးကြောင်း သိရသည်။

www.free4readers.com



# နယ်မြေလုတိုက်ပွဲများ ဖြစ်ပွားနေသည့် လက်နက်ကိုင်အဖွဲ့များ ဖေဖော်ဝါရီ ၁၂ ရက်နေ့ နောက်ဆုံးထားပြီးဆုတ်ခွာရန် တပ်မတော်သတိပေးချက်ထုတ်ပြန်

**ဒေသခံပြည်သူလူထု၏ အကျိုးစီးပွားနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိခိုက်စေသည့်လုပ်ရပ်များလုပ်ဆောင်မှုမပြုရန်နှင့် နယ်မြေကျော် လှုပ်ရှားပြီး နယ်မြေလုတိုက်ပွဲများ ဖြစ်ပွားနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့နောက်ဆုံးထားပြီး ဆုတ်ခွာကြရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဇန်နဝါရီ ၂၅ ရက်နေ့တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။**







တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က "ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်အပေါ် သတိပေးသတင်းထုတ်ပြန်ခြင်း"ဟူသော ခေါင်းစဉ်ဖြင့် သတင်းထုတ်ပြန်ရာတွင် ယင်းကဲ့သို့ ထည့်သွင်းဖော်ပြထားသည်။ သတင်းထုတ်ပြန်ချက်၌ တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုရှိစဉ်ကာလအတွင်း ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များကို စိတ်အေးချမ်းသာစွာအဆင့်ဆင့်ညှိနှိုင်းဆွေးနွေးရေးနှင့် ဒေသတွင်းတိုင်းရင်းသားပြည်သူများအနေဖြင့်လည်း တည်ငြိမ်အေးချမ်းစွာ လုပ်ကိုင်နေထိုင်ရေးရည်ရွယ်လျက်တစ်ဖက်သတ်အပစ်အခတ်ရပ်စဲရေးကို ထုတ်ပြန်ကြေညာခဲ့သော်လည်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးပြီးနှင့် ရေးထိုးနိုင်ရေးဆွေးနွေးလျက်ရှိသည့် တိုင်းရင်းသားလက်နက်အဖွဲ့တချို့အနေဖြင့် တပ်မတော်စစ်ကြောင်းများကို ချောင်းမြောင်းပစ်ခတ်ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအချင်းချင်းရန်လိုတိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများအား နှိပ်စက်ခြင်း၊ သတ်မှတ်နယ်မြေကျော်လွန်လှုပ်ရှားခြင်း၊ ဆက်ကြေးကောက်ခံခြင်းနှင့် လူသစ်စုဆောင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်ဟု ယင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ယင်းတို့မှာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေရှိ မိုးညှင်း၊ တနိုင်းနယ်မြေအတွင်း KIA အဖွဲ့မှလူသစ်စုဆောင်းခြင်းလေးကြိမ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေရှိ သီပေါ၊ နမ့်ဆန်၊ နမ့်လန်-နောင်ကော်ကြီးနှင့်နမ္မတူနယ်မြေအတွင်း RCSS/SSAအဖွဲ့နှင့် TNLAနှင့် SSA (ဝမ်ဟိုင်း)ပူးပေါင်းအဖွဲ့တို့မှ အချင်းချင်းတိုက်ပွဲများဖြစ်ပွားမှု ၁၀ ကြိမ်ရှိခဲ့ပြီး နယ်မြေကျော်လွန်လှုပ်ရှားမှုများအနေဖြင့် ကွတ်ခိုင်၊ နမ့်ဖတ်ကာနယ်မြေအတွင်း KIAအဖွဲ့မှ ၁၀ ကြိမ်၊ နမ့်ဆန်၊ နမ္မတူ၊ နမ့်ဖတ် ကာ၊ မိုင်းငေါ့၊ ကျောက်မဲ၊ မုန်းပိုးဒေသ တို့တွင် TNLAအဖွဲ့မှ ၆၅ ကြိမ်၊ ကွမ်းလုံနှင့် နမ့်စလပ်ဒေသတွင်း MNDAA အဖွဲ့မှ သုံးကြိမ်၊ နောင်ကော်ကြီး၊ ကျောက်မဲနှင့် မုန်းစီးဒေသတို့တွင် SSA(ဝမ်ဟိုင်း)အဖွဲ့မှ ၃၄ ကြိမ်၊ သီပေါ၊ ကျောက်မဲနှင့် နမ္မတူဒေသတို့တွင် RCSS/SSAအဖွဲ့မှ ၁၇ ကြိမ်၊ မုန်းယော်နှင့် ကွမ်းလုံဒေသတို့တွင် MNDAAနှင့် TNLAပူးပေါင်းအဖွဲ့မှ ၁၀ ကြိမ်၊ နမ့်ဆန်၊ နမ္မတူနှင့် မုံးရင်ဒေသတို့တွင် TNLA နှင့် SSA (ဝမ်ဟိုင်း)ပူးပေါင်းအဖွဲ့မှ ခုနစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း၊ ဆက်ကြေးကောက်ခံမှုများအနေဖြင့် ကျောက်မဲမြို့နယ် ဟူးစွန်ကျေးရွာ၊ သီပေါမြို့နယ် မန်ကျန်းကျေးရွာနှင့် နမ္မတူမြို့နယ် ပန်ကွန်ကျေးရွာတို့တွင် RCSS/SSA အဖွဲ့မှ သုံးကြိမ်၊ လူသစ်စုဆောင်းမှုအနေဖြင့် နမ့်ခမ်းမြို့နယ် စိုင်းနောင်ကျေးရွာ၊ တာကွန့်ကျေးရွာတို့တွင် TNLA အဖွဲ့မှနှစ်ကြိမ်၊ ကွမ်းလုံမြို့နယ် ပန်ဟုန်း၊ တာရှောက်တီး၊ ဖတ်တူကျေးရွာ၊ မန်ပန်ကျေးရွာတို့၌ MNDAA အဖွဲ့မှ ခုနစ်ကြိမ်၊ နားမခေါ်ကျေးရွာတွင် SSA(ဝမ်ဟိုင်း)အဖွဲ့မှတစ်ကြိမ်၊ နမ္မတူမြို့နယ် မန်စံကျေးရွာတွင် RCSS/SSA အဖွဲ့မှတစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း တပ်မတော်မှ သတင်းထုတ်ပြန်ထားသည်။

ထို့အပြင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် အချင်းချင်းတိုက်ပွဲဖြစ်ပွားမှု ကဒူးကြီးဒေသ၌ RCSS/SSA နှင့် PNLO အဖွဲ့တစ်ကြိမ်၊ နယ်မြေကျော်လွန်လှုပ်ရှားမှုအနေဖြင့် ဟိုပုံးမြို့နယ် မိုင်းပျဉ်းဒေသတွင် RCSS/SSAအဖွဲ့မှတစ်ကြိမ်၊ လူသစ်စုဆောင်းမှုအနေဖြင့် အင်တော-ကျောက်ဂူဒေသတွင် RCSS/SSA အဖွဲ့မှ တစ်ကြိမ် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် အချင်းချင်းတိုက်ပွဲဖြစ်ပွားမှုအနေဖြင့် ပန်ပိ၊ ပန်တာဝိဒေသတွင် RCSS/SSA နှင့် SSA(ဝမ်ဟိုင်း)အဖွဲ့မှတစ်ကြိမ်၊ နယ်မြေကျော်လွန်လှုပ်ရှားမှုအနေဖြင့် တုံလော၊ ပန်ပိ၊ ပန်တာဝိ၊ မိုင်ပွန်တောင်ခြမ်း၊ မိုးနဲအနောက်ခြမ်းဒေသများတွင် RCSS/SSAမှ ၁၃ ကြိမ်၊ တပ်မောက်၊ နောင်လျှော်ဒေသတွင် SSA(ဝမ်ဟိုင်း)အဖွဲ့မှ တစ်ကြိမ်၊ ဆက်ကြေးကောက်ခံမှုအနေဖြင့် မိုးနဲ အနောက်ခြမ်းဒေသတွင် RCSS/SSAအဖွဲ့မှနှစ်ကြိမ်၊ မိုင်းရှူးဒေသတွင် SSA(ဝမ်ဟိုင်း)အဖွဲ့မှတစ်ကြိမ်၊ တပ်မတော်အားချောင်းမြောင်းပစ်ခတ်မှု ပန်ပိ၊ ပန်တာဝိဒေသတွင် RCSS/SSA အဖွဲ့မှတစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း ပါရှိသည်။

ဆက်လက်၍ တြိဂံ ဒေသတိုင်းစစ်ဌာနချုပ်နယ်မြေတွင် နယ်မြေကျော်လွန် လှုပ်ရှားမှုအနေဖြင့် တုံတ၊ မိုင်းတုံ၊ မိုင်းပုနယ်မြေတို့တွင် RCSS/SSA အဖွဲ့မှ ခုနစ်ကြိမ်၊ လူသစ်စုဆောင်းမှုအနေဖြင့် မိုင်းတုံမြို့နယ် နားကောင်းမူကျေးရွာတွင် RCSS/SSAအဖွဲ့မှ တစ်ကြိမ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေ လှိုင်းဘွဲ့နယ်မြေအတွင်း KNU အဖွဲ့မှ ဆက်ကြေးကောက်ခံမှုတစ်ကြိမ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နယ်မြေရှိ မြိတ်ဒေသအတွင်း KNU အဖွဲ့မှ ဆက်ကြေးကောက်ခံမှုတစ်ကြိမ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် တပ်မတော်ကို ချောင်းမြောင်းပစ်ခတ်မှု ဖျက္ကောပု- ယွန်းစလင်းလမ်း၊ ဘော်စဲခို-လွယ်မူပလောလမ်းတွင် KNU တပ်မဟာ(၅) အဖွဲ့မှ ကိုးကြိမ်၊ ကားမိုင်းဖြစ်စဉ်ဖြစ်ပွားမှု ဖျက္ကော၊ ယွန်းစလင်းဒေသတွင် KNU တပ်မဟာ(၅)အဖွဲ့မှနှစ်ကြိမ် ဖြစ်ပွားခဲ့ကြောင်း တပ်မတော်မှသတင်းထုတ်ပြန်ထားသည်။

ထို့ကြောင့် တပ်မတော်မှ အပစ်အခတ်ရပ်စဲထားသော ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်နေ့မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၄ ရက်နေ့အထိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် အချင်းချင်းတိုက်ပွဲဖြစ်ပွားမှု ၁၃ ကြိမ်၊ နယ်မြေကျော်လွန်လှုပ်ရှားမှု ၁၆၈ ကြိမ်၊ ဆက်ကြေး ကောက်ခံမှု ၁၀ ကြိမ်၊ လူသစ်စုဆောင်းမှု အကြိမ် ၂၀၊ တပ်မတော်ကို ချောင်းမြောင်းပစ်ခတ်မှု ၁၀ မှုနှင့် ကားမိုင်းဖြစ်စဉ်ဖြစ်ပွားမှု နှစ်ကြိမ် ဖြစ်ပေါ်ခဲ့ပြီး "ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်"ပါ အပိုဒ်(၅) (၆)နှင့် (၇)တို့ကို အကြိမ်ကြိမ်ဖောက်ဖျက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။ **တပ်မတော်မှ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားသော တစ်လကျော်ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို သဘောထား မှန်ကန်စွာဖြင့် အဆင့်လိုက်အမြန်ဆုံးဆွေးနွေးဆောင်ရွက်မှု ပြုလုပ်သင့်သော်လည်း အင်အားတည်ဆောက်ခြင်း၊ နယ်မြေတည်ဆောက်ခြင်းတို့ကို ဦးတည်သည့် လုပ်ဆောင်မှုများကြောင့် ဒေသခံပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်အကျိုးစီးပွားများကို ထိခိုက်ခဲ့ရပြီး စစ်ဘေးရှောင် ဒုက္ခသည်များပိုမိုများပြားလာခြင်း၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကို ထိခိုက်လာခြင်း၊ ပြည်သူများလိုလား တောင့်တလျက်ရှိသည့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထိခိုက်စေခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း တွေ့ရှိရသည်။**

ဒေသခံ ပြည်သူလူထု၏ အကျိုးစီးပွားနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိခိုက်စေသည့်လုပ်ရပ်များမပြုလုပ်ရန်နှင့် နယ်မြေကျော်လွန်လှုပ်ရှား ပြီး နယ်မြေလုတိုက်ပွဲများ ဖြစ်ပွားနေကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အသီးသီးတို့သည် ကတိကဝတ်ပါ သတ်မှတ်နယ်မြေအတွင်းသို့ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့ နောက်ဆုံးထားပြီး ဆုတ်ခွာကြရန် သတိပေးထားကြောင်းနှင့်တပ်မတော်၏ "ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်"ပါအတိုင်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနနှင့်သော်လည်းကောင်း၊ တပ်မတော်၏ညှိနှိုင်းဆွေးနွေးရေးအဖွဲ့နှင့်သော်လည်းကောင်း၊ ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆွေးနွေးခြင်းများကို အမြန်ဆုံး ပြုလုပ်သွားရန် တိုက်တွန်းပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်ဟု ဖော်ပြထားသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက နိုင်ငံအတွင်း ရေရှည်တည်တံ့ခိုင်မြဲသော ထာဝရငြိမ်းချမ်းရေးရရှိစေရန်ရည်ရွယ်၍ "ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်"ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ယင်းကြေညာချက်တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းအတွက် ဆွေးနွေးညှိနှိုင်းရန် တိုင်းစစ်ဌာနချုပ်နယ်မြေငါးခု၌ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်နေ့မှ ၂၀၁၉ ခုနှစ် ဧပြီ ၃၀ ရက်အထိ စစ်ရေးဆိုင်ရာလှုပ်ရှားမှုအားလုံးကို ရပ်ဆိုင်းပေးခဲ့ကြောင်းလည်း ထုတ်ပြန်ထားသည်ဟု သိရသည်။





တစ်နိုင်ငံလုံးပစ်ခတ်တိုက် ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးပြီးနှင့် ရေးထိုးနိုင်ရေးဆွေးနွေးလျက်ရှိသည့် တိုင်းရင်းသားလက်နက်အဖွဲ့တချို့အနေဖြင့် တပ်မတော်စစ်ကြောင်းများကို ချောင်းမြောင်းပစ်ခတ်ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချင်းချင်းရန်လိုတိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများအားနှိပ်စက်ခြင်း၊ သတ်မှတ်နယ်မြေကျော်လွန်လှုပ်ရှားခြင်း၊ ဆက်ကြေးကောက်ခံခြင်းနှင့် လူသစ်စုဆောင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်ဟု ယင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

www.free4readers.com



# NLD ပါတီကို တစ်ချိန်က တိုက်ခိုက်ဖူးသူများမှာ ယခုအခါ ပါတီ၏အရေးပါသောနေရာအချို့တွင် ရောက်ရှိနေသဖြင့် ဗဟိုဦးစီးစနစ်ကို ကျင့်သုံးရသည်ဟု ဒေါက်တာမျိုးညွန့် ပြောကြား



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီကို တစ်ချိန်က တိုက်ခိုက်ပုတ်ခတ်ဖူးသူများမှာ လက်ရှိတွင်ပါတီ၏ အရေးပါသောနေရာအချို့တွင် ရောက်ရှိနေသည့်အတွက် ဗဟိုဦးစီးစနစ်ကို အထိုက်အလျောက်ကျင့်သုံးနေရကြောင်း ဒီချုပ်ပါတီမှ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာမျိုးညွန့်က ပြောကြားသည်။

**NLD ပါတီသို့ နိုင်ငံသားအားလုံးကို ဝင်ရောက်ခွင့်ပေးလိုက်သည့်အတွက် တစ်ချိန်က နိုင်ငံရေးဆောင်ရွက်ချက်အရ ဒီချုပ်ပါတီကိုတိုက်ခိုက်ပုတ်ခတ်ဖူးသူများမှာ ပါတီ၏အရေးပါသောနေရာအချို့သို့ ရောက်ရှိနေကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် သတိထားကာ စိစစ်မှုများပြုလုပ်နေကြောင်း၊ လက်ရှိတွင် မိမိတို့ပါတီအနေဖြင့်ဗဟိုမှ ချုပ်ကိုင်သည့်စနစ်ကို ထိုက်သင့်သလောက်ဆောင်ရွက်ရဦးမည်ဖြစ်ကြောင်း ဒေါက်တာမျိုးညွန့်က ပြောကြားသည်။**

လက်ရှိအချိန်တွင် ဒီချုပ်ပါတီအနေဖြင့် ဗဟိုဦးစီးစနစ်ကို ကျင့်သုံးနေသော်လည်း ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပြီးပါက ဒီချုပ်ပါတီတွင် ဗဟိုမှထိန်းချုပ်သည့်စနစ်ရှိတော့မည်မဟုတ်ကြောင်း ၎င်းက ပြောသည်။ NLDပါတီတွင် ဗဟိုဦးစီးစနစ်ကျင့်သုံးမှုလွန်ကဲနေကြောင်း သုံးသပ်မှုများရှိနေသည်ဟု မကြာခဏ ဝေဖန်ခံနေရကြောင်း၊ ယင်းကဲ့သို့ ဝေဖန်မှုများနှင့်ပတ်သက်၍ ဒေါက်တာမျိုးညွန့်က ပြန်လည်ရှင်းလင်း ပြောကြားခဲ့ပြီး လက်ရှိတွင် ဒီမိုကရေစီမှာ နုနယ်သေးသဖြင့် ဗဟိုမှအထိုက်အလျောက် ထိန်းချုပ်နေရကြောင်း ၎င်းက ပြောသည်။

၂၀၀၈ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ရေးမှာ NLDပါတီအာဏာမရမီကတည်းကပင် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး လက်ရှိအချိန်အထိလည်း ၂၀၀၈ဖွဲ့စည်းပုံပြင်ဆင်ရေးမှာ ထူးခြားမှုမရှိသေးကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်ရန် အမြဲတမ်းကြိုးပမ်းနေကြောင်း၊ ၎င်းတို့ဆောင်ရွက်သမျှကို ပြည်သူများထံသို့ ချပြမည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၀ ရက်နေ့၌ ချင်းပြည်နယ် ဟားခါးမြို့တွင် ဒေသခံပြည်သူလူထုနှင့်တွေ့ဆုံစဉ် ဒေါ်အောင်ဆန်းစုကြည်ကပြောကြားခဲ့ဟုသိရသည်။



## အစ်မဖြစ်သူကို စိတ်ဆိုးပြီး အိမ်ကိုမီးရှို့ အိမ်သုံးလုံး မီးလောင်ဆုံးရှုံး

ရောဝတီတိုင်းဒေသကြီး ဘိုကလေးမြို့အမှတ်(၇)ရပ်ကွက် ၁၂ လမ်းတွင် ဇန်နဝါရီ ၂၆ ရက် နံနက် ၁၁ နာရီခွဲခန့်၌ အစ်မဖြစ်သူကို စိတ်ဆိုးပြီး နေအိမ်ကို မီးရှို့ရာမှ နေအိမ်သုံးလုံးမီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ဖြစ်စဉ်မှာ ဟိန်းထက်အောင်(ခ)မိုးညွှန်းသူ(ခ)ကျန်ကျောင်းသည် အစ်မဖြစ်သူကို စိတ်ဆိုးကာ ဂက်စ်မီးခြစ်ဖြင့် ဇာခြင်ထောင်ကို မီးရှို့ရာမှ ၎င်းတို့နေထိုင်သော အလျားပေ ၃၀၊ အနံ ပေ ၆၀ ရှိ ပျဉ်ခင်း ပျဉ်ကာ၊ သွပ်မိုး နေအိမ်၊ အလျား ၁၀ ပေ၊ အနံပေ ၅၀ ရှိ ပျဉ်ခင်း သွပ်မိုး၊ ဝါးထရံကာ ဦးလှထွေး၏နေအိမ်နှင့် အလျား ၁၅ ပေ၊ အနံပေ ၃၀ ရှိသော ပျဉ်ခင်း ပျဉ်ကာ၊ သွပ်မိုးနေအိမ် သုံးလုံးတို့မှာ မီးလောင်ဆုံးရှုံးခဲ့ကြောင်း ဘိုကလေးမြို့နယ် ရဲစခန်း၏ ရဲမှတ်တမ်းများအရသိရသည်။**

ယင်းမီးလောင်ရာသို့ ဘိုကလေးမြို့မှ ရဲစခန်းမှ ဒုရဲမှူးကျော်မျိုးထက်နှင့်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးပြည်စိုးထွဋ်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်ဒေသခံပြည်သူတို့စုပေါင်းကာ မီးငြိမ်းသတ်ခဲ့သဖြင့် ယင်းနေ့ မွန်းတည့် ၁၂ နာရီခန့်တွင် မီးကိုငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ မိမိ၏နေအိမ်ကို မီးရှို့ခဲ့သော ဟိန်းထက်အောင်(ခ)မိုးညွှန်းသူ(ခ)ကျန်ကျောင်းကို ဘိုကလေးမြို့မ ရဲစခန်းက (ပ)၁၆/၂၀၁၉၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၃၆ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

## ညောင်တုန်းမြို့နယ်တွင် မြစ်ရေတိုက်စားသဖြင့် နေအိမ် ၁၆ လုံး ပြောင်းရွှေ့ခဲ့ရ

ရောဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကျေးရွာအုပ်စုတွင် ပန်းလှိုင်မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျကာ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးရပြီး ယခုအခါ နေအိမ် ၁၆ လုံး ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း ညောင်တုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ယင်းသို့ ကမ်းပါးပြိုကျမှုကြောင့် ဇန်နဝါရီ ၁၄ ရက်မှ ၂၂ ရက်နေ့အထိ နေအိမ် ၁၆ လုံးပြောင်းရွှေ့ခဲ့ရပြီး နေအိမ်တစ်လုံးပြိုကျခဲ့ကြောင်း၊ သို့ဖြစ်၍ ဘေးသင့်ပြည်သူများကို ထောက်ပံ့ကူညီပေးထားကြောင်း သိရသည်။ **ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကျေးရွာအုပ်စု ကမ်းစပ်ဒေသများတွင် ပန်းလှိုင်မြစ်ရေတိုက်စားခဲ့ပြီး နေအိမ်ပြောင်းရွှေ့ရသူများကို အချိန်နှင့် တစ်ပြေးညီထောက်ပံ့ပေးထားကာ ထပ်မံပြောင်းရွှေ့နေသူများကိုလည်း ဆက်လက်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။** ကမ်းပါးပြိုကျမှုများကို ဇန်နဝါရီ ၁၇ ရက်နေ့တွင် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က လာရောက်ကြည့်ရှုခဲ့ပြီး ပြောင်းရွှေ့ခဲ့ရသည့်ဒေသခံများအတွက် အစိုးရအနေဖြင့် မြေ ၂ဧကခန့် ဝယ်ယူကာအကွက်ရိုက်ပြီး အိမ်များဆောက်ရန်စီစဉ်ပေးခဲ့ကြောင်း သိရသည်။

# စက်သုံးဆီဆိုင်များကို အနည်းဆုံးဈေးနှုန်းဖြင့် နေရာချထားပေးခြင်းမှာ စက်သုံးဆီဈေး သက်သာစေလို၍ဖြစ်သည်ဟုဆို

အစိုးရအဖွဲ့အနေဖြင့် စက်သုံးဆီများကို အနည်းဆုံးဈေးနှုန်းဖြင့် နေရာချထားပေးခြင်းမှာ စက်သုံးဆီဈေးနှုန်းသက်သာစေလို၍ဖြစ်ကြောင်း ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စက်သုံးဆီဈေးနှုန်းများကို ကျဆင်းအောင်လုပ်ဆောင်နေသည့်အပေါ် ကြိုက်နှစ်သက်သူများရှိသကဲ့သို့ မကြိုက်သူများလည်းရှိနိုင်ကြောင်း၊ စက်သုံးဆီဆိုင်များအနေဖြင့် သင့်တင့်မျှတသော အကျိုးအမြတ်ကိုသာ ရယူရန် ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

**ရန်ကုန်မြို့ MICT Park တွင် ဇန်နဝါရီ ၂၆ ရက်နေ့က ကျင်းပခဲ့သော ဘားကမ့် ရန်ကုန်တွင် ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ယင်းကဲ့သို့ ပြောကြားခဲ့သည်။ ဝန်ကြီးချုပ်က စက်သုံးဆီဈေးနှုန်းများကျဆင်းပါက အကျိုးအမြတ်နည်းသွားကြောင်း၊ စက်သုံးဆီဆိုင်နေရာများ ရယူထားပြီး အကျိုးအမြတ်ကို လက်ကုန်နှိုက်ယူမည်ဆိုပါက မဖြစ်သင့်ကြောင်း၊ စက်သုံးဆီဈေးနှုန်းများ မြင့်တက်သည်နှင့်အမျှ ကုန်ဈေးနှုန်းများလည်း လိုက်ပါမြင့်တက်ခြင်းကြောင့် စက်သုံးဆီဈေးနှုန်းများကျဆင်းစေလိုကြောင်း ဦးဖြိုးမင်းသိန်းက ပြောကြားသည်။**



ရန်ကုန်မြို့ရှိ လမ်းမများတွင် ရှုပ်ထွေးနေသည့် ဆက်သွယ်ရေးကြိုးလိုင်းများ၊ လူသွားလမ်းများပေါ်၌ ကားရပ်နားမှုများအပါအဝင် စက်သုံးဆီဈေးနှုန်းများ လျှော့နည်းရေးကို ပြုပြင်ပြောင်းလဲရာ၌ ၎င်းတို့၏အကျိုးစီးပွားနှင့် ထိခိုက်နေခြင်းကြောင့် မိမိကို လူအများက ပြစ်မှုကျူးလွန်သူဟု ယူဆနေကြောင်း ဦးဖြိုးမင်းသိန်းက ပြောကြားသည်။ အဆိုပါ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများတွင် မိမိမှာ အကြီးအကဲဖြစ်ခြင်းကြောင့် အများဆုံး ဝေဖန်ခံနေရသည်ဟု ၎င်းက ပြောသည်။

ပြည်တွင်းစက်သုံးဆီဈေးနှုန်းများမှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် စက်သုံးဆီရောင်းဝယ်ရေးသမိုင်းတစ်လျှောက်၌ အမြင့်ဆုံးဈေးနှုန်းသို့ ရောက်ရှိခဲ့ပြီး အဆိုပါအောက်တိုဘာလကုန်ပိုင်းမှစကာ စက်သုံးဆီဈေးနှုန်းများ ဆက်တိုက်ကျဆင်းလာခဲ့ကြောင်း သိရသည်။ ၂၀၁၈ ခုနှစ်အောက်တိုဘာလလယ်ပိုင်းတွင် 92 တစ်လီတာလျှင် ၁၀၆၅ ကျပ်၊ အောက်တိန်း 95တစ်လီတာလျှင် ၁၁၁၅ကျပ်အထိ ရောက်ရှိခဲ့ကြောင်း သိရသည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၆ ရက်နေ့တွင် ရန်ကုန်မြို့၌ ပရီမီယံဒီဇယ်တစ်လီတာလျှင် ၇၉၅ကျပ်၊ အောက်တိန်း 95 တစ်လီတာလျှင် ၆၉၅ကျပ်ဈေးရှိသည်။


**TRADE MARK CAUTION**

**Shantou Lung Xing Textile Machines Accessories Company.**, a company incorporated in **China** and having its office at No.111-115, Qianglao Section, Siying Road, Liangying Town, Chaonan District, Shantou City, Guangdong Province, China, is the Owner and Sole Proprietor of the following Trade Mark:-

KNITEX

**Reg.No.IV/ 13840 /2018**

Used in respect of "**Class 26**: 1. Needle-threader; 2. Knitting needles; 3. Needles; 4. Sewing needles; 5. Darning needles; 6. Sewing thimbles; 7. Crochet hooks; 8. Pin cushions; 9. Needle cases; 10. Needles cushion".

Any fraudulent imitation or unauthorized use of the said Trade Mark or other infringements whatsoever will be dealt with according to law.

**Khine Khine U, Advocate**
**LL.B, D.B.L, LL.M (UK)**
For **Shantou Lung Xing Textile Machines Accessories Company.**
#205/5, Thirimingalar Housing, Strand Rd., Yangon.
**Dated. January 29, 2019**

# PHOTO NEWS






## တရုတ်သိပ္ပံပညာရှင်တွေဖန်တီးတဲ့ ကလုန်းမျောက်ငယ် ၅ ကောင်

တရုတ်နိုင်ငံ Chinese Academy of Sciences က တရုတ်ပညာရှင်တွေ ဖန်တီးထားတဲ့ ကလုန်းမျောက်ငယ် ၅ ကောင်ရဲ့ပုံကို ဖော်ပြထားပါတယ်။ အသက်ငယ်ရွယ်တဲ့ မျောက်ထီးတစ်ကောင်ရဲ့ ဖိုင်ဘရိုဘလပ်ဆဲတွေကို အသုံးပြုပြီးတော့ သူနဲ့တစ်ထေရာတည်းတူတဲ့ ကိုယ်ပွား ၅ ကောင် ပြုလုပ်ယူခဲ့တာပါ။

သူတို့ကို ဆေးပညာဆိုင်ရာ သုတေသနစမ်းသပ်မှုတွေမှာ အသုံးပြုဖို့ရည်ရွယ်ချက်နဲ့ ထုတ်လုပ်ခဲ့တာဖြစ်ပါတယ်။ တရုတ်သိပ္ပံပညာရှင်တွေဟာ ၂၀၁၇ ခုနှစ်အကုန်လောက်တုန်းကလည်း Zhong Zhong နဲ့ Hua Hua ဆိုတဲ့ ကလုန်းမျောက်ငယ်နှစ်ကောင်ပြုလုပ်ဖန်တီးခဲ့ပါသေးတယ်။ ဆေးသုတေသနလုပ်ငန်းတွေမှာ အသုံးပြုဖို့ရည်ရွယ်ချက်နဲ့ ကလုန်းမျောက် ၅ ကောင် ထုတ်လုပ်တာကတော့ အခုပထမအကြိမ်ဖြစ်ပါတယ်။

နေ့စဉ်လှုပ်ရှားမှု ဦးနှောက်တည်ဆောက်ပုံ ဇီဝရုပ်ဖြစ်ပျက်နှုန်း စတာတွေမှာ လူနဲ့အများကြီးကွာခြားတဲ့ ကြွက်ကိုစမ်းသပ်လေ့လာတာထက်၊ ခန္ဓာကိုယ်တွင်းဇီဝကမ္မဖြစ်စဉ်တွေမှာ လူနဲ့ပိုမိုနီးစပ်တဲ့ မျောက်တွေကို စမ်းသပ်လေ့လာတာက ပိုအကျိုးရှိမယ်လို့ သိပ္ပံပညာရှင်တွေက ပြောပါတယ်။

## အကန်ခံရလည်း မပြိုတဲ့ခွေးစက်ရုပ်

ဆွစ်ဇာလန်နိုင်ငံက သုတေသနပညာရှင်တွေက သူတို့တီထွင်တဲ့ ခွေးစက်ရုပ် ANYmal ထူးခြားချက်ကို ဗီဒီယိုရိုက်ပြီးထုတ်လွှင့်ပြသခဲ့ပါတယ်။ ဘယ်လောက်ပဲအကန်ခံရပါစေ ANYmal ဟာ အေးအေးဆေးဆေးပြန်ထနိုင်ပါတယ်။ လဲကျသွားရင် လိမ့်ပြီးပြန်ထနိုင်တဲ့ AI (အသိဉာဏ်အတု) ထည့်သွင်းထုတ်လုပ်ထားတဲ့အတွက်၊ လဲကျတာတို့၊ လိမ့်ကျတာတို့ကို ANYmal က မမှုဘူးလို့ ဆွစ်ဇာလန် ပညာရှင်တွေက ပြောပါတယ်။ လှေကားတက်ရင်းနဲ့ လိမ့်ကျသွားရင်လည်းအေးအေးဆေးဆေးပဲ ပြန်ထနိုင်တာတွေ့ရပါတယ်။ တိရစ္ဆာန်စက်ရုပ်တွေမှာ ဒီလိုပြန်ထနိုင်တဲ့ စွမ်းရည်ထည့်သွင်းထုတ်လုပ်ထားတာ အရင်က မရှိဖူးသေးဘူးလို့ဆိုပါတယ်။ ANYmal ဟာ မြေအောက်ဥမင်လိုဏ်ခေါင်းတွေထဲကိုလည်း ဝင်ရောက်နိုင်ပါတယ်။ ပစ္စည်းတွေသယ်မရင်း လှေကားတက်နိုင်တဲ့အတွက် ဆောက်လုပ်ရေးလုပ်ငန်းမှာ အသုံးဝင်မှာဖြစ်သလို၊ တောထဲမှာ၊ တောင်ပေါ်မှာ ကယ်ဆယ်ရေးလုပ်ဆောင်ဖို့လည်း အသုံးဝင်မှာ ဖြစ်ပါတယ်။ ဒါတင်မကပါဘူး။ အခြားဂြိုဟ်ကိုစေလွှတ်ပြီးတော့ စူးစမ်းလေ့လာရေးလုပ်ခိုင်းလို့လည်း ရပါတယ်။






## ကုန်း ရေ နှစ်တွေသွားစူပါကား

ပုံမှာဖော်ပြထားတာက ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့ မိုနက်ရှ်တက္ကသိုလ်က ဘေချန်နန်ရေးဆွဲတဲ့ ကားဒီဇိုင်းသစ်ဖြစ်ပါတယ်။ ဘေချန်နန်က သူဒီဇိုင်းထုတ်ထားတဲ့ ကုန်းရေနှစ်တွေသွားစူပါကားကို Amphi X လို့ အမည်ပေးထားပါတယ်။ ပေါင် ၂,၅ သန်းနဲ့ရောင်းချမယ့် Amphi X ကို ဝယ်ယူပိုင်ဆိုင်ထားမယ်ဆိုရင် ကုန်းလမ်းမှာ ယာဉ်ကြောပိတ်ဆို့တဲ့အခါ ရေလမ်းက လှည့်သွားနိုင်ပါလိမ့်မယ်။ သမားရိုးကျ ကုန်းရေနှစ်တွေသွားယာဉ်တွေဟာ ယန္တရားဆန်တဲ့ပုံစံမျိုးရှိကြတာများပါတယ်။

အခု Amphi X ကတော့ ပေါ့ပါးသွက်လက်ပြီး နေ့စဉ်ဘဝထဲမှာ လက်တွေ့အသုံးပြုနိုင်မယ့်ပုံစံမျိုးပါ။ မြေပြင်မှာ ၁ နာရီကို ၂၆၀ မိုင်နှုန်း၊ ရေပေါ် မှာ ၁ နာရီမိုင် ၉၀ နှုန်းနဲ့ သွားနိုင်ပါမယ်။ ၁ နာရီမိုင်နှုန်း သုညကနေ ၆၀ ရောက်အောင်မြင့်တင်ဖို့အတွက် ၂.၄ စက္ကန့်ပဲကြာပါမယ်။

ရေပြင်မှာသွားတော့မယ်ဆိုရင် ကားဘီးတွေဟာ အထဲကိုခေါက်ဝင်သွားပါမယ်။ ထူးခြားတဲ့ တာယာဒီဇိုင်းကြောင့် ဘယ်မြေပြင်အနေအထားမျိုးမဆို သွားလာနိုင်မယ်လို့ဆိုပါတယ်။

## ဩစတြေးလျတိုက်ကိုတွေ့ရှိခဲ့သူ ဗိုလ်ကြီး Matthew Flinders ရဲ့ ရုပ်ကြွင်းတူးဖော်တွေ့ရှိ

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော် ရဲ့ယူစတန်ဘူတာရုံအနီးက စိန့်ဂျိမ်းဥယျာဉ်ထဲမှာ တူးဖော်တွေ့ရှိရတဲ့ အခေါင်းတစ်ခုထဲကရုပ်ကြွင်းဟာ ဗြိတိသျှတော်ဝင်ရေတပ်ဗိုလ်ကြီး Matthew Flinders ရဲ့ ရုပ်ကြွင်းဖြစ်ကြောင်း ရှေးဟောင်းသုတေသီတွေက အတည်ပြုခဲ့ပါတယ်။ ဗိုလ်ကြီး Matthew Flinders ဆိုတာ ဩစတြေးလျ တိုက်ကြီးကိုတွေ့ရှိခဲ့တဲ့ ပထမဆုံးဗြိတိသျှလူမျိုးပါ။ သူ့ရဲ့အလောင်းကို ၁၈၁၄ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့မှာ မြှုပ်နှံသင်္ဂြိုဟ်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ ဗိုလ်ကြီး Matthew Flinders ဟာ ပင်လယ်သမုဒ္ဒရာထဲမှာ ရွက်လွှင့်သွားလာရင်း တစ်နေ့မှာသူရောက်ရှိ ဆိုက်ကပ်မိတဲ့ ကုန်းမြေဟာမခန့်မှန်းနိုင်လောက် အောင်ကြီးမားကျယ်ပြန့်တာကိုတွေ့ရပါတယ်။ ဒါဟာတိုက်ကြီးတစ်တိုက်ဖြစ်တယ်ဆိုတာကို ၁၈၀၂-၁၈၀၃ ခုနှစ်မှာ အတည်ပြုနိုင်ခဲ့ပါတယ်။

ဗိုလ်ကြီး Matthew Flinders ကို ဂုဏ်ပြုတဲ့အနေနဲ့ သူ့အမည်နဲ့ မှည့်ခေါ်ထားတဲ့မြို့ ဘူတာရုံ၊ လမ်း၊ ရင်ပြင်စတာတွေ ဩစတြေးလျနိုင်ငံမှာ အများကြီးရှိပါတယ်။ ဩစတြေးလျတိုက်ကို ဗြိတိသျှရေတပ်ပထမဆုံးအကြိမ် ဆိုက်ရောက်လာတဲ့နေ့ကို ဩစတြေးလျ နေ့လို့ခေါ်ဝေါ်ပြီး အများပြည်သူအားလပ်ရက်အဖြစ် သတ်မှတ်ထားခဲ့ပါတယ်။ တိုက်ဆိုင်တယ်လို့ ဆိုရမယ့်အချက်ကတော့ အခုလို Matthew Flinders ရဲ့ အရိုးစုကို ပြန်လည်တွေ့ရှိခဲ့တဲ့နေ့ဟာ ဩစတြေးလျနေ့မတိုင်မီ အကြိုနေ့ဖြစ်နေတဲ့အချက်ပါ။





www.free4readers.com

# ဗင်နီဇွဲလားပြဿနာကိုအကြောင်းပြု၍ အင်အားကြီးနိုင်ငံတို့ခဲခင်း

၂၀၁၈ခုနှစ် မေလထဲတွင် ဗင်နီဇွဲလားနိုင်ငံ၌ ကျင်းပခဲ့သော ရွေးကောက်ပွဲသည်မသမာမှုများနှင့် ပြည့်နှက်နေခဲ့သည်ဟု လူအများစုက ယုံကြည်ကြသည်။ ထိုရွေးကောက်ပွဲမှ ရရှိသောအဖြေများသည် တရားမဝင်ကြောင်း ဗင်နီဇွဲလားအမျိုးသားလွှတ်တော်က ယခုနှစ်ဆန်းစတွင် ကြေညာခဲ့သည်။ အတိုက်အခံခေါင်းဆောင် ဂျူယန်ဂွေးဒိုးအား ယာယီသမ္မတအဖြစ် လူအများစုက တင်မြှောက်လိုကြသည်။

ဗင်နီဇွဲလားပြည်သူများစွာ တို့လမ်းပေါ် ထွက်ဆန္ဒပြကြသည်။ သမ္မတနီကိုလတ်မာဒူရိုအား ဖြုတ်ချပြီး အတိုက်အခံခေါင်းဆောင် ဂျူယန်ဂွေးဒိုးအား သမ္မတအသစ်အဖြစ် တင်မြှောက်လိုသောအုပ်စုနှင့် လက်ရှိသမ္မတမာဒူရိုအား ဆက်လက်ထောက်ခံလိုသော အုပ်စုဟူ၍ ကမ္ဘာ့နိုင်ငံများအကြား အုပ်စုကွဲပြားလာခဲ့သည်။

အမေရိကန်၊ ဗြိတိန်နှင့် အမေရိကနိုင်ငံအများစုက သမ္မတမာဒူရို ကိုဖြုတ်ချပြီး အတိုက်အခံခေါင်းဆောင် ဂျူယန်ဂွေးဒိုးအား သမ္မတသစ်အဖြစ် တင်မြှောက်လိုကြသည်။ ရုရှား၊ တရုတ်နှင့် အခြားနိုင်ငံအနည်းငယ်တို့ကမူ သမ္မတမာဒူရိုအား ဆက်လက်ထောက်ခံလိုကြသည်။ ထို့ဖြစ်ရာသဘောထားချင်းဆန့်ကျင်နေသော အင်အားစုတို့အကြား တင်းမာမှုမြင့်တက်လာမည့်အသွင်ရှိနေသည်။ ဗင်နီဇွဲလားပြဿနာကို အကြောင်းပြု၍ ကမ္ဘာ့အင်အားကြီးနိုင်ငံတို့အချင်းချင်းပဋိပက္ခဖြစ်ကာ တိုက်ခိုက်ကြမည့်အခြေအနေအထိ ဖြစ်ပေါ်လာနိုင်သည်ကို တွေ့မြင်နေရသည်။

ဤသို့သောအခြေအနေတွင် ဂျူယန်ဂွေးဒိုးက ၎င်းကိုယ်၎င်း သမ္မတအဖြစ် ဇန်နဝါရီ၂၃ရက်နေ့တွင် ကြေညာခဲ့သည်။ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာနက




ဂျူယန်ဂွေးဒိုးသည် ဗင်နီဇွဲလားပြည်သူတို့အား ဦးဆောင်မှုပေးနိုင်မည့်ခေါင်းဆောင်အစစ်အမှန်ဖြစ်သည်ဟု ထုတ်ပြန်ပြောဆိုခဲ့သည်။ ၂၀၁၈ခုနှစ် ဗင်နီဇွဲလား ရွေးကောက်ပွဲသည် လွတ်လပ်မှု၊ တရားမျှတမှုတို့လုံးဝကင်းမဲ့ခဲ့သည်ဟု ဗြိတိန်ဝန်ကြီးချုပ်ထရီဆာမေ၏ ပြောခွင့်ရပုဂ္ဂိုလ်က တရားဝင် ပြောဆိုခဲ့သည်။

ရုရှားအစိုးရကမူ ၎င်း၏ခိုင်မြဲသော မဟာမိတ်ဖြစ်သည့်နီကိုလက်မာဒူရိုကိုသာ ဆက်လက်ထောက်ခံနေဆဲဖြစ်သည်။ တရုတ်အစိုးရ၏ သဘောထားမှာလည်း ရုရှားအစိုးရနှင့်ထပ်တူပင် ဖြစ်သည်။ ဗင်နီဇွဲလားစီးပွားရေးအကြီး အကျယ်ချွတ်ခြုံနေချိန်တွင် တရုတ်နှင့်ရုရှားတို့က ကာရာကတ်အစိုးရအား ဒေါ်လာဘီလီယံချီသော ငွေကြေးများ ချေးငှားခဲ့သည်။ မော်စကိုအစိုးရသည် ဗင်နီဇွဲလားတပ်မတော်နှင့်






**မြို့လယ်ကောင် လုံးချင်း ခြောက်ထပ်တိုက် ငှားမည်**

ဗိုလ်ချုပ်လမ်း၊ အိုးအိမ်ရုံးအနီး

ပေ (20 x 55')၊

လုံးချင်းခြောက်ထပ်တိုက်၊ ညှိနှိုင်းဈေး။

ဘဏ် (သို့မဟုတ်) အာမခံရုံးများဖွင့်ရန်သင့်တော်သည့် လမ်းမတန်း၊ နေရာကောင်း။

Ph: 09777888689, 09777887899

www.free4readers.com



# တော့မည်လော



ရေနံတူးဖော်ရေးလုပ်ငန်းတို့အားလည်း မကြာခဏ ကူညီထောက်ပံ့ခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံ၏လက်ရှိ တရားဝင် သမ္မတ မာဒူရိုအား ဖြုတ်ချရန် အမေရိကန်အစိုးရကြိုးစားနေသည်ဟု လည်းကောင်း၊ ဆူပူဆန္ဒပြသူများကို အမေရိကန်အစိုးရထောက်ခံအားပေးနေသည်ဟုလည်းကောင်း ရုရှားအစိုးရက ဇန်နဝါရီလ ၂၄ရက်နေ့တွင် စွပ်စွဲပြောဆိုခဲ့သည်။ ကရင်မလင်ပြောခွင့်ရပုဂ္ဂိုလ် ဒီထရီပက်စကော့က ဗင်နီဇွဲလားပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းသည်အပြည်ပြည်ဆိုင်ရာဥပဒေကိုချိုးဖောက်ရာရောက်ကြောင်း ပြောဆိုသည်။ ၎င်းက ဆက်လက်၍ပြောဆိုရာတွင် ယခုအချိန်ထိမူဗင်နီဇွဲလားသမ္မတက စစ်ရေးအကူအညီတောင်းခံခြင်းမရှိသေးကြောင်း၊ အကယ်၍တောင်းခံလာပါက မည်သို့တုံ့ပြန်မည်ဆိုသည်ကို မိမိမပြောလိုကြောင်း၊ နီကိုလက်မာဒူရိုကိုသာ တရားဝင်သမ္မတအဖြစ် အသိအမှတ်ပြုကြောင်းထည့်သွင်းပြောကြားခဲ့သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ဗင်နီဇွဲလားအရေးနှင့် ပတ်သက်၍ ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်တွင် နိုင်ငံတစ်ခု၏ပြည်တွင်းရေး၌ ပြည်ပအင်အားစုများ ဝင်ရောက်စွက်ဖက်လာပါက သွေးမြေကျမှုများဖြစ်ပွားရန် ပိုမိုနီးစပ်ကြောင်းရေးသားထားပြီး ယခုဗင်နီဇွဲလားအရေးတွင် လုံးဝစွက်ဖက်ခြင်းမပြုရန် ဝါရှင်တန်အစိုးရအား သတိပေးထားသည်။

နိုင်ငံတစ်ခုတွင် ပြည်တွင်းရေးမငြိမ်မသက်ဖြစ်ပြီး အစိုးရဆန့်ကျင် ရေးဆန္ဒပြမှုများဖြစ်ပွားလာပြီဆိုပါက အမေရိကန်ဝင်၍သူ့ရဲကောင်းလုပ်လေ့ရှိကြောင်း၊ ပြည်သူလူထုမနှစ်သက်တော့သော အစိုးရကိုဖြုတ်ချပြီး အစိုးရသစ်တစ်ခုခန့်အပ်ကာ ထိုနိုင်ငံ၏ကံကြမ္မာကို ဖန်တီးပေးရန် ၄တ်ဝင်စွက်ဖက်သော မဟာဗျူဟာကို အမေရိကန်ကျင့်သုံးလာခဲ့သည်မှာကြာပြီဖြစ်ကြောင်း ဗင်နီဇွဲလားတွင်ထိုကဲ့သို့ပြုလုပ်ပါက ဆိုးရွားသော နောက်ဆက်တွဲများစွာ ဖြစ်ပေါ်လာလိမ့်မည်ကို ဝါရှင်တန်အစိုးရအားသတိပေးလိုကြောင်းစသည်ဖြင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ရေးသားဖော်ပြထားသည်။

မြမြသန်း

# သူလျှိုလုပ်မှုဖြင့် ဩစတြေးလျစာရေးဆရာ တရုတ်လေဆိပ်တွင်ဖမ်းဆီးခံရ





အသက်၅၃နှစ်အရွယ် ဩစတြေးလျစာရေးဆရာ ယန်ဟန်ဂျွန်အား တရုတ်နိုင်ငံတောင်ပိုင်း Guangzhou Baiyun အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဇန်နဝါရီ ၁၉ရက်နေ့က ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း တရုတ်အစိုးရအာဏာပိုင်က တရုတ်နိုင်ငံရှိ ဩစတြေးလျသံရုံးသို့ အကြောင်းကြားခဲ့သည်။

တရုတ်သံတမန်တစ်ဦးအဖြစ် ယခင်အမှုထမ်းခဲ့ဖူးသူ စုံထောက်ဝတ္ထုရေးဆရာယန်ဟန်ဂျွန် အမေရိကန်ပြည်ထောင်စုနယူးယောက်မြို့မှ တရုတ်နိုင်ငံ Guangzhou Baiyun အပြည် ပြည်ဆိုင်ရာလေဆိပ်သို့ ဇနီး၊ သမီးတို့နှင့်အတူရောက်ရှိလာပြီးနောက် ရှန်ဟိုင်းမြို့သို့ဆက်လက်ထွက်ခွာရန် စီစဉ်ထားခဲ့သည်။ ရှန်ဟိုင်းမြို့သို့ထွက်ခွာမည့် လေယာဉ်ပေါ်သို့ မတက်ရသေးမီ ယန်ဟန်ဂျွန်အား တရုတ်ရဲတပ်ဖွဲ့ဝင်၁၀ဦးက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ယင်းလေဆိပ်တွင် ၁၂ နာရီ ခန့်ကြာအောင် စစ်ဆေးမေးမြန်းပြီးနောက် ယန်ဟန်ဂျွန်အား ဘေကျင်းမြို့ သို့ခေါ်ဆောင်သွားပြီး အကျယ်ချုပ်ချထားသည်ဟု နောက်ဆုံးသတင်းများအရ သိရသည်။ သူလျှိုလုပ်မှုဖြင့် ၎င်းအား တရားစွဲဆိုမည်ဖြစ်သည်ဟုလည်း သိရသည်။

ယခုကဲ့သို့သော ကိစ္စမျိုးတွင် ပွင့်လင်းမြင်သာစွာနှင့် တရားမျှတစွာ ဆုံးဖြတ်ဆောင်ရွက်ရန် လိုအပ်သည်ဟု ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး Marise Payne က ဆိုသည်။ သူမက ယခု အမှုနှင့်ပတ်သက်သော အသေးစိတ်ကိုမူ ထုတ်ဖော် ပြောဆိုခြင်းမပြုပေ။ သို့ရာတွင် ကနေဒါနိုင်ငံသား နှစ်ဦးအား ဘေကျင်းအစိုးရဖမ်းဆီးထိန်းသိမ်းခဲ့ခြင်း အပေါ် ဩစတြေးလျအစိုးရက ဝေဖန်ပြောဆိုခဲ့မှုနှင့်မပတ်သက်ဟု Marise Payne က ပြောကြားသည်။

မြမြသန်း










# PHOTO NEWS



## အစားထိုးသားအိမ်ကနေမွေးဖွားတဲ့ ကမ္ဘာ့ ၁၄ ယောက်မြောက်ကလေး

တရုတ်နိုင်ငံ Shaanxi ပြည်နယ်မှာနေတဲ့ အသက် ၂၆ နှစ်အရွယ် အမျိုးသမီးငယ် ယန်ဟွာဟာ ခွဲစိတ်မှုခံယူထည့်သွင်းထားတဲ့ အစားထိုးသားအိမ်မှာ ကိုယ်ဝန်ဆောင်ခဲ့ပြီးတော့ ကျန်းမာတဲ့ကလေးငယ်ကို အောင်မြင်စွာမွေးဖွားနိုင်ခဲ့ပါတယ်။ အမျိုးသမီးငယ်ယန်ဟွာမှာ မျိုးဥအိမ်တွေပါရှိပေမယ့် သားအိမ်တော့ ပါမလာခဲ့ပါဘူး။ သူမဟာ အသက် ၂၂ အရွယ်မှာ သားအိမ်အစား ထိုးခွဲစိတ်မှုခံယူခဲ့ပါတယ်။ ဆရာဝန်တွေက အသက် ၄၃ နှစ်အရွယ် မိခင်ဖြစ်သူဆီက သားအိမ်ကို ခွဲစိတ်ထုတ်ယူပြီး ယန်ဟွာရဲ့ခန္ဓာကိုယ်ထဲမှာ ထည့်သွင်းပေးခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှာပြုလုပ်တဲ့ အဲဒီခွဲစိတ်မှုဟာ တရုတ်နိုင်ငံရဲ့ ပထမဆုံး သားအိမ်အစားထိုးခွဲစိတ်မှုပါ။

ယန်ဟွာဟာ အစားထိုးသားအိမ်ထဲမှာ ကိုယ်ဝန်လွယ်ထားခဲ့ပါတယ်။ ကိုယ်ဝန်လွယ်ပြီး ၃၃ပတ် ကြာတဲ့အခါမှာ ဆီဇေးရီးယန်းဆက်ရှင်နည်းနဲ့ ခွဲစိတ်ပြီး ကလေးကိုဆရာဝန်တွေက အောင်မြင်စွာ မွေးဖွားပေးခဲ့ပါတယ်။ အခုလိုအစားထိုးသားအိမ်ကနေ ကလေးအောင်မြင်စွာမွေးဖွားနိုင်တာဟာ တရုတ်နိုင်ငံမှာ ပထမအကြိမ်ဖြစ်ပေမယ့်၊ တကမ္ဘာလုံးအနေနဲ့ဆိုရင်တော့ ၁၄ ကြိမ်မြောက်ဖြစ်ပါတယ်။

သားအိမ်အစားထိုးခွဲစိတ်မှုအနေနဲ့ဆိုရင် ကမ္ဘာ့ဆေးပညာသမိုင်းမှာ ပထမဆုံးသားအိမ် အစားထိုး ခွဲစိတ်မှုကို သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တုန်းက ဆော်ဒီအာရေဗျနိုင်ငံမှာ ပြုလုပ်ခဲ့ပါတယ်။ အသက် ၂၆ နှစ်အရွယ် အမျိုးသမီးမှာထည့်သွင်းထားတဲ့အစားထိုးသားအိမ်ကို နောက်သုံးလအကြာမှာ ပြန်လည်ခွဲစိတ်ထုတ်ပစ်ခဲ့ရတာမို့ မအောင်မြင်ခဲ့ဘူးလို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့် ၂၀၁၁ ခုနှစ်မှာတူရကီနိုင်ငံမှာ ပြုလုပ်တဲ့ သားအိမ်အစားထိုးခွဲစိတ်မှုကတော့ အောင်မြင်ခဲ့ပါတယ်။ အဲဒီနောက် နှစ်နှစ်ကြာတဲ့အခါ ဆွီဒင်နိုင်ငံက အမျိုးသမီး ၉ ဦးတို့မှာပြုလုပ်တဲ့ သားအိမ်အစားထိုးခွဲစိတ်မှုတွေဟာလည်း အောင်မြင်ခဲ့ပါတယ်။



## ဆိုနီရဲ့ ခွေးစက်ရုပ်သစ် Aibo

ခွေးစက်ရုပ်တွေ ထုတ်လုပ်လာခဲ့တဲ့ ဆိုနီကုမ္ပဏီဟာ အခုတစ်ခါ တစ်အိမ်လုံးကိုစောင့်ရှောက်မှုပေးနိုင်တဲ့ ခွေးစက်ရုပ်ကို ထုတ်လုပ်လိုက်ပြန်ပါပြီ။ ဆိုနီရဲ့နောက်ဆုံးထုတ် Aibo ခွေးစက်ရုပ်ဟာ ခွေးပေါက်စလေးအရွယ်လောက်ရှိပါတယ်။ သူဟာ တစ်အိမ်လုံးအနှံ့ လျှောက်သွားပြီးတော့ မိသားစုဝင်တွေ၊ ကလေးတွေနဲ့ အိမ်မွေးတိရစ္ဆာန်တွေကိုပါ ပိုင်ရှင်အိမ်မှာမရှိခိုက် စောင့်ရှောက်မှုပေးမှာပါ။ ပိုင်ရှင်က သတ်မှတ်ပေးထားတဲ့ အချိန်ဇယားအတိုင်း သူကြည့်ရမှာတွေကို လိုက်ကြည့်ပြီးတော့ တွေ့ရှိချက်ကို Aibo က ပိုင်ရှင်ဆီသတင်းပေးပို့ပါမယ်။

Aiboမှာ ကင်မရာတွေ တပ်ဆင်ထားပြီး၊ AI ထည့်သွင်းထုတ်လုပ်ထားတဲ့အပြင်၊ သူ့ကိုအင်တာနက်နဲ့ ချိတ်ဆက်ပြီးတော့လည်း အသုံးပြုနိုင်ပါတယ်။ နောက်ဆုံးပေါ်နည်းပညာသုံး ထုတ်လုပ်ထားတဲ့ LED မျက်လုံးတွေအပြင် နှာခေါင်းနဲ့ အမြီးထဲမှာလည်း ကင်မရာတွေပါရှိပါတယ်။ မျက်နှာမှတ်မိ နိုင်စွမ်း၊ သင်ယူနိုင်စွမ်းတွေရှိတဲ့ Aibo ဟာ လူ ၁၀ ယောက်ရဲ့ မျက်နှာစာတ်ပုံနဲ့ နာမည်တွေကို မှတ်သားထားနိုင်ပြီး အဲဒီလူတွေကို သူလိုက်လံကြည့်ရှုတဲ့အခါ တွေ့ရှိရတဲ့အချက်ကို ပိုင်ရှင်ရဲ့ စမတ်ဖုန်းထဲကို ပေးပို့နိုင်ပါတယ်။

## ရှောင်းမီရဲ့ခေါက်နိုင်တဲ့စမတ်ဖုန်းသစ်



ခေါက်နိုင်တဲ့စမတ်ဖုန်းတွေ တီထွင်ထုတ်လုပ်ဖို့ နည်းပညာကုမ္ပဏီကြီးတွေ အပြိုင်အဆိုင် ကြိုးစားနေကြပါပြီ။ ကိုးရီးယားကုမ္ပဏီဆမ်ဆောင်က ခေါက်နိုင်တဲ့စမတ်ဖုန်းသစ် Galaxy F ကို မကြာမီ ရှေ့လထဲမှာ ဖြန့်ချိရောင်းချတော့မယ်လို့ ထုတ်ဖော်ကြေညာပြီးတဲ့ အချိန်မှာပဲ၊ တရုတ်ကုမ္ပဏီ ရှောင်းမီက လည်းခေါက်နိုင်တဲ့စမတ်ဖုန်းတစ်မျိုး တီထွင်နေတယ်လို့ဆိုလာပါတယ်။ တီထွင်နေဆဲဖြစ်တဲ့ ရှောင်းမီ စမတ်ဖုန်းသစ်ကို နာမည်ဘယ်လိုပေးရန်ကောင်းမလဲလို့ ပြည်သူလူထုကိုမေးမြန်းထားပါတယ်။ လောလော ဆယ် လျာထားတဲ့ နာမည်နှစ်ခုက Xiaomi Dual Flex နဲ့ Xiaomi MIX Flex ဖြစ်တယ်လို့ဆိုပါတယ်။

ပုံမှာတွေ့မြင်ရတဲ့အတိုင်း ဖုန်း Screen မှာ အပိုင်း ၃ ပိုင်းပါရှိပါတယ်။ ခေါက်လိုက်ရင် ဘေးနှစ်ပိုင်း ဟာ နောက်ဖက်ကိုရောက်သွားတဲ့အတွက်၊ အလယ်ပိုင်းကိုပဲ တွေ့မြင်ရပါမယ်။ ခေါက်ထားတဲ့အခါ သမားရိုးကျ ဟန်းဆက်အရွယ်လောက်ပဲရှိပေမယ့်၊ ဖြန့်လိုက်တဲ့အခါမှာတော့ Tablet အရွယ်လောက်ရှိပါမယ်။

ဆိုရှယ်မီဒီယာအသုံးပြုသူ တွေအနေနဲ့ ကြိုက်တယ်မကြိုက်ဘူးဆိုတာ ဝေဖန်ချက်ပေးဖို့ ရှောင်းမီကုမ္ပဏီက တောင်းခံထားပါတယ်။ တကယ်လို့ နှစ်သက်သူအရေအတွက်များတယ်ဆိုရင် ခေါက်ဖုန်းကို ထုတ်လုပ်ရောင်းချမယ်လို့ ဆိုပါတယ်။



## ဂျေရုဆလင်မြို့တော်မြေအောက်က ရှေးဟောင်းသင်္ချိုင်း

အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့တော်အရှေ့ပိုင်းက ရှေးဟောင်းသင်္ချိုင်းတစ်ခုရဲ့ပုံကို အထက်မှာ ဖော်ပြပါတယ်။ Tomb of Kings လို့ခေါ်တဲ့ မြေအောက်သင်္ချိုင်းဟာ ဂျေရုဆလင်ဒေသတစ်ဝိုက်က အကြီးဆုံးရှေးဟောင်းသင်္ချိုင်းတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀၀၀ လောက် တုန်းက တည်ဆောက်ခဲ့တဲ့ Tomb of Kings သင်္ချိုင်းကို ၁၉ ရာစုကတည်းက တူးဖော်တွေ့ရှိခဲ့ကြတာပါ။ ၁၈၆၃ ခုနှစ် ပြင်သစ်လူမျိုးဖယ်လီရှန် ဒီဆောလ်စီခေါင်းဆောင်ပြီး တူးဖော်ခဲ့ပါတယ်။ သမ္မာကျမ်းစာလာ ဒေးဗစ်ဘုရင်နဲ့ ဆော်လမွန်ဘုရင်တို့တည်ဆောက်ခဲ့တဲ့ သင်္ချိုင်းလို့ယူဆတဲ့အတွက် ဖယ်လီရှန်ဒီဆော်လ်စီက Tomb of the Kings လို့ အမည်ပေးခဲ့တာပါ။ ဒါပေမယ့်အဲဒီဘုရင်တွေ တည်ဆောက်တာမဟုတ်ဘဲ ဘုရင်မဟယ်လီနာတည်ဆောက်တာဖြစ်နိုင်တယ်လို့ သုတေသီအများစုက ယူဆကြပါတယ်။ ဒါပေမယ့် ဒီမြေအောက်သင်္ချိုင်းဟာ Tomb of the Kings လို့ပဲ ဆက်လက်အမည်တွင်ခဲ့ပါတယ်။

ဘုရင်မဟယ်လီနာဆိုတာ အခုအီရတ်နိုင်ငံ ကာဒစ်စတန်ဒေသမှာ တစ်ချိန်တုန်းကရှိခဲ့တဲ့ Adiabene ဒေသကို အုပ်စိုးတဲ့ဘုရင်မပါ။ သူမဟာ ခရစ်ယာန်ဘာသာကနေ ဂျူးဘာသာထဲကို ကူးပြောင်းဝင်ရောက်လာသူဖြစ်ပါတယ်။

ဒီဆော်လ်စီ တူးဖော်ပြီးတဲ့ နောက်ပိုင်းမှာ၊ Pereire ညီအစ်ကိုတွေက Tomb of the Kings သင်္ချိုင်းကို ဝယ်ယူလိုက်ပါတယ်။ ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်မှာ ဘဏ်လုပ်ငန်းလုပ်ကိုင်တဲ့ Pereire ဂျူးလူမျိုးမိသားစုက နောက်ပိုင်းမှာ မြေအောက်သင်္ချိုင်းကို ပြင်သစ်အစိုးရကို လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။

## ကာကွယ်ရေးဦးစီးချုပ်ကို ခုံရုံးတင် အရေးယူသင့်သည်ဟု ကုလသံတမန်၏ ပြောကြားချက်ဂရုပြုရန် မလိုအပ်ဟု တပ်မတော်တုံ့ပြန်

**မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် မစ္စယန်ဟေးလီသည် ရခိုင်ပြည်နယ် တွင်ဖြစ်ပွားခဲ့သော ဘင်္ဂါလီအရေးနှင့်ပတ်သက်၍ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တပ်မတော်မှ ဗိုလ်ချုပ်များကို အရေးယူသင့်သည်ဟု ထုတ်ဖော်ပြောကြားခဲ့ကြောင်း၊ ၎င်း၏ ပြောဆိုမှုအပေါ် တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက ပြောကြားသည်။**



မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂလူ့အခွင့်ရေးကိုယ်စားလှယ် မစ္စယန်ဟေးလီသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားရှိ ဒုက္ခသည်စခန်းများသို့ ရောက်ရှိစဉ် ရိုက်တာသတင်းဌာနနှင့် တွေ့ဆုံရာ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ခေါင်းဆောင်တချို့ကို ဘင်္ဂါလီအရေးနှင့်ပတ်သက်၍ အရေးယူရမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

မစ္စယန်ဟေးလီသည် ယခင်ကပင် ၎င်း၏တစ်ဖက်သတ်ဆန်မှုကြောင့် မြန်မာနိုင်ငံဘက်၌ အဆင်ပြေမှုမရှိကြောင်း၊ မစ္စယန်ဟေးလီ၏ ရခိုင်ခရီးစဉ်တစ်လျှောက်တွင်းလည်း ဒေသခံရခိုင်ပြည်သူတို့၏ ဆန္ဒကျင်ကန့်ကွက်မှုများနှင့် အမြဲကြုံတွေ့ခဲ့ရသည် ဟုဆိုသည်။

ကုလသမဂ္ဂတွင်လည်း မစ္စယန်ဟေးလီ၏ တရားမဝင် ဖိအားများကြောင့် မြန်မာနိုင်ငံမှ တာဝန်ရှိသူများ အခက်အခဲနှင့် ကြုံတွေ့ခဲ့ရသည်ဟု သိရသည်။ မစ္စယန်ဟေးလီ၏ ပြောကြားမှုများအပေါ် မြန်မာအစိုးရအနေဖြင့် လတ်တလော၌ လက်တုံ့ပြန်ပြောကြားမှု မရှိကြောင်း ၎င်း၏ပြောကြားမှုအပေါ် မြန်မာ့တပ်မတော်အနေဖြင့်ဂရုပြုရန် မလိုအပ်ဟု တုံ့ပြန်ပြောကြားခဲ့ကြောင်း သိရသည်။

## ကချင်ပြည်နယ်လွှတ်တော်၏ အရေးပေါ်အစည်းအဝေးရက် အကန့်အသတ်မရှိ ရွှေ့ဆိုင်း

ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော်၏ အရေးပေါ်အစည်းအဝေးကို ဇန်နဝါရီ ၂၈ရက်နေ့ နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ရာ အစည်းအဝေးပျက်ပြယ်ခဲ့သဖြင့် ယင်းအရေးပေါ်အစည်းအဝေး ပြန်လည်ကျင်းပမည့်နေ့ရက်ကို ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။



**ကချင်ပြည်နယ် အစိုးရအဖွဲ့သည် လက်ရှိတွင်ပြည်နယ်အစိုးရအဖွဲ့မှ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနနှင့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနကို လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနအဖြစ် ဝန်ကြီးဌာနနှစ်ခု ပြင်ဆင်ဖွဲ့စည်းရန် တင်သွင်းလာခြင်းအပေါ် နိုင်ငံတော်သမ္မတ၏အမိန့်စာမပါရှိဘဲ ကချင်ပြည်နယ် ဝန်ကြီးချုပ်၏အမိန့်စာဖြင့်သာ တင်သွင်းလာခြင်းကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် ညီညွတ်မှုမရှိသဖြင့် တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်ခဲ့ကြောင်း သိရသည်။**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ-၂၄၈၊ အပိုဒ်ခွဲငယ်(ဂ)တွင် နိုင်ငံတော်သမ္မတသည်သက်ဆိုင်ရာ တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်လွှတ်တော်၏သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်ဝန်ကြီးဌာနများကို လိုအပ်သလို သတ်မှတ်နိုင်ကြောင်း၊ ထို့အပြင် သတ်မှတ်ထားသည့် ဝန်ကြီးဌာနများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ ပြုလုပ်နိုင်သည်ဟု ပြဋ္ဌာန်းထားကြောင်း သိရသည်။

ထို့ကြောင့်နိုင်ငံတော် သမ္မတနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စဖြစ်သည့်အတွက် ညွှန်ကြားချက်ကိုစောင့်ဆိုင်းပြီး လွှတ်တော်အရေးပေါ်အစည်းအဝေးကျင်းပမည့်ရက်ကို အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ခြင်းဖြစ်ကြောင်း၊ အစည်းအဝေး ပြန်လည်ကျင်းပမည့်နေ့ရက်ကို တရားဝင်ဖိတ်ကြားသွားမည်ဟု ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးထွန်းတင်က ပြောကြားသည်။ဒုတိယအကြိမ် ကချင်ပြည်နယ် လွှတ်တော်အရေးပေါ်အစည်းအဝေးကို ကချင်ပြည်နယ်အစိုးရအဖွဲ့၏ဝန်ကြီးဌာနပြင်ဆင်ရေးနှင့်လစ်လပ်လျက်ရှိသော ပြည်နယ်ဝန်ကြီးများ ခန့်အပ်အတည်ပြုရန် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

## သူရဦးရွှေမန်းဦးဆောင်သော နိုင်ငံရေးပါတီမှတ်ပုံတင်မည်

သူရဦးရွှေမန်းဦး ဆောင်သော နိုင်ငံရေးပါတီမှ ယခုသီတင်းပတ်အတွင်း တရားဝင်နိုင်ငံရေးပါတီအဖြစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ၌ မှတ်ပုံတင်မည်ဖြစ်ကြောင်း ယင်းပါတီ တည်ထောင်မည့်သူများထဲ၌ ပါဝင်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဦးဝင်းဦးက ပြောကြားသည်။

လက်ရှိတွင်သူရဦးရွှေမန်း ဦးဆောင်သည့်ပါတီအမည်ကို "ပြည်ထောင်စုပါတီ"၊ "အမျိုးသားအကျိုးစီးပွားပါတီ"၊ "ပြည်သူ့အရေးပါတီ"ဟူ၍ လျာထားကြောင်း၊ ပါတီကိုဗဟိုကော်မတီ ၁၉ ဦးဖြင့် ဖွဲ့စည်းထားပြီး တပ်မတော်မှ အငြိမ်းစားရယူထားသည့်ပုဂ္ဂိုလ်များလည်း ပါဝင်သည်ဟု လွှတ်တော်ကိုယ်စားလှယ်ဟောင်းဦးဝင်းဦးက ဆက်လက်ပြောကြားသည်။ ယင်းပါတီတွင် သူရဦးရွှေမန်းအပါအဝင် တပ်မတော်မှအငြိမ်းစားပုဂ္ဂိုလ်လေးဦးခန့်ပါဝင်မည်ဖြစ်ပြီး ၎င်းတို့၏ပါတီမှတ်ပုံမည့်နေ့ရက်နှင့်ပတ်သက်၍ ယခုသီတင်းပတ်အတွင်း ဖြစ်မည်ဟုဆိုသည်။ **လွန်ခဲ့သည့်၂၀၁၈ ခုနှစ်အတွင်းကပင် သူရဦးရွှေမန်းဦးဆောင်ကာ ပါတီတည်ထောင်မည်ဖြစ်ကြောင်း သတင်းများထွက်ပေါ်ခဲ့သဖြင့် နိုင်ငံရေးအသိုင်းအဝိုင်းမှ စိတ်ဝင်တစားစောင့်ကြည့်မှုများရှိသည်ဟုသိရသည်။**

## ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ယာဉ်မတော်တဆဖြစ်ပွား



ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးသို့တက်ရောက်ရန် တောင်ကြီးမြို့သို့ထွက်ခွာလာသော ကျောက်မဲမဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ်သည် ဇန်နဝါရီ ၂၈ ရက်နေ့ နံနက်ပိုင်းတွင် ယာဉ်မတော်တဆဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်စီးနင်းလာသော မော်တော်ယာဉ်သည်ရပ်စောက်မြို့နှင့် အင်တောမြို့အကြားရှိလမ်းပိုင်းတွင် လမ်းဘေးမြေသားနံရံကို မတော်တဆတိုက်မိသည်ဟု သိရသည်။ ယာဉ်မတော်တဆဖြစ်ပွားစဉ်ကားအတွင်းရှိ လေအိတ်ဖွင့်သွားသဖြင့် လွှတ်တော်ကိုယ်စားလှယ်မှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိဟု သိရသည်။

**ယင်းကဲ့သို့ယာဉ်မတော်တဆဖြစ်ပွားခဲ့သော်လည်း ထိခိုက်မှုမရှိသည့်အတွက် ဇန်နဝါရီ ၂၈ ရက်နေ့တွင် ပြည်နယ်လွှတ်တော်ရုံး၌ ကျင်းပသည့် ဥပဒေကြမ်းကော်မတီအစည်းအဝေးသို့ လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းထွန်းဉာဏ် တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။ ၎င်းသည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ကျောက်မဲမြို့ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီကို ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အနိုင်ရရှိသူဖြစ်ကြောင်း သိရသည်။**



## ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့မှ မြန်မာ၊ ထိုင်း၊ မလေးရှားနှင့် တရုတ်နိုင်ငံတို့ကိုဖြတ်သန်းပြီး ရထားလမ်းဖောက်လုပ်မည်

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့မှတစ်ဆင့် ကော့ဘဇားခရိုင်ကို ဖြတ်ပြီး မြန်မာ၊ ထိုင်း၊ မလေးရှားနှင့် တရုတ်နိုင်ငံတို့ကို ဖြတ်သန်းပြီး ရထားလမ်းဖောက်လုပ်မည့်အစီအစဉ်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရက ဇန်နဝါရီ ၂၇ ရက်နေ့တွင် ထုတ်ပြန်ကြေညာကြောင်း သိရသည်။**



ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းတွင်ရှိသည့် စစ်တကောင်းဆိပ်ကမ်းမြို့မှ ကော့ဘဇားခရိုင်သို့ဆက်သွယ်သည့်ရထားလမ်းကို စတင်ဖောက်လုပ်နေကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရထားဝန်ကြီး Nurul Islam Sujom ၏ ထုတ် ဖော်ပြောကြားကြောင်း The Daily Star သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

အဆိုပါရထားလမ်းပိုင်းမှာ ကော့ဘဇားမှတစ်ဆင့် မြန်မာ၊ ထိုင်း၊ မလေးရှားနှင့် တရုတ်နိုင်ငံတို့ကို ဖြတ်သန်းပြီး ဖောက်လုပ်မည်ဖြစ်ရာ ၂၀၂၂ ခုနှစ်တွင် အပြီးသတ်လုပ်ဆောင်မည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် ရထားဝန်ကြီးက သတင်းထောက်များအား ပြောကြားခဲ့သည်ဟု သိရသည်။ ထို့အပြင် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကိုဆက်သွယ်ကာ ကျည်ဆန်ရထား၊ ပြေးဆွဲရန်စီစဉ်နေပြီး ယင်းရထားလမ်းပိုင်းမှာ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ကို ဖြတ်သန်းသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံကောင်စစ်ဝန်က ပြောကြားသည်။ ထို့အပြင်တရုတ်နိုင်ငံကူမင်းမြို့နှင့် အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့တို့အကြား မြန်နှုန်းမြင့်ရထားလမ်းတစ်ခုကို တည်ဆောက်မည် ဖြစ်ကြောင်း တရုတ်ကောင်စစ်ဝန်က ၂၀၁၈ခုနှစ် စက်တင်ဘာလအတွင်း၌ ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ ကီလိုမီတာ ၂၈၀၀ ရှည်လျားသည့် ရထားလမ်းတစ်လျှောက်တွင် စက်ရုံအချို့ရှိမည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အတွက် ယင်းရထားလမ်းပိုင်းမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုမည်ဟုလည်း သိရသည်။

# “တိုင်းရင်းသားအင်အားစု၊ သွေးစည်းမှု တင်းလျှင်”

တင်အောင်စိုး

““**ညီညွတ်ခြင်းသည် အင်အားတစ်မျိုး**”” ဖြစ်ကြောင်းကို ရဟန်း၊ ရှင်၊ လူ၊ အပေါင်းတို့က ရေးသားဆိုပြော၍ နေကြကုန်၏။ ထိုရေးသားဆိုပြော၍ နေကြခြင်းမှာလည်း စင်စစ်အားဖြင့် ““**ညီညွတ်ခြင်းကား တကယ့် အင်အားကြီးတစ်ရပ်ဖြစ်ကြောင်း**”” ယုံမှားသံသယကင်းမဲ့စွာနှင့်ဆုံးဖြတ်သိရှိ နားလည်ကြသောကြောင့်ပင် ဖြစ်လေသည်ဟု ဒဂုန်ဦးစန်းငွေက ၁၉၄၇ ခုနှစ်၊ ဇွန်လထုတ် ဒဂုန်မဂ္ဂဇင်းတွင် ပြောခဲ့ကြောင်း မှတ်သားရပါသည်။

““**အမျိုးသားအင်အားစု**”” စည်းလုံး ညီညွတ်ခြင်းမရှိဘဲ၊ ခိုက်ရန်ဖြစ်ပွား နေကြသော တိုင်းသူပြည်သားများသည် ဗြိတိသျှပြည့်ရှင်မင်း၏ အသက်မွေးကြောင်း၊ လယ်မြေကောင်းကြီး (ဘုရင့်လယ်ကွင်းကြီး) ဖြစ်၍ နေတတ်လေသည်ဟု ထိုစဉ်က ပြောခဲ့ပါတယ်။

ထိုစကားမှန်၏ တိုင်းနိုင်ငံသူ လူအပေါင်းတို့သည် သွေးစည်းညီညွတ်ခြင်း မရှိကြဘဲ ကွဲကွဲပြားပြား ခိုက်ရန်များ၍ နေကြမည်ဆိုပါလျှင် ထိုနိုင်ငံအတွင်း၌ ဗြိတိသျှအစိုးရမင်းတို့၏ အုပ်ချုပ်ရေးသည် လွယ်ကူ၏ အချင်းချင်း မသင့်မတင့် ဖြစ်နေသော နိုင်ငံသူ နိုင်ငံသားတို့ပေါ်မှာ အစိုးရဟုဆိုအပ်သော မင်းစိုးရာဇာတို့၏ အာဏာကိုလည်း များစွာ အသုံးပြုခွင့်ရလေ၏။

အချင်းချင်း သွေးစည်းမှုမရှိကြသဖြင့်လည်း တိုင်းနိုင်ငံသူ လူအပေါင်းတို့က ဗြိတိသျှအစိုးရအား တော်လှန်ခြင်းငှာ မစွမ်းနိုင်ကြကုန်၊ ထို့ကြောင့် ထိုကဲ့သို့သော သွေးကွဲနေသည့် တိုင်းသူပြည်သားများကို ဘုရင်၏ လယ်တော်၊ ပယ်တော်၊ ထွေ။ (အရာတော်၊ ဘဏ္ဍာတော်၊ ထွေ) ဟူ၍ ဆိုလေသတည်း။

ဤအချက်သည် တိုင်းပြည် နိုင်ငံ လွတ်လပ်ရေးကို ချွေးနှင့်သွေးနှင့် ရင်းနှီး၍ ကြိုးစား၍နေကြသော ယခုခေတ်အချိန်ကြီးနှင့် များစွာတိုက်ဆိုင်လျက်ရှိနေပေသည်။

ကိုယ်စိုးကိုယ်ပိုင်နှင့် လွတ်လပ်အေးမြစွာနေထိုင်လိုကြသော တိုင်းသူပြည်သားတို့၏ ဝတ္တရားမှာ အချင်းချင်း ခိုက်ရန်မပွားဘဲ စည်းစည်းလုံးလုံးနှင့် နေကြရမည်ဖြစ်၏။

ဗြိတိသျှစိုးမိုးအုပ်ချုပ် မင်းလုပ်နေသော ဗြိတိသျှအစိုးရတို့၏ ဆန္ဒမှာ ညီညွတ်ခြင်းမရှိဘဲ တကွဲတပြားစီ ဖြစ်စေလို၏။ တိုင်းသူပြည်သားတို့ အစိပ်စိပ် အမွှာမွှာကွဲပြား၍ နေလေလေ ဗြိတိသျှအစိုးရတို့၏ စိတ်မှာ နှစ်သက်လေလေပင် ဖြစ်ပေသည်။

ရာဇပရိယာယ်ခေါ်သော စိုးရာဇာတို့၏ ပရိယာယ်အမျိုးမျိုးတို့တွင် ဘေဒဥပါယ်ခေါ်သော ပရိယာယ်တစ်မျိုးလည်း အထင်အရှားရှိလေသည်။ ဘေဒဥပါယ်ဆိုသည်မှာ အုံကြွလျက်ရှိနေသည့် အမျိုးသားအင်အားစုကြီးကို အစိပ်စိပ်အမွှာမွှာ ကွဲအောင်ခွဲသောနည်းနာနိသယမျိုးပင် ဖြစ်၏။

ညီညွတ်ခြင်းအင်အားစုကြီး ပျက်စီးသွားလျှင်၊ အားနည်းခြင်းသို့ရောက်၏။ အားနည်းသောအခါ မင်းစိုးရာဇာတို့၏ ဩဇာအာဏာသည် စူးရှလွှမ်းမိုး၍ တန်ခိုးရောင်တိုဖြင့် ပြောင်ပြောင်တောက်ပ၍ လာလေ၏။ ထို့ကြောင့် ထိုသွေးကွဲစေမှုဖြစ်သော ဥပါယ်မျိုးကို မင်းစိုးရာဇာတို့က မိမိတို့၏ ဩဇာအာဏာပျံ့နှံ့လွယ်ကူစေရန် အခါမပြတ်ပင် အသုံးပြု၍ နေကြလေသည်။ အမျိုးသားအင်အားစု ပျက်ပြားပြီးလျှင် အချင်းချင်း မညီညွတ်မှု၊ သွေးကွဲမှုများကို အကြောင်းပြု၍ ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် လူမျိုးခြားတို့၏ လက်အောက်တွင် ““လယ်ကွင်းကြီး”” ဘဝသို့ ဆိုက်ရောက်ခြင်းခံနေရသည်မှာ နှစ်ပေါင်းများစွာ ကြာရှိခဲ့လေပြီဖြစ်၏။

ထိုမျှအရေအတွက်ရှိသော နှစ်ပရိစ္ဆေဒကာလများအတောအတွင်း၌ မြန်မာလယ်ကွင်းကြီး၏ ပိုင်ရှင်ဖြစ်သူ ဗြိတိသျှအစိုးရတို့က မိမိတို့ထင်သလို ခြယ်လှယ်စိုးမိုး၊ ထွန်းယက်လုပ်ကိုင်ကြလျက် မြန်မာလယ်ကွင်းကြီးမှ ရအပ်သည့် အသီးအနှံတို့ကို အဆီရစ်မျှသုံးဆောင်၍ နေကြလေသည်။ ဤသဘောကိုရေးနီတိကျမ်းတတ်ဆရာမြတ်တို့က အောက်ပါအတိုင်း မိန့်ဆိုတော်မူချက်များမှာ အထူးမှတ်သားဘွယ် ကောင်းလှသဖြင့် ဖော်ပြလိုက်ရပေသည်။

(၁) လူနာများသည် ဆေးသမားတို့၏ အသက်မွေးကြောင်း၊ လယ်မြေကြီးမည်၏။

(၂) သေရည်၊ မိန်းမ၊ လောင်းစားကျူးသော အရှင်သခင်သည် လယ်အောက် ကျေးကျွန်တို့၏ အသက်မွေးကြောင်း၊ လယ်မြေကောင်းကြီးမည်၏။

(၃) ပညာမဲ့သော လူညံ့များသည် ပညာရှိတို့၏ အသက်မွေးကြောင်း လယ်မြေကောင်းကြီးမည်၏။



> *ကိုယ်စိုးကိုယ်ပိုင်နှင့် လွတ်လပ်အေးမြစွာနေထိုင်လိုကြသော တိုင်းသူပြည်သားတို့၏ ဝတ္တရားမှာ အချင်းချင်းခိုက်ရန်မပွားဘဲ စည်းစည်းလုံးလုံးနှင့် နေကြရမည်ဖြစ်၏။*
>
> *ဗြိတိသျှစိုးမိုးအုပ်ချုပ် မင်းလုပ်နေသော ဗြိတိသျှအစိုးရတို့၏ ဆန္ဒမှာ ညီညွတ်ခြင်းမရှိဘဲ တကွဲတပြားစီဖြစ်စေလို၏။ တိုင်းသူပြည်သားတို့ အစိပ်စိပ်အမွှာမွှာကွဲပြား၍ နေလေလေ ဗြိတိသျှအစိုးရတို့၏ စိတ်မှာ နှစ်သက်လေလေပင် ဖြစ်ပေသည်။*

(၄) ညီညွတ်ခြင်းမရှိဘဲ အချင်းချင်း ကွဲပြား၍နေသော တိုင်းသူပြည်သားတို့သည် ပြည့်ရှင်မင်း (သို့) အိမ်နီးချင်းနိုင်ငံများ၏ အသက်မွေးကြောင်း၊ လယ်မြေကောင်းမည်၏။

အထက်ပါ နီတိကျမ်းလာ စကားခွန်းကြီးလေးပါးအနက် (၄) နံပါတ်အချက်စကား၌ ““**မညီညွတ်လျှင် ဘုရင့်၏ လယ်ကွင်းကြီးဘဝရောက်တတ်၍ ညီညွတ်လျှင်မူကား၊ လယ်ကွင်းဘဝသို့ ရောက်နေပြီးရာမှ တဖန် လယ်ပိုင်ရှင်ကြီးအဖြစ်သို့ပြန်၍ရောက်နိုင်ပေသည်**”” ဟူသော အဓိပ္ပါယ်သည်လည်း အကျုံးဝင်လျက်ရှိသည်ကို ကျွန်ုပ်တို့တစ်တွေ သတိပြုသင့်ကြပေသည်။

ယခုအချိန်အရ ပြောဆိုရပါလျှင် မြန်မာလူမျိုးတို့အဖို့မှာ ““ဇာတာစန်းလက်၊ ပွင့်လန်းလျက်လာပြီဟု ဆိုရပေမည်။ အဘယ့်ကြောင့်ဆိုသော် ယခုအခါတွင် တောင်ပေါ်သား၊ တောင်အောက်သား၊ မြေပြန့်သား၊ မရွေး၊ မြန်မာနိုင်ငံတွင်း၊ မှီတင်းနေထိုင်ကြသူ (မြန်မာ၊ ရှမ်း၊ ချင်း၊ ကချင်၊ ဖော့၊ ကရင်၊ မွန်၊ ရခိုင်) လူအပေါင်းတို့ တစ်စိတ်တစ်ဝမ်းတည်း သွေးစည်းညီညွတ်၍လာကြကုန်၏။

သည်တွင်မကသေး၊ အချင်းချင်း သွေးစည်းမိခြင်းဟူသော တန်ခိုးဂုဏ်အင်အားနိသင်တို့ကြောင့် နှစ်ပေါင်းခြောက်ဆယ်ကျော်မျှ ဝေးကွာလာခဲ့သည့် မြန်မာ့လွတ်တော်ကြီးကိုလည်း အမျိုးသား အင်အားစုကြီးဖြင့် ယခုအခါတွင် ပြန်လည်တည်ဆောက်နိုင်လာပြီဖြစ်ရကား၊ ယခုလ ဇွန်လ၊ ၁၀ ရက်နေ့မှစ၍ လွှတ်တော်အစည်းအဝေးသဘင် ဆင်ယင်ကျင်းပလျက်ရှိနေသည်မှာ များစွာအားတက်ဖွယ်ကြီးတစ်ရပ် ဖြစ်ပေသည်။

သို့ရာတွင် လမ်းဆုံးသို့ကား မရောက်သေးချေ။ ဤလွှတ်တော်ကြီးမှာ ကိုယ်ပိုင်စိုးမိုးပိုင်ဆိုင်ခြင်း၏ ရေ့ပြေးရောင်ခြည်မျှသာ ရှိသေးလေရာတတဲ့ အချုပ်အချာအာဏာပိုင်ဖြစ်သို့ ရောက်ရန် ယခုရရှိပြီးဖြစ်သော အမျိုးသားအင်အားစုကြီးကို မပြိုမကွဲစေတဲ့ တည်တန့်ခိုင်မြဲသည်ထက် ခိုင်မြဲအောင် အားထုတ်သွားကြရမည်ဖြစ်လေသည်။

လွှတ်တော် စတင်ကျင်းပသည့်နေ့တွင် ခေတ္တသဘာပတိအဖြစ် ဆောင်ရွက်သော ဝန်ကြီးသခင်မြ၏ မိန့်ခွန်းထဲတွင် အချင်းချင်း သွေးစည်းမှုကို အထူးသတိပြုဆောင်ရွက်ကြရန်ဟူသောအချက်တစ်ခုလည်း ပါရှိ၍လာလေသည်။ ၎င်းမှာ-

““ကျွန်ုပ်တို့ တိုင်းရင်းသားအချင်းချင်း မသိမသာ အရာမရောက်သော အပေါ်ရံမြင်ကွင်း အနည်းငယ် ခြားနားမှုတို့ကို တွေ့ရမည်ဖြစ်သော်လည်း အကာကို ပစ်၍ အနှစ်ကိုရှာသောအခါ ကျွန်ုပ်တို့မှာ လူမျိုးကြီး တစ်မျိုးမျှသာဖြစ်နေပါသည်။ အနေအထိုင်၊ အမူအရာ၊ အလေ့အလာအစရှိသောအချက်တို့တွင် မြန်မာပြည်တွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားလူမျိုးစုတို့လောက် တူညီသောလူမျိုးသည် ကမ္ဘာပေါ်တွင် မရှိသလောက်ပင်ဖြစ်လေသည်။ စီးပွားရေး အခြေအနေအားဖြင့်၎င်း၊ နိုင်ငံတော်၏ ရေမြေတောတောင် အနေအထားအားဖြင့်၎င်း၊ မြန်မာနိုင်ငံသည် စိပ်ဖြာခွဲခြမ်း၍ မရနိုင်သောနိုင်ငံလည်းဖြစ်လေသည်။

လူမျိုးနီးနွယ် တူညီမှု၊ ဘာသာစကား နီးနွယ်တူညီမှု၊ ရာဇဝင်အစဉ်အလာ၊ ယဉ်ကျေးမှု၊ အစဉ်အလာ အညီအညွတ်ရှိမှုတို့ကို ထောက်ခြင်းအားဖြင့်လည်း ကျွန်ုပ်တို့ဝယ် အညီအညွတ် ပေါင်းစည်းနိုင်သော တန်ခိုးအာဏာထက်မြက်သော တိုင်းကြီးပြည်ကြီးတို့၏ ဂုဏ်အင်္ဂါအပြည့်အစုံရှိကြောင်းကို သိမြင်နိုင်လေသည်။ ကျွန်ုပ်တို့သည် အချင်းချင်း သံသယရှိခြင်း၊ မယုံမကြည်ဖြစ်ခြင်းစသော ကျဉ်းမြောင်းသော စိတ်ထားတို့ကို ပယ်ဖောက်၍ နှစ်ပေါင်းတစ်ရာခန့် ကျွန်ုပ်တို့ကို သွေးခွဲခဲ့သော တိုင်းတပါးသားတို့၏ စနက်မီးကိုပါ ငြိမ်းသတ်နိုင်ကြပါမူ ကျွန်ုပ်တို့သည် ပြည်သူပြည်သား အားလုံးတို့ ကျေနပ်လက်ခံနိုင်မည့် နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲဖန်တီးနိုင်မည် ဖြစ်လေသည်။ ညီညွတ်သော တန်ခိုးအာဏာထက်မြက်သော တိုင်းကြီးပြည်ကြီးကိုလည်း တည်ထောင် ဖန်တီးနိုင်မည်ဖြစ်လေသည်”” ဟူ၍ဖြစ်၏။

ဤမိန့်ခွန်းစကားမှာ ညီညွတ်ရေးအင်အားစုအတွက် များစွာအဓိပ္ပါယ်လေးနက်သည့် မိန့်ခွန်းစကား ဖြစ်သောကြောင့် အမတ်များသာမက၊ တိုင်းနိုင်ငံသူ လူအပေါင်းတို့အဘို့၌လည်း ဆင်ခြင်တုံတရား ဖြစ်ပွားစေသင့် လှပေသည်။

ကွဲပြားခြင်း၊ ညီညွတ်ခြင်းနှင့် စပ်၍ အိန္ဒိယတိုင်းပြည်နှင့် မြန်မာပြည်တို့၏ အကြောင်းအရာများကို ဆင်ခြင်ကြည့်ပါလျှင် အိန္ဒိယနှင့် မြန်မာတို့သည် ““ကံတူအကျိုးပေး”” ဆိုသကဲ့သို့ မိမိတို့မျိုးရိုးဇာတိဖြစ်သော ဘုရင်ဆုံးရှုံးလျက် လုံးလုံးကြီးအောက်တန်းကျသော အခြေသို့ ဆိုက်ရောက်လျက်ရှိကြသည်မှာ များစွာပင် ထင်ရှားခဲ့လေပြီ။

သူ့ကျွန်အဖြစ်မှ လွတ်မြောက်ရန်အတွက် အမျိုးမျိုးအဖုံဖုံကြိုးစားအားထုတ်၍ လာခဲ့ကြရာ ယခုအချိန်တွင် အိန္ဒိယမှ မဟာတ္တမဂန္ဓီ၊ နေရူးနှင့် ဂျင်းနားစသော မျိုးချစ်ပုဂ္ဂိုလ်ကြီးများသည်၎င်း၊ မြန်မာပြည်မှ ဗိုလ်ချုပ်အောင်ဆန်းကြီးမှူးသော ဖဆပလအဖွဲ့ချုပ်ကြီးသည်၎င်း၊ စိတ်အားထက်သန်စွာနှင့် ဆောင်ရွက်နေကြဆဲပင် ဖြစ်၏။

သို့ရာတွင် အိန္ဒိယနိုင်ငံကြီးမှာ ဇာတိဝါဒဖြင့် မညီညွတ်ခြင်း၊ ဘုရားကိုးကွယ်မှု ဘာသာရေးနှင့် မညီညွတ်ခြင်း၊ ဤအနှောင့်အယှက်ကြီးများက တားဆီးလျက်ရှိနေသောကြောင့်။ (လွတ်လပ်သော သမ္မတနိုင်ငံအဖြစ် ကြေငြာမည်) ဟူ၍ ကြွေးကျော်လာခဲ့ရာမှ။ ယခုအခါတွင် ““ဒိုမီနီယံတည်းဟူသော သောင်ကမ်းတွင် တင်လျက်ရှိနေရရှာလေသည်မှာ။ များစွာဝမ်းနည်းဖွယ်ကောင်းလှလေသည်။

မြန်မာနိုင်ငံမှာ ဇာတိဝါဒအားဖြင့် ကွဲပြားတို့ အကြောင်းမရှိ။ ကိုးကွယ်ရာဘုရားအတွက်ကြောင့်လည်း ကွဲပြားတို့ အကြောင်းမရှိချေ။ ကိုယ့်အမျိုးသား အချင်းချင်းအပေါ်မှာ မာန်၊ မာနကို မဖြုတ်မခွာနိုင်ကြဘဲ၊ မညီမညွတ်ရှိမည် အရေးကို တွေးတော စိုးရိမ်မကောင်းဖွယ်ရာ အချက် တစ်ခုသာ ရှိပေသည်။

ထိုအချက်ကိုလည်း နိုင်ငံအကျိုးသယ်ပိုးရွက်ဆောင်လျက်ရှိကြနေသော အမျိုးသားတိုင်းတို့က သတိတရားရှစွာနှင့်၊ လေးလေးနက်နက် ဆင်ခြင်မိသင့်ကြပေသည်။ ယခုအချိန်ထိ သတိမထားမိကြသေးဘဲ၊ ကွဲမြဲကွဲ၍ အချင်းချင်း မျက်စောင်းတခဲခဲနှင့် မာန်မဲနေကြဦးမည်ဆိုပါလျှင် ....

အထက်တွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံက လူမျိုးခြားမင်း ယနေ့ အိမ်နီးချင်းနိုင်ငံတို့၏ အသက်မွေးဝမ်းကြောင်း၊ လယ်မြေကောင်းကြီးအဖြစ်မှို့မှ မည်သည့်အခါမှလွတ်မြောက်နိုင်လိမ့်မည် မဟုတ်သေးချေ။

လွတ်လပ်ခွင့်ကိုရလျှင် ချောင်ချောင်ချိချိနှင့် မိမိတို့နိုင်ငံနှင့် မိမိတို့အမျိုးကို အမွှမ်းတင်လိုကြပါလျှင် ကွဲပြားခြင်းကို အမွှမ်းတင်၍ မနေသင့်ကြချေ။ အိမ်နီးချင်းနိုင်ငံတို့ ပြုံးအောင်၊ တရုံးရုံးကွဲပြား၍ မနေသင့် ကြပေ။ အမျိုးသားတပ်ပေါင်းစုစည်းလုံးညီညွတ်ခြင်းတည်းဟူသော အင်အားကို မြှောက်၍ ရဲရဲတောက် ဆောင်ရွက်ကြရန်သင့်ပေကြောင်း။ ကောင်းမြတ်သော စိတ်ထားဖြင့် ရေးသားဖော်ပြလိုက်ရပါသတည်းဟု ပါရှိလေသည်။

အချုပ်တင်ပြရရင် ဟိုတုန်းက ဗြိတိသျှအစိုးရ၏ ပရိယာယ်ကိုသိဖို့၊ ခေါင်းဆောင်များ ဝေဖန်ထောက်ပြသလို ယနေ့ ငြိမ်းချမ်းရေးကို မလိုလားသူ ပြည်တွင်းအင်အားစုများနှင့် ပြည်ပနိုင်ငံများ၏ ဩဇာလွှမ်းမိုးမှုများကို တော်လှန်ရေးသတိဖြင့် ဉာဏ်ပညာအမြော်အမြင်နှင့်တုံ့ပြန်ဖြေရှင်းကြပါရန်တိုက်တွန်းအပ်ပါသည်။

> *မြန်မာနိုင်ငံမှာ ဇာတိဝါဒအားဖြင့် ကွဲပြားတို့ အကြောင်းမရှိ၊ ကိုးကွယ်ရာဘုရားအတွက်ကြောင့်လည်း ကွဲပြားတို့ အကြောင်းမရှိချေ။ ကိုယ့်အမျိုးသား အချင်းချင်းအပေါ်မှာ မာန်၊ မာနကို မဖြုတ်မခွာနိုင်ကြဘဲ၊ မညီမညွတ်ရှိမည် အရေးကို တွေးတော စိုးရိမ်မကောင်းဖွယ်ရာ အချက် တစ်ခုသာ ရှိပေသည်။*

# တိုင်းဒေသကြီးနှင့် ပြည်နယ်ခုနစ်ခုရှိ ကျေးရွာပေါင်း ၁၇၀၀ ခန့် မီးလင်းရေးဆောင်ရွက်နိုင်ရန် ကုမ္ပဏီ ၁၆ ခုကို ရွေးချယ်ခဲ့သည်ဟုဆို



နေပြည်တော် အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ခုနစ်ခုတို့ရှိ ကျေးရွာပေါင်း ၁၇၀၀ ခန့်ကို ကျေးလက်မီးလင်းရေးဆောင်ရွက်နိုင်ရန် ကုမ္ပဏီ ၁၆ ခုအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာနက ဇန်နဝါရီ ၂၆ ရက်နေ့တွင် ရွေးချယ်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဘဏ် ချေးငွေဖြင့် ဆောင်ရွက်သည့် ကျေးလက်မီးလင်းရေး စီမံကိန်းများဖြစ်ပြီး ကုမ္ပဏီများအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် စာချုပ်ချုပ်ဆိုပြီးပါက မြေပြင်တွင် လုပ်ငန်းများစတင်ဆောင်ရွက်နိုင်ပြီဟု သိရသည်။



အဆိုပါကုမ္ပဏီများကို နိုင်ငံတကာအကြံပေးပုဂ္ဂိုလ်များနှင့်ကမ္ဘာ့ဘဏ်၏လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်အတည်ပြုခဲ့ခြင်းဖြစ်သည်ဟု လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ပြောကြားချက်အရ သိရသည်။ ကျေးလက်မီးလင်းရေးဆောင်ရွက်ခွင့်ရရှိသည့်ဒေသများမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် နေပြည်တော်တို့ဖြစ်ကြောင်း သိရသည်။

**ကျေးလက်မီးလင်းရေးလုပ်ငန်းများကို ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၃၁၀ ဖြင့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနက အကောင်အထည်ဖော်နေပြီး စီမံကိန်းပထမအဆင့်တွင် မဟာဓာတ်အားလိုင်းစနစ်မှ နှစ်မိုင်အတွင်းရှိကျေးရွာပေါင်း ၅၀၈၀ အတွက် မီးလင်းရေးကို ဆောင်ရွက်နေသည်ဟု သိရသည်။**

၂၀၁၈ခုနှစ် ဒီဇင်ဘာလတွင် ကျေးရွာပေါင်း ၅ ရွာခန့်ကို မီးလင်းနိုင်ရေးအတွက် ကုမ္ပဏီလေးခုတို့အား ပထမဆုံးစတင်လုပ်ကိုင်စေပြီး ယင်းလုပ်ငန်းများမှာ ၂၀၁၉ခုနှစ် စက်တင်ဘာလအတွင်း လုပ်ငန်းများအားလုံးပြီးစီးမည်ဟုဆိုသည်။ ၂၀၃၀ ပြည့်နှစ်တွင် ပြီးစီးရန် ဆောင်ရွက်လျက်ရှိသောအမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း ကျေးလက်မီးလင်းရေးကို ပထမဆုံး မဟာဓာတ်အားလိုင်း၏ ၂မိုင်အတွင်းရှိ ကျေးရွာများ၌ မီးလင်းရေးကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

စီမံကိန်း၏ဒုတိယအဆင့်တွင် မဟာဓာတ်အားလိုင်း၏ ၅ မိုင်ပတ်လည်အတွင်း၊ တတိယအဆင့်တွင် ၅မိုင်အပြင်ဘက်ကို အကောင်အထည်ဖော်မည်ဟု လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးမင်းမင်းဦးက ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂ နှစ်အတွင်း ၁၁ ကေဗွီဓာတ်အားလိုင်းမှ လျှပ်စစ်မီးများပေးရန် ကျေးရွာပေါင်း ၇၅၀ ကျော်မျှရှိနေသည်ဟု လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။

■

# အထက်မြန်မာပြည် စွန့်ဦးတီထွင်ပြိုင်ပွဲ၌ အသက် ၁၁ နှစ်အရွယ်ရှိ ကလေးငယ်တစ်ဦး Peter Robot စက်ရုပ်ပရောဂျက်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်



မန္တလေးမြို့တွင်ပြုလုပ်သည့် အထက်မြန်မာပြည်စွန့်ဦးတီထွင်ပြိုင်ပွဲ၌ အသက်အငယ်ဆုံးယှဉ်ပြိုင်သူအဖြစ် အသက် ၁၁ နှစ်အရွယ်ရှိ မောင်ပြည့်ဖြိုးကျော်သည် Peter Robot စက်ရုပ်ပရောဂျက်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် MPT တို့ ပူးပေါင်းပြုလုပ်သည့် လူငယ်နည်းပညာစွန့်ဦးတီထွင်ဖွံ့ဖြိုးရေးအစီအစဉ် ၂၀၁၉အတွက် အထက်မြန်မာပြည် ဆန်ခါတင်ရွေးချယ်ပွဲကို ဇန်နဝါရီ ၂၆ ရက်နေ့၌ မန္တလေးမြို့ရှိ ICT Park ၌ ကျင်းပခဲ့ကြောင်း သိရသည်။** အသက်အငယ်ဆုံးဝင်ရောက် ယှဉ်ပြိုင်သူ မောင်ပြည့်ဖြိုးကျော်သည် အသက် ၉ နှစ်အရွယ် တတိယတန်းတက်ရောက်စဉ်ကတည်းကပင် ဖခင် ဖြစ်သူ၏သင်ကြားမှုဖြင့် နည်းပညာဆိုင်ရာပရောဂျက်အချို့ကို စတင်ဆောင်ရွက်နေကြောင်း၊ ယခုအသက် ၁၁ နှစ်အရွယ်တွင် အရှေ့ အနောက်ရွေ့လျားနိုင်ခြင်း၊ မြန်မာအသံဖြင့် သီချင်းသီဆိုပြနိုင်ခြင်း၊ ပုံပြင်များပြောပြနိုင်ခြင်း၊ ဂုက်ဂိမ်းများ ဆော့ကစားနိုင်ခြင်းအစရှိသည့် လုပ်ဆောင်ချက်များပါဝင်သော စက်ရုပ်ကို တီထွင်နိုင်ခဲ့သဖြင့် ပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ တီထွင်ဖန်တီးနိုင်မှုစွမ်းရည်မြင့်မားသော လူငယ်မျိုးဆက်သစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ရည်ရွယ်ကျင်းပသည့် မြန်မာလူငယ်နည်းပညာ စွန့်ဦးတီထွင်ဖွံ့ဖြိုးရေးအစီအစဉ် ၂၀၁၉အတွက် အောက်မြန်မာပြည်ကိုယ်စားပြု စွန့်ဦးတီထွင်စီမံကိန်းများရွေးချယ်မှုကို ဇန်နဝါရီ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့၌ ပြုလုပ်ခဲ့ပြီး အထက်မြန်မာပြည်ကိုယ်စားပြုအနေဖြင့် ဇန်နဝါရီ ၂၆ ရက်နေ့၌ မန္တလေးမြို့တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။ အထက်မြန်မာပြည်ကိုယ်စားပြုလူငယ်စွန့်ဦးတီထွင်ဆန်ခါတင်ရွေးချယ်ပွဲ၌ ပြိုင်ပွဲဝင်လူငယ် ၁၅ ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ ယင်းပြိုင်ပွဲတွင် Peter Robot ပရောဂျက်အပြင် စက်သုံးဆီဆိုင်များတွင် ကိုယ်တိုင်ဆီဖြည့်သည့်စနစ်၊ လက်မှုပစ္စည်းအရောင်း အဝယ်ဝက်ဘ်ဆိုက်၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစက်၊ အင်္ဂလိပ်စာသင်ယူနိုင်မည့်စက်ကိရိယာ၊ စိုက်ပျိုးရေးဆိုင်ရာ AI နည်းပညာသုံးပစ္စည်းနှင့် စက်ရုပ်အကျီထုတ်လုပ်မှုလုပ်ငန်း အစရှိသည့်ပရောဂျက် များပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်းသိရသည်။ မြန်မာ့လူငယ်ဖွံ့ဖြိုးရေးအစီအစဉ်သည် အရည်အချင်းရှိသည့်လူငယ်များကို မွေးထုတ်ပေးပြီး ၎င်းတို့၏အရည်အချင်းများကို မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်သည့် လူငယ်များအနေဖြင့် ၎င်းတို့၏နည်းပညာများနှင့်အတူ နိုင်ငံအတွက်လိုအပ်သည့် အခန်းကဏ္ဍမှ ပါဝင်ကူညီနိုင်ရန် စွမ်းဆောင်နိုင်မည်ဖြစ်သည်ဟု မန္တလေးတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်က အဆိုပါပြိုင်ပွဲတွင် ပြောကြားခဲ့သည်။

# ယာဉ်မှတ်ပုံတင်စစ်ဆေးရန် အွန်လိုင်းမှ ရက်ချိန်းရယူသူများ ရက်ချိန်းကို ပယ်ဖျက်ခွင့်မရှိဟုဆို




မော်တော်ယာဉ်မှတ်ပုံတင် မှန်ကန်မှုရှိ/မရှိကို ယာဉ်စစ်ဆေးရန် အွန်လိုင်းမှ ရက်ချိန်းပြုလုပ်ထားသူများအနေဖြင့် ၎င်းတို့ရရှိသည့်ရက်ချိန်းကို ပယ်ဖျက်ခဲ့ပါက နှစ်လအတွင်း ရက်ချိန်းပြန်လည်ရရှိမည်မဟုတ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ဇန်နဝါရီ ၂၃ ရက်နေ့တွင် ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

**အွန်လိုင်းမှ ရက်ချိန်းရယူထားသူများအနေဖြင့် ၎င်းတို့ရယူထားသော ရက်ချိန်းကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၃ ရက်နေ့မှစကာ ရက်ချိန်းပယ်ဖျက်ခြင်း ခွင့်ပြုတော့မည်မဟုတ်ကြောင်း၊ အကယ်၍ ရက်ချိန်းပယ်ဖျက်ခဲ့ပါက နှစ်လအတွင်း ရက်ချိန်းပြန်လည်ရယူနိုင်မှုမရှိအောင် စာရင်းသွင်းပိတ်မည်ဖြစ်ကြောင်း ယင်းကြေညာချက်၌ ဖော်ပြပါရှိသည်။**

မော်တော်ယာဉ်မှတ်ပုံတင်ခြင်းမှန်ကန်မှုရှိ မရှိကို ယာဉ်စစ်ဆေးရန် အွန်လိုင်းစနစ်မှ ရက်ချိန်းရယူထားသူများ အနက် ရာခိုင်နှုန်း ၆၀ ခန့်သာ လာရောက်စစ်ဆေးမှုခံယူပြီး ရာခိုင်နှုန်း ၄၀ မှာ စစ်ဆေးခံမှုမရှိသဖြင့် ရက်ချိန်းပယ်ဖျက်သူများအနေဖြင့် တစ်လကြာမျှ ရက်ချိန်းပြန်လည်ရယူနိုင်မှုမရှိသည့်စနစ်ကို ၂၀၁၈ခုနှစ် အောက်တိုဘာလမှစတင် ကျင့်သုံးခဲ့ကြောင်း သိရသည်။

သို့သော် မသမာသူတချို့သည် မော်တော်ယာဉ်အမှတ်ကို ကြိုတင်စာရင်းပေးသွင်းကာ အွန်လိုင်းမှ ဘွတ်ကင်များ ရယူထားကြောင်း၊ ခွင့်ပြုသည့် မော်တော်ယာဉ်စီးရေပြည့်သွားချိန်တွင်ကြိုတင်ဘွတ်ကင်ပြုလုပ်ထားသည့် မော်တော်ယာဉ်အမှတ်နှင့် အမှန်တကယ်စစ်ဆေးမှု ခံယူလိုသော မော်တော်ယာဉ်အမှတ်တို့ကို အခကြေးငွေယူကာ အစားထိုးပြုလုပ်မှုများနှင့် ကြုံတွေ့နေရကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ကြေညာချက်၌ ဖော်ပြထားသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ယာဉ်မောင်းလိုင်စင်ဖြေဆိုရန်၊ ယာဉ်နှင့် လမ်းစည်းကမ်းသင်တန်းတက်ရောက်ရန်၊ မော်တော်ယာဉ်သက်တမ်းတိုးရန်နှင့် ယာဉ်မှတ်ပုံတင်စစ်ဆေးနိုင်ရန် ကြိုတင်ရက်ချိန်းကို အွန်လိုင်းစနစ်ဖြင့် ရယူနိုင်ရေးအတွက် rtad.gov.mmမှတစ်ဆင့် ဝန်ဆောင်မှုပေးခဲ့ကြောင်း သိရသည်။

ယခင်က ယာဉ်မောင်းလိုင်စင်ဖြေဆိုလိုသူများအနေဖြင့် တန်းစီစောင့်ဆိုင်းခဲ့ရကြောင်း၊ သတ်မှတ်ဦးရေပြည့်သည့်အခါ စောင့်ဆိုင်းသူများအနေဖြင့် နောက်ရက်များတွင် ထပ်မံတန်းစီခဲ့ရကြောင်း၊ ယခုအခါ အွန်လိုင်းစနစ်ဖြင့် ဘွတ်ကင်တင်နိုင်ခြင်းကြောင့် လာရောက်ဖြေဆိုသူများမှာ မိမိတို့ဖြေဆိုရမည့်အချိန်နှင့်တကွ သိရှိနိုင်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူက ပြောကြားသည်။

# ပြည်မြို့တွင် ယာဉ်ထိန်းရဲအယောင်ဆောင်ကာ ဆိုင်ကယ်လိမ်ယူ

ပဲခူးတိုင်းဒေသကြီး ပြည်မြို့အထွက် ပြည်-ပေါက်ခေါင်းကားလမ်းမပေါ်တွင် ယာဉ်ထိန်းရဲအယောင်ဆောင်ကာလမ်းပေါ်၌သွားလာနေသည့်ဆိုင်ကယ်များကို တားဆီးစစ်ဆေးကာ အမျိုးသမီးတစ်ဦးထံမှ ဆိုင်ကယ်လိမ်ယူသွားမှု ဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါ ဆိုင်ကယ်လိမ်လည်သွားသူများကို စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု ပြည်မြို့အမှတ်(၃)ရဲစခန်းမှသိရသည်။ ဖြစ်စဉ်မှာ **ပြည်-ပေါက်ခေါင်းကားလမ်း သရေခေတ္တရာရှေးဟောင်းဇုန် နဂါးတွင်းတံတားအနီးတွင် ဇန်နဝါရီ ၂၈ ရက် မွန်းလွဲပိုင်းက ဘောင်းဘီနက်ပြာနှင့်ရုပ်အင်္ကျီအဖြူဝတ်ဆင်ထားသူအမျိုးသားနှစ်ဦးက မောင်းနှင်သွားလာနေသည့် ဆိုင်ကယ်အချို့ကို ခရာမှုတ်တားဆီးစစ်ဆေးပြီး ဈေးရောင်းရာမှပြန်လာသော အမျိုးသမီးတစ်ဦးကို ဆိုင်ကယ်ဦးထုပ်မဆောင်းသဖြင့် တရားရုံး၌ ငွေဒဏ်ဆောင်ရမည်ဟုဆိုကာ ဆိုင်ကယ်ကိုလိမ်လည်ရယူသွားကြောင်း သိရသည်။**

ယင်းသို့ ဆိုင်ကယ်လိမ်လည်ခံရမှုနှင့်ပတ်သက်၍ ယာဉ်ထိန်းရဲတပ်ဖွဲ့သို့ သွားရောက်အကြောင်းကြားခဲ့ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှ အမျိုးသားယာဉ်ထိန်းများကိုခေါ်ယူစစ်ဆေးခဲ့ရာ ဆိုင်ကယ်လိမ်လည်သွားသူနှစ်ဦးမှာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များမဟုတ်ကြောင်း ဆိုင်ကယ်အလိမ်ခံရသည့် အမျိုးသမီးက ပြောကြားသည်။ ဆိုင်ကယ်လိမ်လည်သွားသူများမှာ ယာဉ်ထိန်းရဲကဲ့သို့ ဝတ်စုံပြည့်ဝတ်ဆင်ထားမှုမရှိဘဲ နက်ပြာရောင် ဘောင်းဘီအရှည်၊ ကော်လာပါရှပ်အင်္ကျီအဖြူ လွယ်ကြိုးပါခရာနှင့် ခြေညှပ်ဖိနပ်တို့ကို သာ ဝတ်ဆင်ထားပြီး ၎င်းတို့ထံ၌ စကားပြောစက်တစ်လုံးလည်းပါရှိကြောင်း ပြည်မြို့အမှတ်(၃)ရဲစခန်းမှ ရဲမှတ်တမ်းများအရ သိရသည်။ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်ထိန်းရဲဝန်ထမ်းအယောင် ဆောင်ကာ ဆိုင်ကယ်လိမ်လည်ရယူသွားသည့် အမည်မသိအမျိုးသားနှစ်ဦးကို ဝန်ထမ်းအယောင်ဆောင်မှု၊ လိမ်လည်မှု၊ ပူးပေါင်းကြံစည်မှုတို့ဖြင့် ပြည်မြို့အမှတ်(၃)ရဲစခန်းက(ပ)၉၂/၂၀၁၉၊ ရာဇသတ်ကြီးဥပဒေပုဒ်မ-၁၇၀/၄၂၀/၁၁၄တို့ဖြင့် အမှုဖွင့်စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

■

www.free4readers.com



# ဒီမိုး ဒီလေ ဒီလူတွေနဲ့

သရဝဏ်(ပြည်)



တစ်နေ့သ၌ ကျွန်ုပ်ထံသို့ စိတ်ဝင်စားစရာ ပါဆယ်ထုတ်တစ်ထုတ် ရောက်လာလေ၏။ ထိုပါဆယ်ထုတ်ထဲတွင် စာအုပ်ကြီးတစ်အုပ်ပါကာ လွန်စွာတိကျခိုင်လုံလှသော အချက်အလက်များဖြင့် ရေးသားထားသော ရင်ဖွင့်စာ တစ်စောင်ကိုတွေ့ရှိရလေ၏ ။ ပို့လိုက်သူ၏ နာမည်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ ဝန်ထမ်းကတ်ပြားမိတ္တူ။ သက်သေအထောက်အထားဓာတ်ပုံများပင် ပါလိုက်သေးရာ မရေရာသောပစ်စာမဟုတ်ကြောင်းသိရလေသည်။ ထိုစာကို ဖတ်ရင်း ဝန်ထမ်းကောင်းမှအစိုးရကောင်းမည်၊ အစိုးရကောင်းမှတိုင်းပြည်ကောင်းမည်ဟူသော စကားကို သတိရမိပေ၏။ ကျွန်တော်တို့နိုင်ငံ၏အချို့သောဝန်ထမ်းများ၊ ဌာနများအကြောင်းကို ဇဝံမေသုတံ၊ ဤသို့ ကြားနာခဲ့ရပေသတည်။

ဆရာ အကူအညီတောင်းပါရစေ‥ ဌာနအကြောင်းလေးတွေပြောချင်လို့ပါ ဘယ်သူ့မှမထိခိုက်ပါဘူး မပြောင်းလဲကြလို့ပါဆရာ‥ ကျွန်မ ဖော်ကောင်လုပ်တယ်လို့ လဲ မသိစေချင်လို့ပါ လက်ရှိတာဝန်ထမ်းဆောင်နေလို့ပါ ဖော်ကောင်မှန်းသိရင် ရာထူးမတိုးပဲ ချောင်ထိုးထားခံရလို့ပါ‥ ဆရာ‥။

ကျွန်မဌာနက စွမ်းအင်ပါဆရာ။ စွမ်းအင်မှာ ဌာနကြီး၃ခုရှိပါတယ် ဓါတ်ဆီဒီဇယ်ဖြန့်ဖြူးရောင်းချတာက ၁။ MPPE ရေနံရောင်းဝယ်ရေး ၂။ MPE ရေနံချက်လုပ်သိုလှောင်ရေး ၃။ MOGE ရေနံရှာဖွေတူးဖော်ရေး ကျွန်မက ၂၀၁၀ မတိုင်ခင်က MPPEတိုင်းရုံး ------မြို့မှာ စာရေးကနေ ဓါတ်ဆီဆိုင်မှာ လက်ထောက်ဆိုင်မန်နေဂျာထိ တာဝန်ကျပြီး ၂၀၁၀ဆိုင်တွေ ပုဂ္ဂလိကလွှဲတော့ ကျွန်မတို့ ဆိုင်ဝန်ထမ်းတွေကို MPEနဲ့ MOGEကို ပြောင်းပေးပါတယ် အဲဒီတုံးက သူတိုပို့တာသွားမလား ပင်စင်ယူမလား ကုမ္ပဏီမှာလုပ်မလား ရွေးချယ်နိုင်းပါတယ်။ ကျွန်မကပို့တာသွားမယ်ဆိုလို့ ယခု MPE အောက်က ဓါတ်ငွေ့ရည်စက်ရုံမှာပါ။ စက်ရုံကကားတွေက တီအီး တီတူး၊ မာဇဒါဂျစ်တွေကို ခရီး တကယ်မသွားပဲ ဆီခွဲတမ်းအကုန် အသုံးပြရောင်းစားနေကြပါတယ်။ ကားပျက်ရင် ပြင်ဆင်စရိတ်ပိုပြကြတယ်။ ကားအပိုပစ္စည်းလဲရှားပါးနေပါပြီ။ မော်ဒန်မြင့်ကား ပေးထားတာလဲ ထည့်ရတဲ့ဆီက ၉၂ အော့တိန်း၊ ပေးတဲ့ခွဲတမ်းက ရိုးရိုး ဓါတ်ဆီကို ရောင်းပြီး ၉၂ ထည့်နေရတယ် ဓါတ်ငွေ့ရည် အရောင်းဆိုင်ကိုလဲ အလှည့်ကျ ဝန်ထမ်းကို တလတစ်ကြိမ် အလှည့်ကျလွှတ်ခိုးနေကြတယ်။ နိုင်ငံပိုင် ရေနံချက်စက်ရုံတွေက ရိုးရိုး ဓါတ်ဆီ ဒီဇယ်ပဲချက်နိုင်ပြီး 92,95 ဝယ်သုံးနေရတာ တစ်နိုင်ငံလုံးက ဌာနတိုင်းကို နိုင်ငံတော်က ဓါတ်ဆီ ဒီဇယ် ခွဲတမ်းပေးပြီး ရတဲ့ကားက မော်ဒယ်မြင့်ကားတွေ ခွဲတမ်းဆီအကုန်ရောင်း 92,95 အပြင်ဆီဆိုင်ဝယ်ထည့်သုံးနေရ၊ စက်ရုံဌာနကြီးတွေက မော်တော်ယာဉ် စက်ပြင်ဝန်ထမ်းတွေကလဲကားဟောင်းပဲပြင်တတ်ပြီး မော်ဒယ်မြင့်ကားတွေမပြင်နိုင်လို့ အပြင်စက်ပြင်ဆရာတွေနဲ့ပဲ ပြင်နေရ စက်ရုံတွေက ခိုးတဲ့ဝန်ထမ်း အရက်သောက် ဖဲရိုက်နေတဲ့ ဝန်ထမ်းတွေကို လစာ ပေးနေရတယ်။ သူတို့က လစာတိုးလိုချင်ကြသေး၊ မသမာမှုမလုပ်မိအောင်ကျွန်မကြိုးစား အလုပ်လုပ်ပါတယ်ဆရာ ・ ・ ・ အရင်MPPE ဆီဆိုင်တုံးကတော့ ၃နှစ်လောက် ခိုးစားခဲ့ပါတယ် ဆရာ။ ခု ပြောင်းလဲချင်လို့ပါ။ စက်ရုံတွေလဲ သက်တမ်းရင့် ကျွမ်းကျင်စက်ပြင်လဲရှား ကားတွေလဲ အိုဟောင်းနေပါပြီ။ မာဇဒါဂျစ်ကို အရာရှိတွေစီးနေပြီး ခါးပါတ်မရှိ ယာဉ်ထိန်းအဖမ်းလွှတ်နေပါတယ်။ နောက်ပြီး MPEအောက်က မလည်ဘဲ ရပ်ထားတဲ့စက်ရုံဝန်ထမ်းတွေကိုလည်း လစာပေးနေရတာ ကြာပါပြီ ကျော်စွာ၊ စလေ၊ ကျွန်းချောင်း၊ သန်လျင် စက်ရုံတွေ ရပ်ထားတာပါ။ ရပ်ထားပေမယ့် ဆီခွဲတမ်းတော့ အကုန်သုံးပါတယ် ကျွန်မ စက်ရုံကလဲ ဂျပန်က ဆောက်ပေးတာပါ အကြွေးမကြေသေးပါဘူး။ MOGE က ပေးတဲ့ဓါတ်ငွေ့ကုန်ကြမ်းလည်း ချက်နိုင်သလောက်မရတော့ပါ အကြွေးမကြေအရှုံးပေါ်။ ဓါတ်ဆီဆိုင်ဘဝက အကြောင်းတွေလဲ ပြောချင်ပါသေးတယ် ဆရာ။ ၂၀၁၀ခုနှစ်နောက်ပိုင်း စက်ရုံတာဝန်ကျတဲ့အချိန် ရုံးချိန်ဆင်းဝန်ထမ်း၁၅၀ကို ရုံးဖွင့်ရက် ဓါတ်ဆီရေသန့်ဘူး၂ဘူးယူခွင့်

MPEအောက်က မလည်ဘဲ ရပ်ထားတဲ့ စက်ရုံဝန်ထမ်းတွေကိုလည်း လစာပေးနေရတာ ကြာပါပြီ ကျော်စွာ၊ စလေ၊ ကျွန်းချောင်း၊ သန်လျင် စက်ရုံတွေ ရပ်ထားတာပါ။ ရပ်ထားပေမယ့် ဆီခွဲတမ်းတော့ အကုန်သုံးပါတယ် ကျွန်မ စက်ရုံကလဲ ဂျပန်က ဆောက်ပေးတာပါ အကြွေး မကြေသေးပါဘူး

စက်ရုံမှူးခွင့်ပြုပေး။ နံနက်ဆင်း၊ နေ့လည်ဆင်း ၊ ညဆင်း အဆိုင်းတွေက ဝန်ထမ်း ၅၀က တဦးကို ၃ဂါလံမှ ၁၀ဂါလံကြားယူ နေ့လည်၁နာရီဆို ဝန်ထမ်း၁၅၀ ကို ဆီ၂ဘူးခွဲတမ်းထုတ်ပေးချိန် ဆီခိုးထုတ်တာ အခန့်မသင့် လူ၅ယောက် မီးလောင်ခံရတာစံပြဆုရတယ်။ မီးလောင်ဖြစ်စဉ်ကို စက်ရုံမှူးနဲ့ ညွှန်မှူးတို့ပေါင်းလိမ်ထားကြတာ၊ လက်ရှိညွှန်မှူးတွေက အရင်က စက်ရုံတွေမှာ အရာရှိတွေနဲ့ ပေါင်းစားခိုးစားခဲ့ကြသူတွေပါ။ အရာရှိကြီးတွေပဲစားရတဲ့ အကြီးစား စက်ရုံလို့ခေါ် ကြတယ်‥‥ စက်ရုံကို MOGE က ပိုတဲ့ဓါတ်ငွေ့ကို အအေးပေါင်းခံ ချက်လုပ်တဲ့ဌာနက ကုန်ထုတ်ဌာန။ ကုန်ထုတ်ဌာနက အဓိကခိုးထုတ်၊ မြူတိန်း၊ ပရိုပိန်းနဲ့ နက်သာဓါတ်ဆီထွက်။နက်သာကို မန်းစက်ရုံပို့တယ်။ လေယာဉ်ဆီအတွက်ပါ ဆီသယ်ယာဉ်ဘောက်ဆာ ဂါလံ၁၆၀၀ ကားအိုနဲ့သယ်နေတာ။ အသွားမင်းဘူးကပိုထည့် အပြန် မန်းကပြန်ထည့်ပေး ခိုးနေကြတုံးပါ။

အနှစ်ချုပ် MOGE မှာ CNG ဆိုင်တွေကို အလှည့်ကျလွှတ် ခိုးနေကြတုံး။ တွင်းတူးအဖွဲ့တိုင်း ယာဉ်ယန္တရားဌာနတိုင်းလဲ လုပ်စားနေကြတုံး။ MPE မှာ စက်ရုံတိုင်း အရှုံးပေါ်၊ မော်တော်ယာဉ်ဌာနကုန်ထုတ်ဌာနအဆိုးဆုံး။ ခိုးနေကြတုံး IPGဆိုင်တွေ အလှည့်နဲ့ လွှတ်ခိုးနေကြတုံး။ စက်ပစ္စည်းယာဉ်တွေလဲမကောင်း။ လူတွေလဲမကောင်း။ ဝန်ထမ်းတွေ စက်ရုံတိုင်းမှာ ဖဲဝိုင်းတွေ အမြဲရှိ၊ ရပ်ထားတဲ့စက်ရုံတွေ အဆိုးဆုံး၊ လစာထုတ် ဆီခွဲတမ်းရောင်းစား။ မန်းသံပုရာကန်ရေနံချက်စက်ရုံကို ဂျပန်က ဆောက်ပေးထားတာ။ ၂၀၁၅/၁၆တုံးက စက်အကြီးစားပြင်တော့ အိန္ဒိယကုမ္ပဏီနဲ့ စာချုပ်ပြင်တာ၊ ပိုက်ဆံပဲကုန် စက်ပျက်တာပဲကျန်။ MPPE မှာတော့ ဆီအရည်သွေးစစ်၊ ဆီဆိုင်လိုင်စင် သက်တမ်းတိုးတာတွေ၊ ဆီလီတာ အချင်တွယ်မှန်မမှန် စစ်တာတွေကို ပုဂ္ဂလိကဆီဆိုင်တွေနဲ့ ပေါင်းစားနေကြတုံးပါ။ အဲဒါလေးတွေကို ဆရာအနေနဲ့ ဆောင်းပါးလေးရေးစေချင်တာပါ။ ကျွန်မလဲ စာရင်းဇယားတော့ လိမ်ပေးနေရတုံး။ IPGဆိုင်ကျရင်

စာ(၂၄)သို့အဆက် -----

ဝန်ထမ်းတွေပင်စင်ယူရင် နေစရာအိမ်မရှိဘူးဆရာ။ ရတုံးကလဲ ၂လုံး ၃လုံးဘောလုံးတွေ လောင်းကြတာ လင်မယား၂ယောက်စလုံးပဲ

လူတွေလဲမကောင်း။ ဝန်ထမ်းတွေ စက်ရုံတိုင်းမှာ ဖဲဝိုင်းတွေ အမြဲရှိ၊ ရပ်ထားတဲ့ စက်ရုံတွေ အဆိုးဆုံး၊ လစာထုတ် ဆီခွဲတမ်း ရောင်းစား။ မန်း သံပုရာကန်ရေနံချက်စက်ရုံကို ဂျပန်က ဆောက်ပေးထားတာ။ ၂၀၁၅/၁၆တုံးက စက်အကြီးစားပြင်တော့ အိန္ဒိယကုမ္ပဏီနဲ့ စာချုပ်ပြင်တာ၊ ပိုက်ဆံပဲကုန် စက်ပျက်တာပဲကျန်။

www.free4readers.com



# ဆင်တစ်ကောင်ကို တရားမဝင်သယ်ဆောင်လာသူများအား အရေးယူ



စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လယ်ဘူးမြို့နယ်၊ ပင်လယ်ဘူး-ကောလင်းကားလမ်းပေါ်တွင် ဆင်(အမ)တစ်ကောင်ကို ပိုင်ဆိုင်မှုအထောက်အထားမပါရှိဘဲ ခေါ်ဆောင်လာသူများအား ဖမ်းဆီးအရေးယူထားကြောင်း ပင်လယ်ဘူးမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၄ ရက်နေ့ နံနက် ၁၀ နာရီခန့်တွင် ပင်လယ်ဘူးမြို့အထွက်၊ ပင်လယ်ဘူး-ကောလင်း ကားလမ်းပေါ်၌ ယာဉ်မောင်းတစ်ဦး၊ ဆင်ဦးစီးတစ်ဦးနှင့် ဆင်(အမ)တစ်ကောင် လိုက်ပါလာသည့် ယာဉ်တစ်စီးကို စစ်ဆေးရေးအဖွဲ့က ရပ်တန့်စစ်ဆေးခဲ့ရာ အခြားယာဉ် တစ်စီးဖြင့် လိုက်ပါလာသည့် ဆင်ပိုင်ရှင်အမျိုးသားမှာ ယာဉ်ကိုမောင်းနှင်ထွက်ပြေးသွားကြောင်း၊ ထို့နောက်ကျန်ရှိသည့်အမျိုးသားများကို စစ်ဆေးရာ ဆင်နှင့်သက်ဆိုင်သော ပိုင်ဆိုင်မှုအထောက်အထားများ နိုင်လုံစွာမတင်ပြနိုင်မှုကြောင့် ရဲစခန်းသို့ခေါ်ဆောင်ကာ အမှုဖွင့်အရေးယူ ထားကြောင်း သိရသည်။

ပင်လယ်ဘူးမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ယာဉ်မောင်းနှင့် ဆင်ဦးစီးတို့ကို ဖမ်းဆီးထားကြောင်း၊ ဆင်ပိုင်ရှင်ဆိုသူမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း၊ ၎င်းသုံးဦးစလုံးကို အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း၊ ဆင်ဦးစီးနှင့် တိမ်းရှောင်လျက်ရှိသော ဆင်ပိုင်ရှင်တို့ကို ပင်လယ်ဘူးမြို့မ ရဲစခန်းက (ပ)၇/၂၀၁၉၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝ ထိန်းသိမ်းရေး နယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

# တောင်နဝင်း ရေလှောင်တမံ အက်ကြောင်း ငလျင်လှုပ်ခတ်မှုကြောင့်ဖြစ်နိုင်သည်ဟုဆို



ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်ရှိ တောင်နဝင်းရေလှောင်တမံတွင် အက်ကြောင်းဖြစ်ပေါ်ရခြင်းမှာ ယင်းရေလှောင်တမံအနီး ဗဟိုပြုကာ မြေငလျင်လေးကြိမ်လှုပ်ရှားခဲ့ခြင်းကြောင့် ယခုကဲ့သို့ ရေလှောင်တမံ၌အက်ကြောင်းပေါ်ပေါက်ခဲ့ခြင်းဖြစ်နိုင်ကြောင်း၊ သို့သော် ဒေသခံများအတွက် စိုးရိမ်ဖွယ်ရာမရှိသော်လည်း အရေးပေါ်စီမံချက်များရေးဆွဲထားကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ တောင်နဝင်းပင်မရေလှောင်တမံထိပ် မျက်နှာပြင်မှာ အလျားပေ ၁၀၀ ခန့်၊ အနက် ၃ ပေခန့်၊ အကျယ် ၃ လက်မခန့်ရှိ ကန့်လန့်ဖြတ် အက်ကြောင်းတစ်ခု ဇန်နဝါရီ ၈ ရက်နေ့မှစတင်ကာ ဖြစ်ပေါ်ခဲ့သဖြင့် ဂျပန်နိုင်ငံမှပညာရှင်တစ်ဦးနှင့် ဘူမိဗေဒပညာရှင်များ၊ ဌာနဆိုင်ရာကျွမ်းကျင်သူများပါဝင်သောအဖွဲ့က မြေပြင်ကွင်းဆင်းစစ်ဆေးပြီးနောက် နောက်ဆုံးအခြေအနေကို ဇန်နဝါရီ ၂၅ ရက်နေ့တွင်သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ပေါက်ခေါင်းမြို့အနီးနှင့် ရေလှောင်တမံအနီးတွင် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၅ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၀ ရက်အတွင်း ရစ်ချ်တာစကေး ၃ ဒသမ ၇ မှ ၅ ဒသမ ၁ အဆင့် ငလျင်လေးကြိမ်လှုပ်ခတ်ခဲ့ကြောင်း၊ ယင်းငလျင်များလှုပ်ခတ်မှု၏ အကျိုးသက်ရောက်မှုကြောင့်တမံအောက်ခြေရှိ အုတ်မြစ်ကျောက်သားများလှုပ်ရှားမှုဖြစ်ပေါ်ကာ တမံထိပ်မျက်နှာပြင်၌ အက်ကြောင်းဖြစ်ပေါ်ခဲ့ရခြင်းဖြစ်နိုင်သည်ဟု ယင်းထုတ်ပြန်ချက်၌ ဖော်ပြပါရှိသည်။

လက်ရှိအခြေအနေမှာ စိုးရိမ်ဖွယ်ရာမရှိသကဲ့သို့ ဌာနဆိုင်ရာမှလည်း ၂၄ နာရီပတ်လုံး အချိန်ပြည့်စောင့်ကြပ်ကြည့်ရှုနေကြောင်း၊ဆည်မြောင်းတာဝန်ခံများကလည်း ဆည်အောက်ဘက်ရှိ ဒေသခံများနှင့်တွေ့ဆုံကာ ဆည်အခြေအနေကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ကောလာဟလသတင်းများကြောင့် ဒေသခံများထိတ်လန့်စိုးရိမ်မှုဖြစ်မည့်အပေါ် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများအား တမံသို့ခေါ်ယူပြီး ရှင်းလင်းတင်ပြခဲ့ခြင်းဖြစ်သည်ဟု ဦးစီးအရာရှိ ဦးထိန်လင်းက ပြောကြားသည်။ တောင်နဝင်းဆည် ရေပြည့်အမှတ်မှာ ၇၉ ဒသမ ၉ မီတာဖြစ်ပြီး ဇန်နဝါရီ ၂၅ ရက်နေ့က တိုင်းတာရာတွင် ၈၈ မီတာသာ ရေသိုလှောင်ထားခြင်းကြောင့် စိုးရိမ်ရန် မလိုအပ်ကြောင်း ဦးထိန်လင်းက အသိပေးပြောကြားသည်။

ယခုအခါ တောင်နဝင်း ရေလှောင်တမံ၏ကိုယ်ထည်နှင့်အောက်ခံအုတ်မြစ်အခြေအနေများကို ဘူမိဗေဒဆိုင်ရာ စူးစမ်းတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

*စာ(၂၃)မှအဆက် -----*

ခွဲတမ်းတော့ ယူနေရတုံးပါ။ မယူရင် တိုင်မှာကြောက်နေကြတာ။ ရုံးချုပ်ညွှန်မှူးတွေကလဲ စက်ရုံမှူးဘဝက ရာထူးတက်သွားကြတဲ့သူတွေ။ စားပါးဝပြီးသားတွေ။ သူတို့ဝန်ထမ်းတွေကိုချုပ်ကိုင်ထား။ ရာထူးတိုးဝန်ထမ်းခန့်တာတွေအပြောင်းအရွှေ့တွေနဲ့လုပ်စားကြ၊ စိတ်ကုန်စရာပါ ဆရာ · · ဆရာ · · အဆိုးဆုံးက ဝန်ထမ်းသားသမီးတွေ အဖေတွေပိုက်ဆံပါလာရင် ခိုးလို့ရကြတာ သိရဲ့သားနဲ့ ဘယ်သူ့အဖေတွေ ပိုရတယ်ဆိုတာကို ပြိုင်၊ မိန်းမတွေကလဲ ပြိုင်၊ နိုင်ငံရေးလဲ စိတ်မဝင်စားဘဲ အခွင့်အရေးပဲ မျှော် · ·။

ရေနံချက်စက်ရုံတွေက ဝန်ထမ်းတွေဆိုရင် အရက်သောက်သူများလာပါတယ်။ တကယ့်အဖြစ်ဟာသတခုရှိပါတယ် စက်ရုံက အရက်သမားဝန်ထမ်းတွေ ဆေးရုံတက်လို့ စက်ရုံမှူးလူနာမေးသွားတာ ဆေးရုံအုပ်က ခင်ဗျားစက်ရုံက · · ရေနံခါတ်ငွေ့ချက်တာလား အရက်ချက်တာလား အမေးခံရပါတယ်။ ဝန်ထမ်းတွေပင်စင်ယူရင် နေစရာအိမ်မရှိဘူးဆရာ။ ရတုံးကလဲ ၂လုံး ၃လုံးဘောလုံးတွေ လောင်းကြတာ လင်မယား၂ယောက်စလုံးပဲ။ ကျွန်မ ဖြစ်စေချင်တာ ဝန်ထမ်းလျှော့ချသင့်သလားလို့ပါ။ ကျန်းမာရေးမကောင်းသူ ၊ အသက်ကြီးသူ ပင်စင်လျော်ကြေးပေး။ လုပ်နိုင်ကိုင်နိုင် ဝန်ထမ်းတွေကို လူလိုအပ်နေတဲ့ဌာနဆိုင်ရာတွေကို ဒေသအလိုက် ပြောင်းရွှေ့ပေး။ မသွားနိုင်ရင် ပင်စင်တင်ပေါ့ ဆရာ·။ ကျွန်မ စက်ရုံဆို ဝန်ထမ်း၁၅၀ လောက်ရှိတာ။ ၅၀လောက်နဲ့ အလုပ်လုပ်လို့ရပါတယ် ဆရာ။ အဲဒါလေး အကြံပြုဆွေးနွေးတာပါ။ ကျွန်မကိုမေးစရာရှိမေးပါဆရာ ·ကျွန်မဖုန်းနံပါတ်က------ --ပါဆရာ။ ကျွန်မလဲအခွင့်အရေးမယူချင်လို့ ရုံးချုပ်အပြောင်းအရွှေ့တင်ထားတာ ဂါရဝ မလုပ်လို့ ပြောင်းမပေးသေးဘူး။ တိုင်းရင်းသားရေးရာဌာနက ခေါ်လို့ ပြောင်းတာလဲ မပြောင်းပေးဘူးဆရာ။ ဂါရဝ မလုပ်ရင် ဘာမှလုပ်မပေးပါဆရာ။ ကျေးဇူးတင်ပါတယ်။ နောက်မှဆက်ပြီး အသေးစိတ်ပြောပြပါဦးမယ်။

သရဝဏ်(ပြည်)

*(အထက်ပါဆောင်းပါးသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်)*

*မပြောင်းလဲကြလို့ပါဆရာ · · ကျွန်မ ဖော်ကောင်လုပ်တယ်လို့လဲ မသိစေချင်လို့ပါ လက်ရှိတာဝန်ထမ်းဆောင်နေလို့ပါ ဖော်ကောင်မှန်းသိရင် ရာထူးမတိုးဘဲချောင်ထိုးထားခံရလို့ပါ· · ဆရာ*

# YBS ပိုက်ဆံပုံးကိုဖျက်ဆီးကာ ကားသော့ခိုးယူသူများအနက် နှစ်ဦးဖမ်းဆီးရမိ

ရန်ကုန်မြို့ သာကေတ မြို့နယ်တွင် ရပ်ထားသည့် YBS ယာဉ်တစ်စီးပေါ်မှ ပိုက်ဆံပုံးကိုဖျက်ဆီးကာ ကားသော့ခိုးယူသူ အမျိုးသား သုံးဦးအနက် နှစ်ဦးကို ဖမ်းဆီးရမိထားကြောင်း သာကေတ နယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၈ ရက်နေ့ ညပိုင်းတွင် သာကေတမြို့နယ် ရေဝဏ်လမ်း၊ ဘုရားလေး လမ်းကွေ့တွင် မောင်းနှင်လာသည့် YBS ယာဉ်တစ်စီးကို ဆိုင်ကယ်တစ်စီးက ဝင်တိုက်မိသောကြောင့် ယာဉ်လိုင်းတူ YBS ယာဉ်တစ်စီးမှ ယာဉ်မောင်းနှင့်အကူတို့က ကူညီဆောင်ရွက်ပေးရန် ယာဉ်ပေါ်မှ ဆင်းသွားစဉ် အမျိုးသားသုံးဦးက ယာဉ်ပေါ်တက်ကာ ပိုက်ဆံပုံးကို ဖျက်ဆီးပြီး ကားသော့ကို ဖြုတ်ယူသွားကြောင်း CCTV မှတ်တမ်းများအရ သိရသည်။

၎င်းအမျိုးသား သုံးဦးကို အရေးယူဆောင်ရွက်ပေးရန် ဇန်နဝါရီ ၂၄ ရက်နေ့၌ သာကေတနယ် မြေရဲစခန်းသို့ တိုင်တန်းခဲ့ကြောင်း သာကေတရဲစခန်းမှ သိရသည်။ ထို့ကြောင့် သာကေတနယ်မြေရဲတပ် ဖွဲ့ဝင်တစ်ဦးက YBS 99 ယာဉ်တစ် စီး သာကေတ မြို့နယ်ရှိ လမ်းဘေးတွင် ရပ်ထားစဉ် ယခုကဲ့သို့ဖြစ်ပွားခဲ့ကြောင်း၊ ဇန်နဝါရီ ၂၄ရက်ညပိုင်း၌ ပြစ်မှုကျူး လွန်သူ နှစ်ဦးကို ဖမ်းဆီးရမိထားပြီး ကျန်တစ်ဦးကို ဆက်လက်စုံစမ်း လျက်ရှိကြောင်းပြောပြသည်။

www.free4readers.com



## အနုပညာကြယ်နှစ်ပွင့်ရဲ့ ခင်မင်မှုသံယောဇဉ်



အနုပညာကြယ်ပွင့် ဆယ်လီနာဂိုမက်ဟာ ပြီးခဲ့တဲ့နှစ်ထဲမှာ စိတ်ရောလူပါမကျန်းမမာဖြစ်သွားခဲ့တဲ့အတွက် ၂ လကျော်ကြာအောင် ဆေးကုသခံခဲ့ရပါတယ်။ အခုတော့ သူမတဖြည်းဖြည်း ပြန်လည်ကျန်းမာလာပါပြီ။ မိသားစုနဲ့ မိတ်ဆွေသူငယ်ချင်းတွေက ဆယ်လီနာကို ကြင်ကြင်နာနာပြုစုစောင့်ရှောက်ကြပါတယ်။ အဲဒီလိုစောင့်ရှောက်အားပေးကြသူတွေထဲမှာ နာမည်ကျော်အဆိုတော် တေလာဆွစ်လည်း ပါပါတယ်။

ဖော်ပြပါပုံမှာ တွေ့မြင်ရသလိုပဲ အပြင်မှာလည်း သူတို့နှစ်ဦးဟာ အတော်ခင်မင်ကြပါတယ်။ ဆယ်လီနာနဲ့ ဆွစ်တို့ရဲ့ခင်မင်မှုသက်တမ်းဟာ ၁၂ နှစ်ကျော် ၁၃နှစ်နီးပါးရှိပါပြီ။ ဆယ်လီနာ ဆေးကုသမှုခံယူပြီးလို့ နေကောင်းသွားကတည်းက သူမတို့နှစ်ဦးဟာ မကြာခဏ ဆက်သွယ်နေခဲ့ကြပါတယ်။ တေလာဆွစ်ဟာ နက်ဗေးလီ၊ လန်ဒန်၊ နယူးယောက်၊ လော့အိန်ဂျလိစ်မြို့ကြီးတွေမှာ တလှည့်စီနေထိုင်ပါတယ်။ ဆယ်လီနာဂိုမက်ကတော့ အခုလောလောဆယ်မှာ Orange County မှာ နေထိုင်ပါတယ်။ အဲဒီလိုတစ်မြို့စီမှာ နေထိုင်ကြတာဖြစ်ပေမယ့် သူမတို့ဟာ မကြာခဏ တွေ့ဆုံဖြစ်ကြပါတယ်။ ဘာကြောင့်လည်းဆိုတော့ တေလာဆွစ်က ဆယ်လီနာဂိုမက်ဆီကို မကြာခဏသွားရောက်လည်ပတ်လို့ပါပဲ။ လော့အိန်ဂျလိစ်မှာရှိနေတဲ့အခါ ဆွစ်ဟာ ဆယ်လီနာဆီကို မပျက်မကွက်သွားရောက်ပြီးနာရီပေါင်းများစွာ ကြာအောင် အတူတကွရှိ နေတတ်ပါတယ်။

ဆယ်လီနာဂိုမက် ပြန်လည်ကျန်းမာလာပြီးနောက် ဒီဇင်ဘာလထဲမှာ ပထမအကြိမ်အပြင်ထွက်တော့ ဆောင်းတဲ့ဦးထုပ်က တေလာဆွစ်ရဲ့ Reputation ဖျော်ဖြေပွဲအထိမ်းအမှတ် ဦးထုပ်ဖြစ်ပါတယ်။ ■




## ပုလဲထက် စိန်ကိုပိုကြိုက်တဲ့ ကိုင်လီဂျန်နာ




အသက် ၂၁ အရွယ် ရုပ်သံအစီအစဉ်စတား ကိုင်လီဂျန်နာက လာမယ့်ဖေဖော်ဝါရီလ ၁၄ ရက် ချစ်သူများနေ့အတွက် လက်ဆောင်ကို စိန်လိုချင်တယ်လို့ ပြောပါတယ်။ ဇန်နဝါရီ ၂၅ ရက်နေ့တုန်းက Youtube မှာတဲ့ ဗီဒီယိုတစ်ခုမှာ ချစ်သူများနေ့နဲ့ပတ်သက်တဲ့ မေးခွန်းတွေကို ဖြေကြားရင်း သူမက အဲဒီလိုပြောခဲ့တာဖြစ်ပါတယ်။

ဝက်ဝံရုပ်ယူမလား၊ လက်ဝတ်ရတနာယူမလားလို့ မေးတဲ့မေးခွန်းကို သူမက လက်ဝတ်ရတနာယူမှာပေါ့လို့ဖြေကြားခဲ့ပြီး ပုလဲလက်ဝတ်ရတနာနဲ့ စိန်လက်ဝတ်ရတနာနှစ်မျိုးထဲမှာ ဘယ်ဟာကို လိုချင်ပါသလဲဆိုတဲ့ မေးခွန်းကို သူမက စိန်ဟာတန်ဖိုးအကြီးဆုံးကျောက်ဖြစ်တယ်လို့ ဖြေကြားခဲ့ပါတယ်။ ချစ်သူတွေ တွေ့ဆုံတဲ့အခါ ညစာစားချင်သလား၊ ရုပ်ရှင်ကြည့်ချင်သလားဆိုတဲ့ မေးခွန်းကိုတော့ သူမက နှစ်မျိုးစလုံးလုပ်ချင်ပါတယ်လို့ ဖြေဆိုခဲ့ပါတယ်။ ၁ မိနစ်သာကြာတဲ့ အဲဒီဗီဒီယိုထဲမှာ စိန်ကိုကြိုက်နှစ်သက်တယ်လို့ ကိုင်လီဂျန်နာ ဖြေဆိုခဲ့တာဟာ ချစ်သူထရာဗစ်စကော့ သိအောင်ရည်ရွယ်တာ ဖြစ်နိုင်တယ်လို့ သူမရဲ့ပရိသတ်တွေက ယူဆကြပါတယ်။





## ချစ်သူသစ်နဲ့တွဲနေတဲ့ ဘရွတ်ကလင်ဘက်ခမ်း

ဘောလုံးကြယ်ပွင့် ဒေးဗစ်ဘက်ခမ်းနဲ့ ဖက်ရှင်ဒီဇိုင်နာဗစ်တိုးရီးယားဘက်ခမ်းတို့ရဲ့သား အသက်၁၉ နှစ်အရွယ် တက်သစ်စဓာတ်ပုံဆရာလေး ဘရွတ်ကလင်ဘက်ခမ်းဟာ ချစ်သူသစ် ဟာနာခရော့နဲ့ တရားဝင်တွဲနေ ပြီဖြစ်ပါတယ်။ သူတို့စုံတွဲဟာ ခုသီတင်းပတ်ထဲမှာအမေရိကန်ပြည်ထောင်စုနယူးယောက်မြို့တော်မှာကျင်းပတဲ့ အခမ်းအနားတစ်ခုကို ဒေးဗစ်ဘက်ခမ်းဇနီးမောင်နှံနဲ့အတူတွဲပြီး တက်ရောက်ခဲ့ပါတယ်။

ချစ်သူသစ် ဟာနာခရော့ဟာ နာမည်ကြီးမော်ဒယ်တစ်ယောက်ပါ။ သူမဟာ အခုလတ်တလောမှာ Select Model Management ကုမ္ပဏီအမေရိကန်အေဂျင်စီ The Lions၊ ပြင်သစ်အေဂျင်စီ Prememium Models ဆိုတဲ့ ကုမ္ပဏီသုံးခုနဲ့စာချုပ်ချုပ်ဆိုထားပါတယ်။





ဘရွတ်ကလင်ဘက်ခမ်းဟာ ချစ်သူပေါင်းလေးယောက်နဲ့ လမ်းခွဲပြီးပါပြီ။ ပထမဦးဆုံးချစ်သူလို့ယူဆရတဲ့ Chloe Grace Moretz နဲ့ အတော်ကြာကြာ တွဲခဲ့ပြီးနောက်မှာ၊ You Tube အဆိုတော် Lexy Panterra နဲ့ ၂ လလောက်တွဲခဲ့ပြန်ပါတယ်။ အဲဒီနောက် ၂၀၁၈ခုနှစ် ဩဂုတ်လထဲမှာ Abi Man-zoni နဲ့တွဲခဲ့တဲ့အပြင်၊ Alex Lee Aillon နဲ့လည်း တွဲခဲ့ပါသေးတယ်။

NEWSWEEK



# “ကိုယ်စောင့်နတ်” ရုပ်ရှင်ဇာတ်ကားကြီးနဲ့ ပရိသတ်အကြိုက်တွေ့နေတဲ့ ထွန်းထွန်း

“အုတ်ကြားမြက်ပေါက်” ရုပ်ရှင်ဇာတ်ကားကြီးနဲ့ အကယ်ဒမီရွှေစင်ဆု ဆွတ်ခူးရရှိခဲ့တဲ့ ထွန်းထွန်းက မြန်မာနယူးဗီခ်ဂျာနယ်မှတစ်ဆင့် အခုလိုပြောကြားလိုက်ပါတယ်။ အကယ်ဒမီရာသီရောက်တော့ ရင်ခုန်ပါတယ်။ ကျွန်တော် အကယ်ဒမီရတဲ့ဇာတ်ကား ဒရာမာဇာတ်ကား မရှိပါဘူး။ မတ်လ ၂၃ရက်နေ့မှာ အနုပညာထူးချွန်ဆု အကယ်ဒမီပေးပွဲကို တာမွေမြို့နယ် ရွှေထွဋ်တင်ကွင်းမှာကျင်းပမှာဖြစ်ပါတယ်။ အနုပညာမောင်နှမတွေ ဘယ်သူပဲရရ လက်ခုပ်တီး ဂုဏ်ပြုအနမ်းပေးဖို့တက်ရောက်မှာပါ။ ဒီနှစ်ထူးခြားတာက သတင်းစာဆရာကြီးများ၊ စာနယ်ဇင်းဆရာကြီးများ ဦးစီးပြီးပေးမယ့် အကယ်ဒမီထူးချွန်ဆုပေးပွဲကြီးလည်း ရှိပါတယ်။ ဧပြီလ ၅ ရက်နေ့ပေးမယ့် အနုပညာရှင်များအတွက် ရင်ခုန်စရာ ပျော်ရွှင်ပွဲလေးတစ်ပွဲကို ဦးမြတ်ခိုင်(စာနယ်ဇင်းဆရာကြီး)၊ ဦးဝင်းငြိမ်း (ရွှေအမြုတေ)၊ ဒေါ်နန်းအိအိဇာ (သရဖူမဂ္ဂဇင်း)ပိုင်ရှင် တို့ ဦးစီးပြီးပေးမယ့် အကယ်ဒမီထူးချွန်ဆုဖြစ်ပါတယ်။ ၂၀၁၈ခုနှစ် အကယ်ဒမီစာရင်းဝင်ရုပ်ရှင်ဇာတ်ကားကြီး(၈၃)ကားထဲကပဲ ရွေးချယ်ပြီးပေးမှာပါ။ ပထမအကြိမ်ပေးမယ့်ပွဲဖြစ်တဲ့အတွက် ကျွန်တော်လည်း မျှော်လင့်ရင်ခုန်မိပါတယ်။ ကျွန်တော့်အသက် ၃၀ ကျော်နေပါပြီ။ ဒါပေမဲ့ကျွန်တော်တကယ်ချစ်မြတ်နိုးတဲ့ အိမ်ရှင်မ မတွေ့သေးပါဘူးဗျာ။ ကျွန်တော့်ရဲ့ ဟာသရုပ်ရှင်ဇာတ်ကားကြီး “ကိုယ်စောင့်နတ်” ကို ရုံပြည့်ရုံလျှံ အားပေးကြတဲ့ ချစ်ပရိသတ်ကြီးအားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ကျွန်တော့်ရဲ့ တစ်ကိုယ်တော် စီးရီးခွေထွက်ရှိပြီးပါပြီ။ “ဒလန်” ရုပ်ရှင်ဇာတ်ကားကြီးကို ဒါရိုက်တာစတီးလ်(ဒွေးမေတ္တာ)ရိုက်ကူးပြီး ပါဝင်သူတွေကတော့ ထွန်းထွန်း၊ ထွန်းကိုကိုထူးခြား၊ စိုးမြတ်သူဇာ၊ သက်မွန်မြင့်၊ အေးမြတ်သူ၊ ရွှေသမီး တို့ ဖြစ်ပါတယ်။ “မိုး” ရုပ်ရှင်ထုတ်လုပ်ရေးက ၁၀ ကားမြောက် ရုပ်ရှင်ဇာတ်ကားကြီး “လူခေါ်ခေါ်ငလောင်း” ဇာတ်ကားကို ဒါရိုက်တာစတီးလ် (ဒွေးမေတ္တာ)ရိုက်ကူးပြီး ထွန်းထွန်း၊ ရဲမင်းပိုင်၊ နေမျိုးအောင်၊ ဇင်ပိုင်၊ မင်းမော်ကွန်း၊ ရွှေသမီး၊ မေမြင့်မိုရ်၊ နန်းခင်ဇေယျာတို့ ပါဝင်သရုပ်ဆောင်ထားပါတယ်။ ပရိသတ်ကြီးကျွန်တော့်ရဲ့ ဇာတ်ကားတွေကိုကြည့်ရှုပြီးစိတ်အပန်းပြေကြမယ်ဆိုရင် သရုပ်ဆောင်ရကျိုးနပ်ပါပြီ။

# အမိမြန်မာပြည်ကို သီချင်းတွေဆိုဖို့ ပြန်ရောက်နေတဲ့ တင်ဇာမော်

ဂီတသက်တမ်းနှစ်(၃၀)ကျော်နေပြီဖြစ်တဲ့ အဆိုတော်တင်ဇာမော်က ပြည်တွင်း(နယ်)Show ပွဲတွေနဲ့ ပြည်ပ Show ပွဲတွေမှာ သီဆိုနေပါတယ်။

၂၀၁၉ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့က မမော် အသက်(၄၃)နှစ်ပြည့်မွေးနေ့ဖြစ်ပါတယ်။ မမော်ရဲ့ မိခင်ဒေါ်သန်းသန်းနွယ်ရှိတော့ အမိမြန်မာပြည်ကို ဇန်နဝါရီလ ၂၁ ရက်နေ့က ပြန်ရောက်နေပါပြီ။ မမော်က တစ်ဦးတည်းသောသမီးဖြစ်တဲ့အတွက် မေမေ့ကို စောင့်ရှောက်နေရတာပါ။ မမော် တစ်ကိုယ်တော်စီးရီး ခွေ(၇)ခွေထွက်ရှိပြီးပါပြီ။ အတွဲခွေတွေနဲ့စုံတွဲသီချင်းတွေလည်းသီဆိုပြီးပါပြီ။ မမော်ရဲ့ ရင်ထဲက ဂီတပိုးတွေ မသေသေးသရွေ့တော့ မမော်သီချင်းတွေဆိုနေရဦးမှာပါ။ တစ်ချိန်က မမော်သီဆိုအောင်မြင်ခဲ့တဲ့ “စွဲလမ်းမှုပြဿနာ” သီချင်းနဲ့ “အချစ်ကျောင်းသူ” သီချင်းတွေကို အခုချိန်ထိ လက်ခံအားပေးနေကြတဲ့ ပရိသတ်ကြီးကို အထူးကျေးဇူးတင်ပါတယ်လို့ ပြောကြားပါရစေ။ “အိမ်” သီချင်း၊ “အိမ်ပြေး” သီချင်း၊ “စိတ်မညစ်နဲ့” သီချင်းတွေကို ကြိုက်ကြတဲ့အတွက်လည်း မမော် ပီတိဖြစ်ရပါတယ်။ မမော်ရဲ့ ၈ ခွေမြောက်စီးရီးခွေကို လာမယ့်မေလထဲမှာထွက်နိုင်အောင် ကြိုးစားနေပါတယ်။ ဧပြီလ(သင်္ကြန်)မှာ မမော်သီချင်းတွေ ဖြေဖျော်ဖို့ အစီအစဉ်ရှိတဲ့အတွက်ကြောင့်ပါ။ ဖေဖော်ဝါရီ ၂၄ ရက်နေ့ မုံရွာမှာကျင်းပမယ့် Show ပွဲကိုသီဆိုဖို့ လက်ခံပြီးပါပြီ။ မတ်လ ၂၀ ရက် Show ပွဲအတွက်လည်း လက်ခံထားပြီးပါပြီ။ မမော်ရဲ့ မိသားစုအကြောင်းပြောရရင် မမော်ရဲ့ခင်ပွန်း ကိုကျော်စိုးအောင်(ခ)မိုက်ကယ်အောင်က အင်္ဂလန်မှာနေထိုင်ပြီးသားသမီးနှစ်ယောက်ကိုပြုစုစောင့်ရှောက်နေပါတယ်။ သားကြီး အောင်မော်စံက ၁၆ နှစ်ရှိနေပြီး အင်္ဂလန်နိုင်ငံက ကောလိပ်ကျောင်းမှာ တက်နေပါတယ်။ သမီးလေး မတင်ဇာအောင်က ၅နှစ်ပြည့်ပြီးပါပြီ။ အင်္ဂလန်နိုင်ငံက မူကြိုကျောင်းမှာ တက်နေပါတယ်။ မြန်မာနယူးဗီခ်ဂျာနယ်ကနေ မမော် အမှတ်တရစကားပြောရရင် မြန်မာပြည်သူပြည်သားအားလုံးစီးပွားရေးတွေ ဒီရေအလားတိုးတက်ကောင်းမွန်ပါစေလို့ မမော် ဆုတောင်းပေးပါတယ်။




# မြစ်ဆုံစီမံကိန်းကို ဆက်လက်လုပ်ဆောင်ရန် ကြိုးပမ်းသူမှာ သမိုင်းတရားခံဖြစ်မည်ဟုဆို

မြစ်ဆုံစီမံကိန်းတည်ဆောက်မှုအပေါ် ကန့်ကွက်ဆန္ဒပြပွဲကို ပြည်သူတချို့နှင့် မြစ်ဆုံအရေးလှုပ်ရှားသူအင်အား ၂၀၀ ခန့်က ရန်ကုန်မြို့တော်ခန်းမရှေ့တွင် ဇန်နဝါရီ ၂၇ ရက်နေ့၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြစ်ဆုံစီမံကိန်းနှင့်ပတ်သက်၍ ကန့်ကွက်ဆန္ဒပြမှုမှာ ဧရာဝတီမြစ်ကို ကာကွယ်ခြင်းသာဖြစ်ပြီး ယင်းဆန္ဒပြကန့်ကွက်မှုများကို အရှိန်အဟုန်မြှင့်၍ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ မြစ်ဆုံစီမံကိန်းကို ဆက်လက်လုပ်ဆောင်ရန် ကြိုးပမ်းသူမှာ သမိုင်းတရားခံဖြစ်မည်ဟု ဆန္ဒပြသူများက ပြောကြားသည်။

ယခင်စစ်အစိုးရခေါင်းဆောင်များက ဧရာဝတီမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကို လက်သိပ်ထိုး ရောင်းစားခဲ့ခြင်းသာဖြစ်ပြီး လက်ရှိ NLD အစိုးရအနေဖြင့် ယင်းဒုက္ခအိုးကြီးကိုဆက်လက်ပိုက်ထားရသည်ဟု ဆန္ဒပြသူတချို့က ပြောသည်။



မြစ်ဆုံစီမံကိန်းသာ ဆောက်လုပ်ပြီးစီးပါက မိမိတို့နိုင်ငံအနေဖြင့် တရုတ်နိုင်ငံကို အမြဲတမ်းကြောက်နေရမည်ဖြစ်ကြောင်း၊ ယင်းဆည်ကြီးကို ချိုးချလိုက်ပါက ဆည်အောက်ပိုင်းရှိ ဒေသခံမြန်မာပြည်သူတိုင်းရင်းသားများမှာ ထောင်နှင့်သောင်းနှင့်ချီ၍ ပျက်စီးမှုဖြစ်ပေါ်နိုင်ကြောင်း၊ မြန်မာပြည်သူတို့အနေဖြင့် မြစ်ဆုံဆည်ကြီးကို မလိုချင်ဘဲ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို ကာကွယ်ရန် အဓိကဖြစ်ကြောင်း၊ ထို့ကြောင့် မြစ်ဆုံစီမံကိန်းတည်ဆောက်မှုကို ကန့်ကွက်ဆန္ဒပြရခြင်းဖြစ်သည်ဟု ဆန္ဒပြရာ၌ပါဝင်သူ တရားလွှတ်တော်ရှေ့နေဦးကြီးမြင့်က ပြောသည်။

မြစ်ဆုံအရေးကန့်ကွက်ဆန္ဒပြမှုကို တရားဝင်စာတင်အကြောင်းကြား၍ လုပ်ဆောင်ခဲ့သော်လည်း ယင်းဆန္ဒဖော်ထုတ်မှုအပေါ် ရဲတပ်ဖွဲ့ဝင်အင်အားအများအပြားချထားပြီး စောင့်ကြည့်မှုကြောင့် ဆန္ဒဖော်ထုတ်သူတချို့က ဝေဖန်ခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှအမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးဂျေယောဝူက မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း လုပ်ဆောင်ရန်ကြိုးပမ်းမှုအပေါ် ကန့်ကွက်ကြောင်းသတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ရာ မြစ်ဆုံအရေးနှင့်ပတ်သက်၍ ရေငုံနှုတ်ပိတ်နေရန်အဆိုပါစီမံကိန်းကို ဆောင်ရွက်မည့် တရုတ်ကုမ္ပဏီ CPI မှလာဘ်ပေးခဲ့သည်ဟု ဖွင့်ချပြောကြားခဲ့ကြောင်းသိရသည်။

မြစ်ဆုံစီမံကိန်းဆက်လက်လုပ်ဆောင်မည်၊ မလုပ်ဆောင်မည်နှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် တိကျစွာအဖြေပေးမှုမရှိကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ ကချင်ပြည်နယ်ခရီးစဉ်အတွင်းတွေ့ဆုံခဲ့သည့် ဘာသာရေး၊ နိုင်ငံရေးနှင့် အရပ်ဘက်အဖွဲ့အစည်းများက ပြောကြားမှုများရှိလာပြီးနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးကလည်း မြစ်ဆုံစီမံကိန်းနှင့်ပတ်သက်၍ ကြေညာချက်ထုတ်ပြန်ခဲ့သဖြင့် ပြည်သူတို့မှာ မြစ်ဆုံအရေးနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများရှိလာကြောင်း သိရသည်။





## ရှာရှင်နတ်ရုပ်အသစ်လဲသည့် အုပ်ချုပ်ရေးမှူးကို အရေးယူပေးရန် တရားရုံးသို့ ဦးတိုက်လျှောက်ထား

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ဆင်ဖြူပြင်ရပ်ကွက်၏ ရှာရှင်နတ်ရုပ်အသစ်လဲလှယ်ခဲ့သည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်ဒေသခံရွာသား ၆ ဦးတို့ကို အရေးယူပေးပါရန် ဇန်နဝါရီ ၂၅ ရက်နေ့တွင် သရက်ချောင်းမြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့ကြောင်း လျှောက်ထားသူဦးဉာဏ်ဝင်း၏ အကျိုးဆောင်ရှေ့နေမှ ပြောကြားသည်။

အဆိုပါဦးတိုက်လျှောက်ထားမှုကို သရက်ချောင်းမြို့နယ် တရားရုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၂၇ ဖြင့်လက်ခံခဲ့ကြောင်း အကျိုးဆောင်တရားလွှတ်တော်ရှေ့နေ ဒေါ်စန္ဒာငွေက ပြောသည်။ အမှုနှင့်ပတ်သက်၍ မြို့နယ်တရားသူကြီးက သက်ဆိုင်ရာရဲတပ်ဖွဲ့သို့ စုံစမ်းစစ်ဆေးရန် တာဝန်ပေးထားကြောင်း၊ ရဲတပ်ဖွဲ့မှ စုံစမ်းစစ်ဆေးပြီးမှသာ သက်ဆိုင်ရာတရားသူကြီးထံသို့ ပြန်လည်တင်ပြမည်ဟု သိရသည်။

ရှာရှင်နတ်ရုပ်ကို လွန်ခဲ့သည့် ၂၃ နှစ်ခန့်က ရပ်ကွက်နေသူများ ကိုးကွယ်လာကြကြောင်းနှင့် ယင်းနတ်ရုပ်ကို မိမိကိုယ်တိုင်လှူဒါန်းခဲ့ကြောင်း အလှူရှင်ဦးဉာဏ်ဝင်းက ပြောကြားသည်။ သို့သော် လက်ရှိရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဒေသခံကျေးရွာသား ၆ ဦးတို့က ယခင်နတ်ရုပ်အဟောင်းကိုဖယ်ရှားပြီး နတ်ရုပ်အသစ်ကို အစားထိုးခဲ့သည်ဟု သိရသည်။ ယင်းကဲ့သို့ နတ်ရုပ်အဟောင်းဖယ်ရှားမှုနှင့်ပတ်သက်၍ မူလအလှူရှင်ဦးဉာဏ်ဝင်းအား အသိပေးမှုမရှိခဲ့ဟုဆိုသည်။

ရှာရှင်နတ်ရုပ်အသစ်လဲမှုနှင့်ပတ်သက်၍ ဒေသခံကျေးရွာသား ဦးဇော်ဝမ်းက ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်နေ့တွင် ရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခဲ့ပြီးမှ နတ်ရုပ်တုအသစ်လဲလှယ်ခြင်းဖြစ်သည်ဟုဆိုသည်။ ယခင်နတ်ရုပ်တုမှာ အင်္ဂတေဖြင့်ထုလုပ်ထားပြီး ယခုအသစ်လဲလှယ်လိုက်သည့်ရုပ်တုမှာမူ သစ်သားဖြင့် ထုလုပ်ထားကြောင်း ဦးဉာဏ်ဝင်းက ပြောသည်။

ရှာရှင်နတ်ရုပ်အသစ်လဲလှယ်မှုနှင့်ပတ်သက်၍ တရားရုံးသို့ဦးတိုက်လျှောက်ထားမှုအပေါ် ထူးထူးထွေထွေ ပြောကြားရန်မရှိကြောင်း၊ တိုင်ကြားထားမှုနှင့်ပတ်သက်၍ လိုက်လံဖြေရှင်းရမည်ဖြစ်ကြောင်း ဆင်ဖြူပြင်ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးရဲဇော်အောင်က ပြောသည်။ ဆင်ဖြူရှင်ရပ်ကွက်နတ်ပွဲကို နှစ်စဉ်ပြာသိုလ၌ စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိကြောင်း ဒေသခံများ၏ပြောကြားချက်အရ သိရသည်။

## ဆက်ကြေးကောက်ခံခြင်းနှင့် ချောင်းမြောင်းပစ်ခတ်ခဲ့သည်ဟု တပ်မတော်၏ထုတ်ပြန်ချက်နှင့် ပတ်သက်၍ဆွေးနွေးဘက်များ၏ ရပ်တည်မှုကို လေးစားရန်လိုသည်ဟုဆို

ကရင်အမျိုးသားအစည်းအရုံး (KNU) အနေဖြင့်ဆက်ကြေးကောက်ခံခြင်းနှင့်တပ်မတော်အပေါ် ချောင်းမြောင်းပစ်ခတ်နေသည်ဟု တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ဇန်နဝါရီ ၅ ရက်နေ့တွင်သတိပေးချက်ထုတ်ပြန်ခြင်းနှင့်ပတ်သက်၍ KNU မှ ရှင်းလင်းချက်ထပ်မံထုတ်ပြန်ခဲ့ကြောင်း သိရသည်။



တပ်မတော်၏သတင်းထုတ်ပြန်မှုတွင် KNU အဖွဲ့က ဆက်ကြေးကောက်ခံမှုတစ်ကြိမ်၊ တပ်မတော်ကို KNU တပ်မဟာ(၅)မှ ချောင်းမြောင်းပစ်ခတ်မှု ၉ ကြိမ်၊ ကားမိုင်းဖြစ်စဉ် ၂ ကြိမ်ပြုလုပ်ခဲ့သည်ဟု သတင်းထုတ်ပြန်ချက်၌ ဖော်ပြခဲ့ကြောင်း၊ ယင်းနှင့်ပတ်သက်၍ KNU ဌာနချုပ်က ဇန်နဝါရီ ၂၆ ရက်နေ့တွင် KNU အဖွဲ့၏ အထွေထွေအတွင်းရေးမှူးချုပ် ပဒိုစောတာဒိုမူး၏ ပြောကြားချက်များဖြင့်ရှင်းလင်းချက်ထုတ်ပြန်ခဲ့ပြီးနောက် ဇန်နဝါရီ ၂၇ ရက်နေ့တွင် စာဖြင့်ရှင်းလင်းချက်ထပ်မံထုတ်ပြန်ခဲ့သည်ဟု သိရသည်။

တပ်မတော်၏သတင်းထုတ်ပြန်ချက်မှာ စွပ်စွဲမှုသက်သက်သာဖြစ်ပြီး မှန်ကန်မှုမရှိကြောင်း၊ တပ်မတော်အနေဖြင့် နှစ်ဘက်အကြား NCA အပေါ် အဓိပ္ပာယ်ဖွင့်ဆိုချက်များမတူညီသည်ကို လက်ခံနိုင်ရန် လိုအပ်ပြီး ဆွေးနွေးဘက်များ၏ ရပ်တည်မှုကို လေးစားကာ ဘုံနားလည်မှုရရှိရေးကို အကောင်အထည်ဖော်ရန် လိုအပ်သည်ဟု KNU ၏ထုတ်ပြန်ချက်၌ ဖော်ပြပါရှိသည်။

ထို့အပြင် NCA အပေါ်တူညီသည့်တုံ့သဘောထား ညှိနှိုင်းမှုမရှိသည့်ကာလတွင်ဖြစ်ပေါ်လာနိုင်သောနှစ်ဘက်သဘောထားကွဲလွဲမှုများကို အင်အားသုံးမဖြေရှင်းရန်နှင့် NCA သဘောတူညီချက်ကို လိုက်နာရမည်ဟုဖော်ပြထားကြောင်း သိရသည်။

တပ်မတော်နှင့် KNU တပ်မဟာ(၅)အကြား ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းမှာ တပ်ပိုင်းဆိုင်ရာဆွေးနွေးပွဲများ မစတင်နိုင်မှုကြောင့် ဖြစ်နိုင်သည်ဟု KNU ဘက်မှ ရှင်းလင်းခဲ့သည်။ ထို့အပြင် နှစ်ဖက်တပ်များမှ ခေါင်းဆောင်များ တွေ့ဆုံမှုမရှိသေးသဖြင့် ရှုမြင်ရာတွင် ကွဲလွဲပြီး ယခုကဲ့သို့ထိပ်တိုက်ရင်ဆိုင်မှုမျိုးဖြစ်ပွားရသည့်အပေါ် သတိမူရန်လိုအပ်သည်ဟု ပြောကြားပြီး နှစ်ဖက်တပ်များ အမြန်ဆုံးတွေ့ဆုံဆွေးနွေးနိုင်ရေးကို ဆောင်ရွက်ရန် ထပ်မံတောင်းဆိုသည်ဟု KNU ၏ရှင်းလင်းချက်တွင်ဖော်ပြပါရှိ ကြောင်း သိရသည်။

KNU အနေဖြင့် တစ်ဆို့နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အဖြေရှာမှုအပါအဝင် နှစ်ဖက်အကြားဘုံသဘောထားများရယူကာ ဖြေရှင်းနိုင်ရေး၊ တပ်မတော်ဘက်မှဖွဲ့စည်းထားသော ညှိနှိုင်းဆွေးနွေးရေးအဖွဲ့၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တို့နှင့်တွေ့ဆုံဆွေးနွေးမှုများကို စဉ်ဆက်မပြတ် ပြုလုပ်ရမည်ဖြစ်သည်ဟု KNU ဘက်မှ ထုတ်ပြန်ခဲ့သည်။

လွန်ခဲ့သည့်နှစ်အတွင်းကလည်း တပ်မတော်နှင့် KNU တပ်မဟာ(၅)တို့အကြား တိုက်ပွဲများဖြစ်ပွားခဲ့သဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် KNU ဗဟိုအဆင့်ခေါင်းဆောင်များ တွေ့ဆုံညှိနှိုင်းခဲ့ရာ၌ ပြေလည်မှုရရှိခဲ့ကြောင်း သိရသည်။

MYANMAR NEWSWEEK Journal

# နေတိုးအဖွဲ့အား နျူကလီးယားလက်နက်အသုံးပြုအောင် ရုရှားတွန်းပို့သလား



နေတိုးအဖွဲ့၏အတွင်းရေးမှူးချုပ်ဂျန်စတိုတင်ဘတ်က ရုရှား၏လုပ်ရပ်များက မိမိတို့အားနျူကလီးယားလက်နက်အသုံးပြုချင်လာအောင် တွန်းပို့နေသည်ဟု မကြာသေးမီက ပြောဆိုလိုက်သည်။ ရုရှားအစိုးရသည် ယခင်သီတင်းပတ်အတွင်း မော်စကိုမြို့တော် အပြင်ဘက်ရှိ ပက်ထရီးယော့ပတ်ခ်တွင် နိုင်ငံခြားသားအရာရှိများ၊ သံတမန်များနှင့် စာနယ်ဇင်းသမားများအား ဖိတ်ခေါ်ကာ နျူကလီးယားလက်နက်အချို့ကို ပြသခဲ့သည်။ ထိုသို့ ဖိတ်ခေါ်ပြသခဲ့ခြင်းကို ရည်ညွှန်း၍ ဂျန်စတိုတင်ဘတ်က အထက်ပါကဲ့သို့ ပြောခြင်းဖြစ်သည်။

မော်စကိုအစိုးရ၏ SSC8 ခရင်ဒုံးကျည်များထုတ်လုပ်ခြင်း၊ စမ်းသပ်ခြင်းသည် စစ်အေးကာလကချုပ်ဆိုခဲ့သော Intermediate Range Nuclear Forces(INF) သဘောတူစာချုပ်ကို ဖောက်ဖျက်ရာရောက်ကြောင်း ထိုသို့ဖောက်ဖျက်ခြင်းသည် ပေါ့တန်သောကိစ္စမဟုတ်သည့်အတွက် နေတိုးအဖွဲ့အနေဖြင့်လည်း နျူကလီးယားလက်နက်အသုံးပြုရန် စဉ်းစားရတော့မည်ဖြစ်ကြောင်း စတိုတန်းဘတ်က ပြောကြားခဲ့သည်။



မော်စကိုအစိုးရ ထုတ်ဖော်ပြသောလက်နက်များကို နေတိုးအဖွဲ့က SSC8 ဟု ခေါ်ဝေါ်သုံးနှုန်းသည်။ ယင်းလက်နက်များသည် လျှင်မြန်စွာသယ်ယူရွှေ့ပြောင်းနိုင်သော လက်နက်များဖြစ်သည်။ ဒုံးပျံများစွာကို ရွေ့လျားလောင်ချာတစ်ခုတည်းဖြင့် ပစ်ခတ်နိုင်သည်။ ထောက်လှမ်းသိရှိနိုင်ရန်ခဲယဉ်းသလို ကာကွယ်တားဆီးရန်လည်းခက်သည်။ ဤလက်နက်များထိမှန်နိုင်သော အကွာအဝေးသည် INF စာချုပ်ပါ တားမြစ်ချက်နှင့်ငြိစွန်းသည်ဟု နေတိုးအဖွဲ့ကဆိုသည်။

၁၉၈၇ ခုနှစ်တွင် အမေရိကန်နှင့် ဆိုဗီယက်ယူနီယံတို့သဘောတူချုပ်ဆိုခဲ့သော INF စာချုပ်၌ "အကွာအဝေးမိုင် ၃၀၀ မှ ၃၄၀၀ အထိ ရောက်ရှိထိမှန်နိုင်သော မြေပြင်အခြေစိုက်ဒုံးကျည်များထုတ်လုပ်ခြင်းသော်လည်းကောင်း၊ စမ်းသပ်ခြင်းသော်လည်းကောင်း မပြုလုပ်ကြရန် နှစ်နိုင်ငံသဘောတူညီကြကြောင်း" ရေးသားထားသည်။

SSC8 လက်နက်များ ရုရှားကအသုံးပြုလာလျှင် ထောက်လှမ်းသိရှိနိုင်ရန်သော်လည်းကောင်း၊ ကြားဖြတ်ဟန့်တားနိုင်ရန်သော်လည်းကောင်း၊ ရှောင်တိမ်းနိုင်ရန်သော်လည်းကောင်း အလွန်ခဲယဉ်းမည်ဖြစ်သည့်အတွက် မိမိတို့အနေဖြင့်လည်း နျူကလီးယားလက်နက်အသုံးပြုပါမှ တော်ကာကျလိမ့်မည်ဟု နေတိုးအဖွဲ့အကြီးအကဲ စတိုတန်းဘတ်က အလေးအနက် ပြောဆိုခဲ့သည်။

ယခုသီတင်းပတ်အတွင်း ဆွစ်ဇလန်နိုင်ငံ ဒါဗို့တွင် ကျင်းပသော ကမ္ဘာ့စီးပွားရေးဖိုရမ် အစည်းအဝေး၌ CNBC သတင်းဌာနနှင့် တွေ့ဆုံရာတွင် နေတိုးအဖွဲ့အကြီးအကဲက ယခုကဲ့သို့ စိုးရိမ်ပူပန်စွာ ပြောကြားခြင်းဖြစ်သည်။

ဝါရှင်တန်အစိုးရကလည်း နေတိုးအဖွဲ့ကဲ့သို့ပင် အလားတူပြောကြားခဲ့သည်။ SSC8 လက်နက်များထုတ်လုပ်ခြင်းသည်လည်းကောင်း၊ စမ်းသပ်ခြင်းသည်လည်းကောင်း INF သဘောတူစာချုပ်ကို ချိုးဖောက်ရာရောက်သည်ဟု ဝါရှင်တန်အစိုးရက အခိုင်အမာဆိုသည်။ သို့ရာတွင်မော်စကိုအစိုးရကမူ ဤလက်နက်များသည်အဝေးဆုံး ၂၉၈ မိုင်အထိသာ ရောက်ရှိနိုင်သည်ဟု စောဒကတက်သည်။

အကယ်၍ INF သဘောတူစာချုပ်မှ အမေရိကန်နုတ်ထွက်ခဲ့ပါက မိမိတို့လက်တုံ့ပြန်မည်ဟု ရုရှားအစိုးရ က ဒီဇင်ဘာလထဲတွင် သတိပေးပြောဆိုခဲ့ဖူးသည်။ ရုရှားသမ္မတဘလာဒီမာပူတင်က "INF သဘောတူစာချုပ်ကို မိမိတို့ချိုးဖောက်ကြောင်း သက်သေအထောက်အထားခိုင်လုံစွာ မပြနိုင်ပါဘဲနှင့် အမေရိကန်စွပ်စွဲနေခြင်းဖြစ်သည်ဟု ဆိုသည်။ မိမိတို့တွင် INF သဘောတူစာချုပ်ကို ပျက်ပြယ်စေလိုသောဆန္ဒမရှိပါ၊ သို့ရာတွင်အကယ်၍ဤစာချုပ်ပျက်ပြယ်ခဲ့ပါမူ လိုအပ်သလိုလက်တုံ့ပြန်ရလိမ့်မည်ဟု ဗလာဒီမာပူတင်က ဒီဇင်ဘာလထဲတွင် ပြောကြားခဲ့သည်။

# ချားလ်နှင့် ဒိုင်ယာနာတို့၏ မရိုးနိုင်သော အိမ်ထောင်ရေးပုံပြင်

ဗြိတိန်နန်းလျာမင်းသားချားလ်နှင့် မင်းသမီးဒိုင်ယာနာတို့၏ အိမ်ထောင်ပြိုကွဲမှုဇာတ်လမ်းသည် ၁၀ စုနှစ်များကြာလာသည့်တိုင် ရိုးသွားခြင်းမရှိဘဲ လူတို့နှုတ်ဖျားတွင် မကြာခဏပြောဆိုနေကြဆဲဖြစ်သည်။ တော်ဝင်စုံတွဲနှင့် နီးစပ်သောအသိုင်းအဝိုင်းတွင် ၎င်းတို့အကြောင်းပြောဆိုသံများ မကြာသေးမီက ပြန်လည်ထွက်ပေါ်လာခဲ့သည်။

ချားလ်နှင့် ဒိုင်ယာနာတို့၏ အိမ်ထောင်ရေးတွင် လျှိုင်းလေထန်နေခဲ့သည်မှာ အတော်စောစောပိုင်းကပင် ဖြစ်ကြောင်း နန်းတွင်းသူ၊ နန်းတွင်းသားတို့ ရိပ်စားမိခဲ့သော်လည်း ပြည်သူအများစု မသိရှိခဲ့ကြပေ။ တော်ဝင်ဇနီးမောင်နှံ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြသည်မှာ ၁၉၉၆ ခုနှစ်တွင်ဖြစ်သော်လည်း၊ ၎င်းတို့၏သံယောဇဉ်ကြိုးမှာမူ ထိုထက် ၁၂ နှစ်စော၍ပြတ်တောက်ခဲ့ကြပြီးဖြစ်သည်။ တနည်းအားဖြင့်ဆိုရလျှင် မင်းသားငယ်ဟယ်ရီ မွေးဖွားချိန်ကပင် ချားလ်နှင့် ဒိုင်ယာနာတို့ ရေစက်ကုန်သွားကြသည်ဟုဆိုနိုင်သည်။



မင်းသမီးဒိုင်ယာနာ အနေဖြင့် မိမိတို့အိမ်ထောင်ရေးဆက်လက်မခိုင်မြဲနိုင်တော့မှန်း ၁၉၈၄ ခုနှစ် သားငယ်ဟယ်ရီမွေးဖွားပြီးစ၌ ပြက်ပြက်ထင်ထင်သိလိုက်ရသည်။ ထီးမွေနန်းမွေဆက်ခံမည့်သားတော်နှစ်ပါးမွေးဖွားပေးပြီးပြီဖြစ်သဖြင့် မိမိတာဝန်ပြီးဆုံးပြီဟု ချားလ်က ဒိုင်ယာနာအား ပွင့်ပွင့်လင်းလင်းထုတ်ဖော်ပြောဆိုလိုက်သဖြင့် ဟယ်ရီမွေးပြီးစတစ်ညတွင် ဒိုင်ယာနာ ငိုခဲ့ရသည်။ ဤအကြောင်းကို ဒိုင်ယာနာမင်းသမီးက သူမ ခင်မင်ယုံကြည်သော နန်းတွင်းဘဏ္ဍာစိုး ပေါ့ဘာရယ်အား ဖွင့်ဟ ပြောပြခဲ့သည်။

အသွင်မတူသော ချားလ်နှင့် ဒိုင်ယာနာတို့သည်မည်သို့မျှမလိုက်ဖက်သော စုံတွဲဖြစ်သည်ဟု ရင်းနှီးသူအတော်များများက မှတ်ချက်ချကြသည်။ မလိုက်ဖက်တကာ့ မလိုက်ဖက်ဆုံးစုံတွဲတစ်တွဲဖြစ်သည်ဟုပင် အချို့က ဆိုကြသည်။ ချစ်သူကာမီလာအပေါ် ချားလ် သံယောဇဉ် အလွန်ကြီးကြောင်း မိမိနှင့်လက်ထပ်ပြီးနောက်ပိုင်းတွင်လည်း ချားလ်၏စိတ်အစဉ်သည် ကာမီလာထံတွင်သာ ရှိနေမြဲဖြစ်သည်ကို ဒိုင်ယာနာကောင်းစွာသိရှိသည်။ ကာမီလာကိစ္စသည် သူတို့အိမ်ထောင်ရေးတွင် ကြီးမားသောဆူးတစ်ချောင်းဖြစ်ခဲ့သည်။

၁၉၉၂ ခုနှစ် နိုဝင်ဘာလမှ စ၍ နှစ်ဦးခွဲခွာနေထိုင်ခဲ့ကြသည်။ ယင်းကာလတွင်ပြုလုပ်သော BBC နှင့် တွေ့ဆုံမေးမြန်းခန်း၌ မင်းသမီးဒိုင်ယာနာက "မိမိတို့အိမ်ထောင်ရေးတွင် ချားလ်နှင့်မိမိအပြင် ကာမီလာလည်းပါဝင်နေရာ လူနှစ်ဦး၏အိမ်ထောင်မဟုတ်ဘဲ လူသုံးဦးပါဝင်သော သုံးပွင့်ဆိုင်အိမ်ထောင်ဖြစ်နေသည်" ဟု ဖြေဆိုခဲ့လေသည်။

www.free4readers.com

To Open Mind and Knowledge of Society

MYANMAR NEWSWEEK

အတွဲ(၂) အမှတ်(၈၀) ၃၁ - ၁ - ၂၀၁၉ (ကြာသပတေးနေ့)

# အထူးအချပ်ပို



Invest Myanmar Summit




မြစ်ဆုံကို ဆန္ဒပြ





လက်ပံတောင်းတောင်စီမံကိန်း မြေသယ်ကားပြုတ်ကျ









မင်းဓမ္မလမ်းမနေအိမ်ဘူဂိုးဝင်ဖောက်ခဲ့သည့် စီစီတီဗီမှတ်တမ်း



ခက်ဝေမိုး



နှန်းယမုံမီရှိ



မိုးယုစံ



သဉ္ဇာထက်ဦး

# အထည်ချုပ်စက်ရုံများတွင် ကလေးလုပ်သားများ မခန့်ရန် ပညာပေးလုပ်ငန်းဆောင်ရွက်မည်



အလုပ်သမားအခွင့်အရေးများ လိုက်နာဆောင်ရွက်သည့်အနေဖြင့် အထည်ချုပ်စက်ရုံများတွင် ကလေးလုပ်သားများမခန့်အပ်ရန် ပညာပေးအစီအစဉ်များဆောင်ရွက်ရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူးဒေါ်ခိုင်ခိုင်နွယ်က ဇန်နဝါရီ ၂၃ ရက်နေ့တွင် ပြောကြားသည်။

**အစီအစဉ်ပထမအဆင့်ကို အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ အသင်းဝင်များ၏စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ဆောင်သွားမည်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် တစ်ဆင့်ခံအလုပ်ရုံများ၌ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကာ တတိယအဆင့်အနေဖြင့် ပြည်တွင်းရှိ လုပ်ငန်းများအားလုံး၌လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဒေါ်ခိုင်ခိုင်နွယ်က ပြောကြားသည်။**

ယင်းအသိပညာပေး အစီအစဉ်များကို ၂၀၁၉ ခုနှစ် မတ်လအတွင်း လုပ်ဆောင်သွားရန်ရည်မှန်းထားပြီး အသိပညာပေးခြင်းနှင့် စစ်တမ်းကောက်ယူခြင်းတို့ကို ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ယင်းဆောင်ရွက်ချက်များ ကို အလုပ်သမားအခွင့်အရေးများအား လိုက်နာသည့်အနေဖြင့် ကလေးလုပ်သားများကိစ္စကို စတင်ကိုင်တွယ်ဖြေရှင်းခြင်းဖြစ်ပြီး အလုပ်သမားများကိစ္စနှင့် ပတ်သက်၍ လုပ်နိုင်သည့်အပိုင်းမှ ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၏ အထည်ချုပ်လုပ်ငန်းများတွင် အဆိုးရွားဆုံးအစီအစဉ်များနှင့် ခိုင်းစေသည့်အလုပ်သမားများမရှိသေးကြောင်း ၎င်းက ပြောသည်။

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် NLD ပါတီဗဟိုသို့ တိုင်ကြားခံရ



တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဒေါ်လဲ့လဲ့မော်နှင့်ပတ်သက်၍ ပြည်သူတစ်ဦး၏တိုင်ကြားစာသည် ဇန်နဝါရီ ၂၄ ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဗဟိုသို့ ရောက်ရှိခဲ့ကြောင်း ပါတီမှပြောရေးဆိုခွင့်ရှိသူ ဒေါက်တာမျိုးညွန့်က ပြောကြားသည်။

**ယင်းတိုင်ကြားစာမှာ သတင်းမီဒီယာများတွင်ပါရှိသည့်အကြောင်း အရာများသာဖြစ်ပြီး အကြောင်းအရာအသစ်မတွေ့ရှိရကြောင်း။ တိုင်ကြားစာနှင့် ပတ်သက်၍ တိုင်ကြားသူကို ခေါ်ယူစစ်ဆေးမည်ဖြစ်ကြောင်း။ သို့သော် အခြားသူများကိုစစ်မေးပြီးမည်သည့်အချက်အလက်အထောက်အထားများ ရရှိသည်ဆိုသည်ကိုမူ မေးမြန်းကြည့်ပြီးမှသာ သိရမည်ဖြစ်ကြောင်း။ အဆိုပါတိုင်ကြားစာတွင် ၁၃ ဦးခန့်က လက်မှတ်ရေးထိုးထားကြောင်း ဒေါက်တာမျိုးညွန့်က ပြောကြားသည်။**

တိုင်ကြားစာနှင့်ပတ်သက်၍ NLD ပါတီ၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဒေါက်တာမျိုးညွန့်က ပြောကြားသည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာဒေါ်လဲ့လဲ့မော်သည် ၎င်း၏ဆွေမျိုးနီးစပ်ပါဝင်ပတ်သက်နေသော GGS ကုမ္ပဏီကို လုပ်ပိုင်ခွင့်ချပေးထားပြီး ၎င်းနှင့်ဆွေမျိုးတော်စပ်သူကို ကိုယ်ရေးအရာရှိခန့်အပ်ထားခြင်းနှင့်ပတ်သက်ကာ သတင်းမီဒီယာများ၌ ရေးသားဖော်ပြထားကြောင်း သိရသည်။

# ခန္တီးမြို့တွင် အဆောက်အအုံဆောက်လုပ်မှုမရှိသော မြေကွက်များ ပြန်လည်သိမ်းဆည်းမှု တိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ တင်ပြမည်ဟုဆို




စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်တွင် အဆောက်အအုံဆောက်လုပ်မှုမရှိသော မြေကွက်ပေါင်း ၇၀၀ ကျော်ကို သက်ဆိုင်ရာမှ ပြန်လည်သိမ်းဆည်းခြင်းနှင့်ပတ်သက်၍တိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ ပြန်လည်တင်ပြမည်ဖြစ်ကြောင်း မြေသိမ်းဆည်းခံရသည့်မြေကွက်ပိုင်ရှင် ဒေါ်ဝင်းမေက ပြောကြားသည်။

**ယင်းကဲ့သို့ မြေကွက်များကို သိမ်းဆည်းရာတွင် အဆောက်အအုံများဆောက်လုပ်ထားမှုမရှိသော မြေကွက်များကို မြေပိုင်ရှင်အား ကြိုတင်အသိပေးမှုမရှိဘဲ ပြန်လည်သိမ်းယူခဲ့မှုအပေါ် ကျေနပ်မှုမရှိသဖြင့် မြေကွက်ပိုင်ရှင် ၂၀၀ ကျော်တို့က လက်မှတ်များ ရေးထိုးကာ ဇန်နဝါရီလ နောက်ဆုံးသီတင်းပတ်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။**

အဆိုပါမြေကွက်များမှာ ယခင်က ချင်းတွင်းမြစ်ရေဝင်ရောက်လေ့ရှိသဖြင့် တစ်ကွက်လျှင် ကျပ်ငါးသိန်းမှ ခုနစ်သိန်းခန့် တန်ဖိုးရှိသော်လည်း ၂၀၁၆ ခုနှစ်တွင် ချင်းတွင်းရေကာတာတာရိုးပြုလုပ်ခြင်း၊ ချင်းတွင်းတံတားချဉ်းကပ်လမ်းဖောက်လုပ်ခြင်းနှင့်ရှမ်း တိုင်းရင်းသားရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပခြင်းတို့ကြောင့် မြေကွက်တစ်ကွက်လျှင် ကျပ်သိန်း ၁၀၀ ကျော်အထိ ဈေးတက်လာချိန်၌ ယခုကဲ့သို့ သိမ်းဆည်းခံခဲ့ရခြင်းဖြစ်ကြောင်း ဒေါ်ဝင်းမေက ပြောကြားသည်။

ယင်းကဲ့သို့မြေကွက်များ ပြန်လည်သိမ်းဆည်းမှုနှင့်ပတ်သက်၍ ခန္တီးမြို့နယ်အုပ်ချုပ်ရေးမှူးဦးခင်မောင်ဆင့်က ယခင် မြေသိမ်းခံတောင်သူများမှ သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်စိစစ်ရေးကော်မတီသို့ တင်ပြတိုင်ကြားလာသည့်အချိန်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က မြို့မြေကွက်ချဲ့စဉ်က ချန်ထားခဲ့သည့်လယ်ယာမြေ ၄၁ ဒသမ ၅၅ ဧကကျန်ရှိခဲ့ကြောင်း။ ယင်းမြေများကို မူလနစ်နာသူတောင်သူများအား ပြန်လည်ပေးအပ်ရန်နှင့် အဆောက်အအုံဆောက်လုပ်မှုမရှိသည့်မြေကွက်များကို ပြန်လည်သိမ်းဆည်းရန်ဆိုသည့် ညွှန်ကြားချက်ပါရှိလာကြောင်း။ ထို့ကြောင့် မိမိတို့မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အနေဖြင့် အဆောက်အအုံဆောက်လုပ်မှုမရှိသောမြေကွက်များကို ပြန်လည်သိမ်းဆည်းခြင်းဖြစ်သည်ဟု ပြောကြားသည်။

ခန္တီးမြို့တွင် ၁၉၉၁ ခုနှစ်က ချင်းတွင်းမြစ်ကမ်းဘေး၌ ကမ်းပါးပြိုနေအိမ်များချထားရန်နှင့် တိုးပွားလာသည့် မြို့လူထုနေထိုင်ရေးအတွက် မြို့ကွက်သစ်များဖော်ထုတ်ရန် လယ်ယာမြေ ၂၂၃ ဒသမ ၁၀ ဧကကို သိမ်းယူခဲ့ပြီး ယင်းမြေရိယာအနက် ၁၈၁.ဒသမ ၅၅ ဧကကို လူနေထိုင်ရန် မြေကွက်ပေါင်း ၁၁၂၀ အကွက်ချထားပေးခဲ့ကြောင်း။ ယင်းတို့အနက် အဆောက်အအုံဆောက်လုပ်မှုမရှိသော မြေကွက်ပေါင်း ၇၁၀ ကို ပြန်လည်သိမ်းယူခဲ့ခြင်းဖြစ်သည်ဟု ခန္တီးမြို့မြေနေရာချထားရေးကော်မတီက ဇန်နဝါရီ ၁၈ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

# တရုတ်နိုင်ငံမှချေးငွေကို ဆောလျင်စွာပြန်လည်ပေးဆပ်ရန် တိုက်တွန်း



ပြည်ပကြွေးမြီများတွင် အတိုးနှုန်းအများဆုံးဖြစ်နေသည့်တရုတ်ချေးငွေကို ဆပ်နိုင်သမျှဆောလျင်စွာ ပြန်လည်ပေးဆပ်သင့်ကြောင်း အုတ်တွင်းမဲဆန္ဒနယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်ချိုချိုက တိုက်တွန်းပြောကြားခဲ့သည်။

**ဇန်နဝါရီ ၂၄ ရက်နေ့ နံနက် ၁၀နာရီတွင် ကျင်းပခဲ့သောဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးဒုတိယနေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈ခုနှစ် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာထုတ်ပြန်ရေးနှင့် ယင်းအစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ-၁/၂၀၁၉တို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များဆွေးနွေးရာတွင် ၎င်းက ယင်းကဲ့သို့ ပြောကြားခဲ့သည်။**

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်မှစ၍ နှစ်အလိုက်ပြည်ပကြွေးမြီလက်ကျန်အခြေအနေကို လေ့လာကြည့်ရာတွင် တရုတ်နိုင်ငံ၏ ချေးငွေလက်ကျန်မှာ အများဆုံးဖြစ်နေသည့်အပြင် ပေးရသည့်အတိုးနှုန်းမှာလည်း အများဆုံးဖြစ်နေသည့်အတွက် တရုတ်နိုင်ငံ၏ချေးငွေလက်ကျန်ကို ဆောလျင်စွာပြန်လည်ပေးဆပ်သင့်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုက ပြောကြားသည်။

ထို့အပြင် ပြည်တွင်းကြွေးမြီ၌ အစိုးရငွေတိုက်လက်မှတ်များ၊ ငွေတိုက်စာချုပ်များ ထုတ်ဝေရောင်းချခြင်းဖြင့် ဘတ်ဂျက်လိုငွေကိုဖြည့်ဆည်းရန် ရည်မှန်းထားကြောင်း ထိုစာချုပ်များကိုအဓိကအားဖြင့် နိုင်ငံတော်ဗဟိုဘဏ်သို့ ရောင်းချခဲ့ခြင်းဖြစ်သောကြောင့် ဘတ်ဂျက်လိုငွေကို ဗဟိုဘဏ်ကသာ ဖြည့်ဆည်းနေရသည့်သဘောဖြစ်နေကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုက ပြောကြားသည်။

ငွေတိုက်လက်မှတ်များ၊ ငွေတိုက်စာချုပ်များကိုလေလံစနစ်ဖြင့် ရောင်းချရာတွင် ပုဂ္ဂလိကဘဏ်များ၊ ငွေကြေးအဖွဲ့အစည်းများက ပိုမိုဝယ်ယူလာရန် အတိုးနှုန်းကို ဈေးကွက်ပေါက်ဈေးဖြင့် သတ်မှတ်ခဲ့ခြင်းကြောင့် လက်ရှိအခြေအနေ၌ အတိုးနှုန်းမှာငွေတိုက်လက်မှတ်များအတွက် ၈ ရာခိုင်နှုန်းမှ ၈ဒသမ ၂ ရာခိုင်နှုန်း၊ ငွေတိုက်စာချုပ်များအတွက် ၉ ရာခိုင်နှုန်းမှ ၉ ဒသမ ၅ရာခိုင်နှုန်းအထိ ရှိနေသောကြောင့် အစိုးရအတွက် အတိုးတာဝန်ကြီးလေးလာနိုင်ကြောင်း။ ထို့အပြင်ဈေးကွက်မှ သတ်မှတ်သည့် အတိုးနှုန်းမှာလည်း ပြည်တွင်းငွေဖောင်းပွမှုနှုန်းနှင့် တိုက်ရိုက်ဆက်စပ်နေသည်ကို သတိပြုသင့်သည်ဟု ဒေါ်ချိုချိုက ပြောသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အစိုးရ၏ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာတွင် မြန်မာနိုင်ငံမှပြည်ပသို့ ပေးဆပ်ရန်ကျန်ရှိနေသော ကြွေးမြီမှာ ၂၀၁၈ ခုနှစ် မတ် ၃၁ နေ့အထိ အမေရိကန်ဒေါ်လာ ၁၀၂၀၀ ဒသမ ၁၇၀ သန်း ကျန်ရှိနေပြီး ပြည်တွင်းကြွေးမြီမှာ ကျပ် ၂၀၇၂၄ ဒသမ ၆ ဘီလီယံရှိကြောင်း သိရသည်။

■

# ပြည်တွင်းပညာရှင်များဖြင့် မြန်မာ့မီးရထားစက်ခေါင်းသစ်ငါးလုံး တပ်ဆင်ထုတ်လုပ်မည်




**မြန်မာ့မီးရထားလုပ်ငန်း သည် ပြည်တွင်းပညာရှင်များဖြင့် မီးရထားစက်ခေါင်းသစ်ငါးလုံး တပ်ဆင်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း နေပြည်တော် ရထားစက်ခေါင်းစက်ရုံမှူး ဦးမြင့်နိုင်က ပြောကြားသည်။**

လက်ရှိတွင် မြန်မာ့မီးရထားလုပ်ငန်းသည် တရုတ်နိုင်ငံမှ ပညာရှင်များနှင့်ပူးပေါင်းကာ နေပြည်တော်စက်ခေါင်းစက်ရုံ၌ ရထားစက်ခေါင်းအသစ် ၁၀လုံးကို စီမံချက်ဖြင့် တပ်ဆင်ထုတ်လုပ်နေပြီး ယင်းစီမံကိန်းပြီးစီးပါက မီးရထား

စာမျက်နှာ(၁၉)သို့ -

www.free4readers.com



# ကျောင်းနေအရွယ်ကလေးများ၏ ဂိမ်းစွဲရောဂါ

မိတ်ဆွေတစ်ဦး၏ သားလေးက ရန်ကုန်သယ်နန်းကျွန်းရှိ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်တက်နေသည်။ ဖခင်ဖြစ်သူက သားဖြစ်သူကို နေ့စဉ် နံနက်တိုင်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ကိုကျောင်းပေါက်ဝထိ လိုက်ပို့သည်။ ဒါပေမယ့် သားဖြစ်သူက ဖခင်ပြန်သွားသည်နှင့် ဆေးကျောင်းအနီးရှိ ဂိမ်းဆိုင်မှာ သွားပြီး တစ်နေကုန် ဂိမ်းဆော့သည်။ ကျောင်းကို မတက်၊ ဒီတော့ ကျောင်းခေါ်ချိန်မပြည့် စာမေးပွဲကျ၊ ဒီဘားထိပြီး စာမေးပွဲ ဖြေဆိုခွင့်မရ၊ မိဘတွေခင်များမှာလည်း ဒီသားစိတ်နဲ့ စိတ်ဆင်းရဲရရှာသည်။ ဒါနဲ့ မပြီးဘူး ဂိမ်းဆိုင်မှာ ညလုံးပေါက်ကစားပြီး မနက်မှ အိမ်ပြန်လာတဲ့အထိ ဂိမ်းစွဲတဲ့ရောဂါက ရင့်လာတာပါပဲ၊ ဒီလိုမျိုး ဂိမ်းစွဲရောဂါဟာ သူငယ်ချင်းတွေ မိသားစုဝင်တွေနဲ့ ပတ်ဝန်းကျင်အပေါ်မှာ စိတ်ဝင်စားမှုလုံးဝမရှိတော့ဘဲ ဂိမ်းကစားချင်တဲ့စိတ်သာရှိနေခြင်းပင်၊ နိုင်ငံတကာမှာတော့ ဂိမ်းစွဲသည့်ရောဂါကို အရက်စွဲရောဂါ၊ ဘိန်းစွဲရောဂါနှင့်အတူတူပင်ဖြစ်သည်ဟု သတ်မှတ်ကြသည်။ အရက်စွဲနေသူက အရက်ကို အသက်သေသည်အထိ သောက်သည်။ ဘိန်းစွဲသည့်သူက ဆေးလွန်ပြီး အသက်အန္တရာယ်ရှိသည်အထိသုံးသည်။ ဂိမ်းစွဲသည့်သူက ကွန်ပျူတာရှေ့မှာ ထမင်းမေ့ဟင်းမေ့ အိပ်ရေးပျက် ကျန်းမရေးထိခိုက်သည်အထိ ဂိမ်းကစားသည်။

တရုတ်နိုင်ငံ၊ ထိုင်ဝမ်နိုင်ငံတွေမှာ ဂိမ်းစွဲပြီး မိုးလင်းမိုးချုပ် ကစားလို့ အသက်ဆုံးရှုံးသွားသူတွေ မနည်းတော့ပေ။ ၁၉၉၄ ခုနှစ်မှစ၍ ဗီဒီယိုဂိမ်းကစားခြင်းခေတ်စားလာသည်။ တောင်ကိုရီးယားနိုင်ငံမှာ ဂိမ်းစွဲရောဂါကို ပြည်သူတွေအတွက် အန္တရာယ်ရှိသည်ဟု သတ်မှတ်ကြသည်။ အင်တာနက်ကဖေးတွင် အချိန်ကြာမြင့်စွာထိုင်ပြီး ဂိမ်းကစား၍ သွေးခဲသေဆုံးမှုတွေ များပြားလာသည်ကို တွေ့ရသည်။



ကျောင်းနေအရွယ်ကလေးများအချို့မှာ ကျောင်းပြီးချိန်မှာ အချိန်ရလျှင် ရသလိုဂိမ်းကစားကြသည်။ တချို့မိဘများမှာ မိမိ၏သားသမီးများကို အိမ်မြဲစေရန် အိမ်တွင် ဂိမ်းစက်များဝယ်ပေး၍ ဆော့ကစားစေသည်။ ထိုသို့ ဆော့ကစားရာမှ ဂိမ်းစွဲရောဂါရကြသည်။

ဗီဒီယိုဂိမ်းထုတ်လုပ်သူများက မိမိတို့၏ ဂိမ်းများကို လူငယ်များကစားချင်စိတ်ပေါ်ပေါက်အောင် နည်းလမ်းမျိုးစုံ၊ စိတ်ကူးမျိုးစုံနှင့် တီထွင်ကြံဆကြသည်။ ၎င်းတို့၏ ဈေးကွက်ကို မသိနားမလည် ဖြူစင်ရိုးသားသည့် လူငယ်များကို ပစ်မှတ်ထားသည်။ ကိုယ့်စိတ်ကိုမထိန်းနိုင်သည့်အရွယ်၊ မိမိ၏အချိန်ကိုမည်သို့ စီမံခန့်ခွဲရမည်ဆိုသည်ကို ဆုံးဖြတ်ချက်ချရန် မရင့်ကျက်သေးသည့်အရွယ်ကို ပစ်မှတ်ထားသည်။ တစ်ခါတရံ ကြော်ငြာများတွင်ပင် ၎င်းတို့၏ဂိမ်းမှ မည်သို့ စွဲလန်းစရာကောင်းသည်ဟူ၍ပင် ကြော်ငြာလိုက်သေးသည်။ မိဘများက မည်သို့ပင် သားသမီးများကို ဆုံးမသွန်သင်ပါသော်လည်း ဂိမ်းစွဲသွားသည့် လူငယ်လေးများကို မိမိစိတ်ကို မိမိထိန်းနိုင်ပြီး ဂိမ်းမကစားဘဲနေနိုင်ရန်မှာ ခက်ခဲလွန်းလှသည်။ အရက်စွဲသူ၊ ဘိန်းစွဲသူများကို အရက်ဖြတ်၊ ဘိန်းဖြတ်သလိုပင် ကုသရသည့်သဘောရှိသည်။ ဂိမ်းစွဲရောဂါစွဲလမ်းမှုများပြားလာသည်ကို အမေရိကန်ဆေးပညာရှင်အသင်းမှ သုတေသီများ၊ ပညာရှင်များက ဖြေရှင်းနိုင်မည့် နည်းလမ်းကို ကြံဆကြသည်။ ကန့်သတ်ချက်ဖြင့် ဗီဒီယိုဂိမ်းကို အချိန်ပိုင်းကစားခြင်းမှ အကျိုးကျေးဇူးရနိုင်သည်များရှိသော်လည်း မိမိစိတ် မိမိမထိန်းနိုင်ဘဲ အချိန်အတိုင်းအတာမရှိ ဂိမ်းကစားခြင်းကြောင့် ဂိမ်းကို စိတ်ရောဂါတစ်ခုလို စွဲလန်းသွားနိုင်သည်။

ဂိမ်းစွဲခြင်းမှ မိမိစိတ် မိမိထိန်းသိမ်း၍ ဂိမ်းကစားခြင်းကန့်သတ်ရန်အတွက် ဂိမ်းစွဲသူသည် ဂိမ်းကစားပါက တစ်နာရီခြားတိုင်း အနားယူသင့်သည်။ ဂိမ်းကစားရာတွင် အသုံးပြုမည့်ငွေကို လျှော့ချရမည်။ ခန္ဓာကိုယ်လှုပ်ရှားမှုပါဝင်သော ဂိမ်းကို ကစားသင့်သည်။ မိသားစုပါဝင်ကစားနိုင်သည့် ဂိမ်းကို ကစားရမည်။ မိမိကလေးများ ဂိမ်းကစားသည့်အချိန်ကို မကန့်သတ်နိုင်ပါက ဂိမ်းစက်ကို သိမ်းဆည်းရမည်။ တစ်နေရာတွင် ဖွက်ထားရမည်။ နားလည်အောင်ရှင်းပြရမည်။

တချို့ကလေးများမှာ ရက်စက်သည့် ကစားနည်းများပါဝင်သည့် ဂိမ်းကို ကစားရာမှာ ရိုင်းစိုင်းလာပြီးရန်ဖြစ်ခြင်း၊ အနိုင်ကျင့်ခြင်း စသည့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှု လျော့နည်းလာသည်။ ကျန်းမာရေးထိခိုက်လာသည်။ ပညာရေးဘက်တွင် ညံ့ဖျင်းလာသည်။ မိမိ ကလေး၏ ဂိမ်းကစားသည့်အချိန်ကာလကို တဖြည်းဖြည်းချင်းလျှော့ချရမည်။ တခြားကိုယ်လက်လှုပ်ရှားမှုများ၊ ဂီတာတီးခြင်း၊ စန္ဒယားတီးခြင်းတို့ကဲ့သို့ လှုပ်ရှားမှုများဖြင့် အာရုံပြောင်းရမည်။ မိသားစုနှင့် အချိန်ပေးရမည်။ ဂိမ်းကစားခြင်း၏ ဆိုးကျိုးများကို ရှင်းပြရမည်။ ဂိမ်းစွဲခြင်း၏ ဘေးထွက်ဆိုးကျိုးများမှာ ဂိမ်းမစားရပါက ဂဏာမငြိမ်ဖြစ်လာမည်၊ မိသားစုအား ဂိမ်းကစာခြင်းနှင့်ပတ်သက်၍ လိမ်လည်ပြောဆိုလာမည်။ ဗီဒီယိုဂိမ်းကစားသည့်အချိန် ကြာမြင့်ခြင်းကြောင့် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်နိုင်သည်။ နောက်ဆုံးလေ့လာတွေ့ရှိချက်များအရ Shooter Game ကဲ့သို့သော သေနတ်ပစ်ကစားနည်းမှာ ဦးနှောက်၏ Hippocampus ဧရိယာကို ထိခိုက်နိုင်ကာ ဦးနှောက် Cell များကို ထိခိုက်စေသည်ဟု ဆိုသည်။ ငါးနာရီထက်ကြာပြီး ဂိမ်းကစားပါက ကျန်းမာရေးထိခိုက်စေသည်၊ အွန်လိုင်းဂိမ်းကစားခြင်းကြောင့် ဆိုင်ဘာအနိုင်ကျင့်မှုများ၊ လိင်မှုဆိုင်ရာ စော်ကားခံရမှုများ ရှိလာနိုင်သည်၊ သုံးနာရီထက်ပိုပြီး ဂိမ်းကစားပါက မျက်စိကျန်းမာရေး ထိခိုက်ပြီး မျက်လုံးအောင့်ခြင်း၊ အမြင်ဝါးခြင်း၊ ခေါင်းကိုက်ခြင်းများဖြစ်လာနိုင်သည်၊ ဂိမ်းအချိန်ကြာမြင့်စွာ ကစားခြင်းကြောင့် အချိန်ဖြုန်းတီးရာရောက်ပြီး အချိန်ကို အကျိုးမရှိဘဲ ကုန်ဆုံးစေသည်။

ဂိမ်းစွဲခြင်းကြောင့် စိတ်ကျရောဂါ၊ စိုးရိမ်သောကများခြင်း၊ ပတ်ဝန်းကျင်နှင့် သဟဇာတမဖြစ်ခြင်းများ ပေါ်ပေါက်လာမည်၊ ဂိမ်းစွဲရောဂါကို သဘာဝနည်းအတိုင်း ကုသနိုင်ရန် ဂိမ်းစွဲနေသည့် လူငယ်ဟာ ဂိမ်းသည် မိမိအပေါ် မည်သို့မျှ အကျိုးမရှိကြောင်း မည်သို့မှ အရေးမကြီးကြောင်း နားလည်အောင် ရှင်းပြရမည်။

ယနေ့ခေတ်မြန်မာလူငယ်လူရွယ်လေးများ ပညာရေးနှင့်လူမှုဘဝကို မည်သို့မျှ အကျိုးမပြုသည့် ဂိမ်းကစားနည်းနှင့်ပတ်သက်သည့် စီးပွားရေးလုပ်ငန်းများကို လိုင်စင်ခွင့်ပြုခြင်းမှာ အနာဂတ်မြန်မာနိုင်ငံ လူငယ်လူရွယ်လေးများကို အဆွှန့်ချိုးသည်နှင့်တူသည်။ ဂိမ်းကစားခြင်းကို စွဲလန်းခြင်းမှာ မူးယစ်ဆေးဝါးစွဲလမ်းခြင်းနှင့်အလားတူသည်ဖြစ်ရာ ဂိမ်းကစားသည့်ဆိုင်များကို ကျောင်းများအနီး တက္ကသိုလ်များအနီးတွင် ဖွင့်လှစ်ခဲ့ပါက ဝိတ်ပင်သင့်သည်။ သို့မှသာ အနာဂတ်အတွက် လူငယ်များမှာ နေခြည်အောက်မှ ပွင့်လန်းသည့် ပန်းများ သဖွယ် ပွင့်လန်းနိုင်မည်ဖြစ်သည်။

---

စာမျက်နှာ(A)မှအဆက် -----

အဲဒီလိုရပ်ဆိုင်းထားပြီး နောက်ပိုင်း လေးငါးလ လောက်အကြာမှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးဂျေယောဝုထံကို တရုတ်ကုမ္ပဏီစီပီအိုင်က GM နဲ့အဖွဲ့ ဝင်တွေရောက်ရှိလာပြီး ဦးဂျေနဲ့တိုင်ပင်ချင်တယ်လို့ဆိုပါတယ်။ ဦးဂျေက သူ့အနေနဲ့ ဘာအကူအညီပေးရမလဲလို့ မေးမြန်းတဲ့အခါမှာ မြစ်ဆုံကိုပြန်လည်အသက်သွင်းဖို့လုပ်ဆောင်တဲ့နေရာမှ ရေငုံနှုတ်ပိတ်နေဖို့ ပြောပါတယ်။ နောက်ပြီး ဘဏ်အကောင့်တစ်ခုနှစ်ခုလောက်ကိုပေးပါလို့လည်း ဦးဂျေကို ပြောဆိုခဲ့တယ်လို့ဆိုပါတယ်။

အဲဒီအခါမှာ လွှတ်တော်ကိုယ်စားလှယ်ဦးဂျေယောဝုက သူ့အနေနဲ့ ဒေသခံကချင်လူမျိုးတွေနဲ့ နိုင်ငံတော်အတွက်အသက်ပေးကာကွယ်ရမှာဖြစ်တယ်လို့ ပြောဆိုခဲ့ပါတယ်။ စီပီအိုင်ကုမ္ပဏီက အဲဒီနောက်ပိုင်းမှာ သူနဲ့ဘာအဆက်အသွယ်မှမလုပ်တော့ပါဘူး။ မြစ်ဆုံစီမံကိန်းနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဟာဆက်စပ်နေတယ်လို့ သုံးသပ်သူ တချို့က ပြောကြားတဲ့အပေါ်မှာ ဦးဂျေ ယောဝုက ငြိမ်းချမ်းရေးဆိုတာ ကိုယ်တိုင်လုပ်ယူမှုရတာပါ။ ငြိမ်းချမ်းရေးအတွက် မြစ်ဆုံစီမံကိန်းကို တရုတ်ကုမ္ပဏီကို လုပ်ကိုင်ခွင့်ပေးမယ်ဆိုတာမျိုးတော့ သူ့အနေနဲ့လက်မခံနိုင်ဘူးလို့ဆိုပါတယ်။ မြစ်ဆုံစီမံကိန်းသာအကောင် အထည်ပေါ်ခဲ့မယ်ဆိုရင် အဲဒီစီမံကိန်းရဲ့ အောက်ပိုင်းမှာရှိနေတဲ့ ဒေသခံတွေအနေနဲ့ ရတက်မအေးနိုင်ဘူးလို့ ဦးဂျေယောဝုက ဆိုပါတယ်။

တရုတ်နိုင်ငံက China Communication Construction ကုမ္ပဏီလီမိတက်နဲ့ လုပ်ငန်းဆောင်ရွက်ဖို့ စာချုပ်ချုပ်ဆိုထားတဲ့ မလေးရှားနိုင်ငံရဲ့ ကန်ဒေါ်လာ ၂၀ ဘီလီယံတန်ဖိုးရှိတဲ့ East Coast Rail Link ရထားလမ်းစီမံကိန်းကို ဖျက်သိမ်းမယ်ဆိုတဲ့အကြောင်း မလေးရှားနိုင်ငံ စီးပွားရေးဆိုင်ရာဝန်ကြီးက ဇန်နဝါရီ ၂၆ ရက်နေ့မှာ ပြောကြား ခဲ့တယ်လို့သိရပါတယ်။

အဲဒီစီမံကိန်းဟာ ကုန်ကျစရိတ်များလွန်းတာကြောင့် အခုလို ဖျက်သိမ်းဖို့ လုပ်ဆောင်ခဲ့တယ်လို့ မလေးရှားစီးပွားရေးဝန်ကြီးကဆိုပါတယ်။ ဒါပေမဲ့ မလေးရှားအစိုးရအနေနဲ့ တရုတ်နိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှုတွေကို ကြိုဆိုသွားမှာဖြစ်ကြောင်း အာမခံပြောကြားခဲ့ပေမယ့် ရထားလမ်းတည်ဆောက်ဖို့ကုန်ကျစရိတ်ကတော့ များပြားလွန်းလို့ မလေးရှားအစိုးရအနေနဲ့ ငွေကြေးမတတ်နိုင်လို့ အခုလိုဖျက်သိမ်းလိုက်ရဖြစ်တယ်ဆိုပြီး ဝန်ကြီး Azmin ကပြောပါတယ်။

အဲဒီစီမံကိန်းအတွက် တစ်နှစ်မှာအတိုးနှုန်းတစ်ခုထဲကပဲ ကန်ဒေါ်လာ သန်း ၁၂၀ လောက်ကုန်ကျမှာဖြစ်ပြီး ငွေကြေးမတတ်နိုင်တာကြောင့် မလေးရှားအစိုးရအနေနဲ့ စီမံကိန်းကို ဖျက်ခဲ့ရတယ်လို့ဆိုပါတယ်။ ဒါကိုကြည့်ရင် တရုတ်တို့ရဲ့ စီးပွားရေးလက်ဝါးကြီးအုပ်မှုဟာ သက်ဆိုင်ရာနိုင်ငံတွေမှာ စီးပွားရေးနွံထဲကို နစ်မြုပ်သွားမယ်ဆိုတာကို သုံးသပ်နိုင်ပါတယ်။

လွန်ခဲ့တဲ့သီတင်းပတ်အတွင်းက ဒီဗွီဘီဒီဘိတ်စကားဝိုင်းမှာ မြန်မာနိုင်ငံရဲ့ ဖက်ဒရယ်နဲ့ပတ်သက်ပြီး တိုင်းရင်းသားရေးရာလေ့လာသုံးသပ်သူ ဦးမောင်မောင်စိုးနဲ့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်က ဦးဦးလှမြင့်တို့ ဆွေးနွေးထားတာတွေကိုလည်း ဖတ်ရှုခဲ့ရပါတယ်။ ဦးမောင်မောင်စိုးက မြန်မာနိုင်ငံရဲ့ဖက်ဒရယ်ကို ပြောမယ်ဆိုရင် ရှမ်းပြည်နယ် သမိုင်းကြောင်းကိုပြန်ကောက်ဖို့လိုတယ်လို့ဆိုပါတယ်။ ၁၉၅၉ ခုနှစ် ရှမ်းစော်ဘွားတွေ အာဏာစွန့်လွှတ်တဲ့အချိန်ကစပြီး ရှမ်းပြည်နယ်ရဲ့အုပ်ချုပ်ရေးကို ဘယ်လိုလုပ်ကိုင်ဆောင်ရွက်ရမယ်ဆိုတဲ့မေးခွန်းတွေ ထွက်ပေါ်လာပါတယ်။

၁၉၆၀ ပြည့်နှစ်နှောင်းပိုင်း ပထစ အစိုးရလက်ထက်မှာ အခြေခံဥပဒေပြင်ဆင်ရေးဆိုတာပေါ်လာပါတယ်။ ရှမ်းပြည်နယ်အစိုးရအနေနဲ့စော်ဘွားစနစ်ကို ဖျက်ပြီးတဲ့အချိန်မှာ ဖက်ဒရယ်နဲ့ပတ်သက်ပြီးမူဝါဒတွေ တင်ပြလာပါတယ်။ အဲဒီအချိန်တုန်းက ရှမ်းမူလို့သိထားပြီး ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံရဲ့အောက်မှာ ပြည်နယ်ဖွဲ့စည်းပုံအခြေခံရေးဆွဲရေး၊ ပြည်နယ်အစိုးရ ရရှိရေး၊ ပြည်နယ်ဥပဒေက ပြဋ္ဌာန်းတဲ့လွှတ်တော်ရှိရေး၊ တရားစီရင်မှုလွတ်လပ်ခွင့်ရှိရေးဆိုတဲ့အချက်တွေ ပါလာတာတွေ့ရပါတယ်။

အဲဒီနောက် ၁၉၆၁ ခုနှစ် ဖေဖော်ဝါရီလထဲမှာ တောင်ကြီးမြို့မှာ ညီလာခံတစ်ခုကျင်းပခဲ့ပါတယ်။ အဲဒီညီလာခံမှာ တိုင်းရင်းသားပေါင်းစုံတက်ရောက်ကြပြီး အများစုက ရှမ်းပြည်နယ်ကတင်ပြတဲ့ဖက်ဒရယ်မူကို လက်ခံကြပါတယ်။ အဲဒီမူကို တောင်ကြီးမူလို့လည်း ခေါ်ဆိုခဲ့ကြပါတယ်။ ၁၉၆၁ ခုနှစ် ဧပြီလထဲမှာ နိုင်ငံတော်သမ္မတအကြံပေးအဖွဲ့ကို အစီရင်ခံစာတင်ခိုင်းခဲ့ပါတယ်။ အဲဒီတုန်းက အကြံပေးအဖွဲ့ခေါင်းဆောင်က ဒေါက်တာဘဦးဖြစ်ပြီး ဒေါက်တာသိန်းမောင်တို့အဖွဲ့ဝင်တွေပါ။ အကြံပေးအဖွဲ့ရဲ့အစီရင်ခံစာကို ၁၉၆၂ ခုနှစ်ဖေဖော်ဝါရီလမှာ တင်ခဲ့ပါတယ်။ အဲဒီလိုတင်ခဲ့တာကြောင့် ဖက်ဒရယ်မူဟာ ပြည်ထောင်စုပြိုကွဲနိုင်တယ်လို့ သုံးသပ်ခဲ့ကြပါတယ်။ ဖက်ဒရယ်မူထဲမှာ တိုင်းရင်းသားတွေတင်ပြခဲ့တဲ့ ပြည်နယ်မှာရှိနေတဲ့ မြေယာပိုင်ဆိုင်ခွင့်နဲ့ပတ်သက်ပြီး သယံဇာတခွဲဝေမှုနဲ့ပတ်သက်လို့ပြည်နယ်စက်မှုလက်မှုဖွံ့ဖြိုးရေးနဲ့ပတ်သက်လို့ ပြည်နယ်မှာရှိနေတဲ့ တိုင်းရင်းသားတွေကို လုပ်ပိုင်ခွင့်ပေးဖို့ တင်ပြခဲ့တာကို တွေ့ရပါတယ်။

အဲဒီနောက် ၁၉၆၂ ခု မတ်လထဲမှာ တပ်မတော်က အာဏာသိမ်းခဲ့ပါတယ်။ တပ်မတော်ကအာဏာသိမ်းတဲ့အချိန်မှာလည်း ဖက်ဒရယ်မူကြောင့် ပြည်ထောင်စုပြိုကွဲမယ်၊ ခွဲထွက်မယ့် အန္တရာယ်ရှိတယ်ဆိုပြီး တပ်မတော်က ထောက်ပြခဲ့ပါတယ်။ တိုင်းရင်းသားတွေအနေနဲ့ ခွဲမထွက်ဖို့ ကတိကဝတ်ပေးဖို့လိုအပ်တယ်လို့ အဲဒီအချိန်တုန်းက ကာကွယ်ရေးဦးစီးချုပ်က ပြောခဲ့ပါတယ်။

ဒါကြောင့် တပ်မတော်ရဲ့ သဘောထားက ပြည်ထောင်စုကခွဲထွက်တာကို လက်မခံဘူးဆိုတာ ပြသခဲ့ပါတယ်။ ပထစအစိုးရမှာ တရားရေးမှာ လုပ်ကိုင်နေတဲ့ ဦးချန်ထွန်းတို့က တိုင်းပြည်ကို ပြည်ထောင်စုအစိုးရနဲ့ဖွဲ့စည်းတယ်လို့ ဆိုခဲ့ပေမယ့်လည်း တကယ်တမ်းမှာ ဗဟိုကချုပ်ကိုင်တဲ့ တစ်ပြည်ထောင်စနစ်ဖြစ်နေတယ်ဆိုတာကို နောက်ပိုင်းမှာဝန်ခံခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့သမိုင်းကြောင်းကို လေ့လာကြည့်မယ်ဆိုရင် မြန်မာနိုင်ငံဝန်ကြီးချုပ်ဦးနုအုပ်ချုပ်ခဲ့တဲ့အချိန်မှာ တရုတ်နိုင်ငံက မြန်မာပိုင်မြေအချို့ကို ဝယ်ယူခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီခေတ်တုန်းက ထုတ်ဝေခဲ့တဲ့ဗိုလ်ချုပ်အောင်ဆန်းပုံပါတဲ့ တံဆိပ်ခေါင်းမှာဖော်ပြထားတဲ့ မြန်မာနိုင်ငံရဲ့မြေပုံဟာ သမိုင်းသက်သေခံတစ်ခုဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

www.free4readers.com



# လက်ဝါးကြီးအုပ် စက်သုံးဆီဆိုင်ရှင် ခရိုနီတွေကိုသတ်မည့် ဗျူဟာ

ဒေါ်လာဈေးတွေ တဟုန်ထိုးတက်တုန်းက စက်သုံးဆီဈေးတွေပါ ရောင်တော်ပြန်လွှတ်ပြီး တက်ခဲ့တယ်။ ကမ္ဘာ့ရေနံဈေးကျသွားတော့လည်း စက်သုံးဆီဈေးက မကျတော့ ကုန်ဈေးနှုန်းတွေတက်၊ သယ်ယူပို့ဆောင်စရိတ်တွေတက်ပြီး ပြည်သူတွေ အခက်တွေ့ခဲ့တယ်။ ဒါပေမဲ့ စက်သုံးဆီဈေးကိုတော့ ခရိုနီကြီးတွေ မချခဲ့ဘူး။ ဒီစက်သုံးဆီတက်တဲ့ဒဏ်ကို ပြည်သူတွေ ခါးဆည်းခံခဲ့ရတယ်။ ဒီပြဿနာကို ဖြေရှင်းဖို့ သက်ဆိုင်ရာ တာဝန်ရှိသူတွေ စက်သုံးဆီဈေးကွက်ကို လွှမ်းမိုးဖို့ နည်းလမ်းရှာလာတာကို တွေ့ရတယ်။ ဒီနည်းလမ်းကလည်း ပြည်သူတွေ စက်သုံးဆီဈေးကြောင့် ဝန်ထုတ်ဝန်ပိုး မဖြစ်အောင် အချိန်နဲ့တပြေးညီ ဈေးနှုန်းသက်သာစွာ ရောင်းချပေးနိုင်မည့်နည်းလမ်းပါပဲ။ ဒီလိုလုပ်ဖို့ သက်ဆိုင်ရာက သာကေတ၊ ဒဂုံမြို့သစ်ဆိပ်ကမ်း၊ သဃ်န်းကျွန်း၊ ရွှေပြည်သာ၊ ဒဂုံမြို့သစ်တောင်ပိုင်းရှိ အိုးအိမ်၊ စည်ပင်နှင့် မီးရထားဌာနပိုင် မြေနေရာများတွင် တိုင်းအစိုးရခွင့်ပြုချက်ဖြင့် Yangon Petrol အမည်တပ်ကာ ဆီဆိုင်များဖွင့်လှစ်ခွင့်ပြုခဲ့သည်။

ရန်ကုန်တိုင်းအတွင်း စက်သုံးဆီဆိုင်တစ်ဆိုင် ဖွင့်ခွင့်ရဖို့ လုပ်ငန်းစဉ်ပေါင်းများစွာ၊ ထောက်ခံစာပေါင်းများစွာ ရယူရသည်။ တခါတရံ ၂နှစ်ကျော်ကြာတတ်သည်။ သို့သော်လည်း အဆိုပါ Yangon Petrol စက်သုံးဆီဆိုင်မှာ အစိုးရ၏ ရှေ့ပြေးစီမံကိန်းတစ်ရပ်အနေနှင့် ဆောင်ရွက်နေခြင်းဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ရင်းနှီးမြုပ်နှံငွေ လုံးဝမပါဟု သိရသည်။ အဆိုပါဆိုင်ဖွင့်ခွင့်ပြုရခြင်းမှာ ဈေးနှုန်းလျော့ရောင်းရန်ဖြစ်ပြီး အမြတ် ၂၀ ရာခိုင်နှုန်းကို ရန်ကုန်တိုင်းအစိုးရ ရရှိသည်ဟု ဦးမျိုးရန်နောင်သိန်း၏ လူမှုကွန်ရက် စာမျက်နှာပေါ်တွင် ဖော်ပြထားသော်လည်း အစိုးရက တရားဝင်မကြေငြာသေးပေ။

ပုဂ္ဂလိက စက်သုံးဆီလုပ်ငန်းရှင်တွေ ဆီဆိုင်ဖွင့်ရန် တရားဝင်ခွင့်ပြုချက်ရဖို့ အဆင့်ဆင့်ရှိပြီး ပထမအဆင့်မှာ မြေပိုင်ဆိုင်မှုအထောက်အထား၊ ပတ်ဝန်းကျင်ထောက်ခံချက်၊ ရပ်ကွက်၊ မြို့နယ် မီးသတ်၊ မြို့နယ်စည်ပင်ထောက်ခံချက်တွေ ရယူရမည်ဖြစ်သည်။ ဒီလိုထောက်ခံချက် ရယူရာမှာ တစ်ဦးတစ်ယောက်က ဆန့်ကျင်လို့ကတော့ ရှာပတ်ပြီသာမှတ်ပေတော့။ နှစ်နဲ့ချီ ညှိနှိုင်းရင်တောင် ထောက်ခံလေ့မရှိဘူး။ ဒီလိုထောက်ခံချက်တွေ ပြည့်စုံနေရင်တောင်မှ မြို့နယ်၊ ခရိုင် တိုင်းအဆင့် ထောက်ခံချက်တွေ၊ ရေနံထွက်ပစ္စည်းရောင်းချရေးလုပ်ငန်း ထိန်းသိမ်းရေးကော်မတီရဲ့ ထောက်ခံချက်တွေ၊ ပြည်ထောင်စုအဆင့် လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနနဲ့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ရဲ့ အဆင့်ဆင့်စစ်ဆေးမှုကို ခံယူပြီးမှ လုပ်ခွင့်ပြုခြင်းဖြစ်သည်။ ဒါပေမဲ့ ရေးကုသိုလ်ကောင်းခဲ့၍လားမသိ Yangon Petrol ဆီဆိုင်ကတော့ ဆိုင်ခွဲပေါင်း ၂၆ ဆိုင်ကို ကာလပေါက်ဈေး တစ်ပေပတ်လည် သိန်းချီတန်တဲ့နေရာမှ တစ်ပေပတ်လည် ထောင်ဂဏန်းလောက်နဲ့ဖွင့်ခွင့်ရပြီး ရေ မီးအစုံ ရေကန်အသင့် ကြာအသင့် ဖွင့်ခွင့်ရသွားခဲ့သည်။ သာကေတ ရတနာလမ်းပေါ်မှ ဆိုင်ဆိုလျှင် နှစ်ကေရှိပြီး ဒဂုံဆိပ်ကမ်း ပဲခူးမြစ်လမ်းပေါ်ရှိဆိုင်ဆိုလျှင် တစ်ကေကျော်ရှိသည်။ အဆိုပါ YP ကုမ္ပဏီမှာ PT ပါဝါကုမ္ပဏီ၏ လက်ခွဲဖြစ်ပြီး တင်ဒါခေါ်ယူခြင်းမရှိဘဲ အစိုးရပိုင်မြေနေရာများတွင် ဖွင့်လှစ်ခွင့်ရရှိခဲ့ခြင်းကြောင့် စက်သုံးဆီဆိုင်ဖွင့်လှစ်လိုသူများလည်း အဆိုပါ YP ကုမ္ပဏီကဲ့သို့ ဖွင့်လှစ်ခွင့်ရလိုသည်ဟု သိရသည်။ အဆိုပါလုပ်ငန်းကို စီးပွားရေးလုပ်ငန်းရှင်တိုင်းလိုလို အခွင့်အရေးတစ်ရပ်အနေဖြင့် လုပ်ကိုင်ခွင့်ရလိုသဖြင့် ပွင့်လင်းမြင်သာစွာ တင်ဒါခေါ်ယူ၍ ဈေးအများဆုံးဈေးပေးနိုင်သူကို လုပ်ကိုင်ခွင့်ပြုပါက မည်သူမျှ လက်ညှိုးထိုး အပြစ်တင်ခြင်း မခံရနိုင်ဟုဆိုသည်။ ဒါပေမဲ့ စက်သုံးဆီဆိုင်လုပ်တဲ့ လုပ်ငန်းရှင်တွေဆိုတာ အချင်းချင်း မြွေမြွေချင်းခြေမြင်ကြပြီး အခွင့်အရေးအတွက်ဆိုရင် ဒေါင့်တစ်ဒေါင့်ကနေ ချောင်းနေတဲ့ အစွယ်တဖွေးဖွေးနဲ့ ကျားလိုပါပဲ။ အခွင့်အရေးပေးတာနဲ့ သားကောင်ကိုရအောင်ဖမ်းနိုင်တဲ့ အရည်အချင်းရှိကြတယ်လို့ လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။ ယခင်စစ်အစိုးရကနေ အရပ်သား အစိုးရ အပြောင်းအလဲမှာလည်း စက်သုံးဆီဆိုင်ဖွင့်တဲ့လုပ်ငန်းရှင်ချင်း အတူတူတောင်မှ အာဏာရှိတဲ့လူကြီးကို ဘယ်သူပိုပိုင်သလဲဆိုတဲ့အပေါ် မူတည်ပြီး နေရာကောင်းတွေမှာ စက်သုံးဆီဆိုင်တွေ ပေါချောင်ကောင်းဈေးနဲ့ ဖွင့်ခွင့်ရကြတယ်။ ထိုစဉ်က နိုင်ငံပိုင်နေရာ၏ မြေပေါ်မှာ ပေါချောင်ကောင်းဈေးနဲ့ ငှါးရမ်းဖွင့်လှစ်ခွင့်ရတဲ့ ဈေးနှုန်းအမှန်ကို ပြည်သူတွေကို ချပြလိုက်ရင် အံ့ဩသွားလိမ့်မယ်။

*ယခင်စစ်အစိုးရကနေ အရပ်သားအစိုးရ အပြောင်းအလဲမှာလည်း စက်သုံးဆီဆိုင်ဖွင့်တဲ့လုပ်ငန်းရှင်ချင်း အတူတူတောင်မှ အာဏာရှိတဲ့လူကြီးကို ဘယ်သူပိုပိုင်သလဲဆိုတဲ့အပေါ် မူတည်ပြီး နေရာကောင်းတွေမှာ စက်သုံးဆီဆိုင်တွေ ပေါချောင်ကောင်းဈေးနဲ့ ဖွင့်ခွင့်ရကြတယ်။ ထိုစဉ်က နိုင်ငံပိုင်နေရာ၏ မြေပေါ်မှာ ပေါချောင်ကောင်းဈေးနဲ့ ငှါးရမ်းဖွင့်လှစ်ခွင့်ရတဲ့ ဈေးနှုန်းအမှန်ကို ပြည်သူတွေကို ချပြလိုက်ရင် အံ့ဩသွားလိမ့်မယ်။*

ဒါပေမဲ့ ဒီလိုပြည်သူတွေသိသွားရင် ပိုပြီးဒေါသဖြစ်စေမှာက ဒီလိုနေရာကောင်းတွေမှာ ပေါချောင်ကောင်း ဈေးနဲ့ဖွင့်ခွင့်ရဖို့ ရိုးရိုးသားသားရခဲ့တာ မဟုတ်ဘူးဆိုတာပါပဲ။ ဆီပေးလို့ ဆန်ရတယ်ဆိုတဲ့ သဘောပါ။ လောကကြီးမှာ ဘာမှ အလကားမရတာတော့ သေချာပါတယ်။ စားပွဲအောက်ကလက်လေးတွေကို မှန်းဆကြည့်ရင်သိနိုင်ပါတယ်။ အများပြည်သူတွေ၊ လွှတ်တော်အမတ်တွေ လက်ညှိုးထိုးအပြစ်ရှာလို့မရအောင် တစ်ဦး တစ်ယောက်ထဲကို လက်သင့်ရာ စားတော်ခေါ်တယ်လို့ အပြောမခံရအောင် ဒီလို နေရာ ၂၆ နေရာစလုံးကို ကုမ္ပဏီတစ်ခုတည်းမပေးဘဲ ကျန်တဲ့လုပ်ချင်တဲ့ လုပ်နိုင်ကိုင်နိုင်တဲ့ ကုမ္ပဏီတွေကို ဈေးပြိုင်စနစ်နဲ့ခွင့်ပြုမည်ဆိုလျှင်ပို၍ကောင်းသည်။ စက်သုံးဆီဈေးနှုန်းကိုလည်း အခြားစက်သုံးဆီဆိုင်များတွင် ဈေးနှုန်းလျော့ချရောင်းချနိုင်အောင် အချိန်ကာလအလိုက် အစိုးရက သတ်မှတ်ပေးနိုင်ရင်တော့ ပိုပြီးကောင်းမည်ဟု ယူဆသလို ရန်ကုန်တိုင်းအစိုးရလည်း လွှတ်တော်အမတ်တွေ ပြည်သူတွေရဲ့ သံသယမျက်လုံးနဲ့ လက်ညှိုးထိုး မေးခွန်းတွေရဲ့ အန္တရာယ်က ကင်းဝေးသွားမှာပါ။ ဒီလိုမျိုး တစ်ဦး တစ်ယောက်မဟုတ်ဘဲ စိတ်ဝင်စားသူ မည်သူမဆို လုပ်ကိုင်နိုင်အောင် အခွင့်အရေးပေးရင် အစိုးရက ပြည်သူတွေကို ခရိုနီဆီဆိုင်တွေရောင်းတဲ့ဈေးထက် သက်သာနဲ့ ပိုရောင်းနိုင်မှာသေချာပါတယ်။

*ဒါပေမဲ့ ဒီလိုပြည်သူတွေသိသွားရင် ပိုပြီးဒေါသဖြစ်စေမှာက ဒီလိုနေရာကောင်းတွေမှာ ပေါချောင်ကောင်း ဈေးနဲ့ဖွင့်ခွင့်ရဖို့ ရိုးရိုးသားသားရခဲ့တာ မဟုတ်ဘူးဆိုတာပါပဲ။ ဆီပေးလို့ ဆန်ရတယ်ဆိုတဲ့ သဘောပါ။ လောကကြီးမှာ ဘာမှအလကားမရတာတော့ သေချာပါတယ်။ စားပွဲအောက်ကလက်လေးတွေကို မှန်းဆကြည့်ရင်သိနိုင်ပါတယ်။*

တစ်ဦးတစ်ယောက်ထဲ လုပ်ကိုင်ခွင့်ပေးခြင်းဖြင့် လေးငါးလလောက်ပဲ အစိုးရသတ်မှတ်ပေးတဲ့ ဈေးနဲ့ရောင်းပြီး နောက်ပိုင်းမှာ မရောင်းနိုင်တော့ပါဘူး ဆိုခဲ့သည်ရှိသော် ဖြေရှင်းနိုင်မည့် နည်းလမ်းကိုတော့ ကြံဆထားဖို့ လိုပေလိမ့်မည်။ ပြည်သူတွေ စက်သုံးဆီဈေး မြန်မြန်သက်သာစွာ သုံးစွဲပါစေဆိုတဲ့ စေတနာအရဆိုရင်လည်း ၁၅ရက်နဲ့ တင်ဒါခေါ်လိုက်ရင် အပြစ်ပြောခံရခြင်းမှ ကင်းလွတ်မှာပါ။ **စစ်အစိုးရခေတ်ကလို တစ်ဦးကောင်းတစ်ယောက်ကောင်းက လုပ်ကိုင်ခွင့်ကို မောင်ပိုင်စီးခွင့်ရသွားမှာ မဟုတ်ပါဘူး။ ဒီလိုမျိုးလုပ်ပိုင်ခွင့်ရလိုတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီတွေ အများကြီးရှိပါတယ်။ PUMA လိုမျိုး နိုင်ငံခြားကုမ္ပဏီဆိုရင် ဒါမျိုးအခွင့်အရေးမျိုး တင်ဒါခေါ်ရင် PT ပါဝါကပေးတဲ့ဈေးကို ယှဉ်ပြိုင်နိုင်မှာပါ။**

နိုင်ငံခြား စက်သုံးဆီကုမ္ပဏီတွေမှာ မြန်မာနိုင်ငံထဲမှာ လက်လီဈေးကွက်မှာ ဝင်ရောက်ယှဉ်ပြိုင်လိုသော်လည်း လုပ်ထုံးလုပ်နည်းများပြားလွန်းခြင်း၊ မြေနေရာရှားပါးမှု၊ အခက်အခဲများပြားခြင်းတို့ကြောင့် အချိန်တိုတိုနဲ့ ဝင်မလာနိုင်သေးခြင်းပါ။ ဒီလိုမျိုး လုပ်ပိုင်ခွင့်ကို သတင်းစာထဲထည့်ကြေငြာပြီး တင်ဒါခေါ်လိုက်လို့ကတော့ ဝမ်းသာအားရ ဝင်လာမှာ သေချာပါတယ်။

◆

# မြန်မာနိုင်ငံမြေပုံကို တရုတ်စာဖြင့် ပုံဖျက်ထုတ်ဝေ ပုံနှိပ်ခြင်းကို လက်ခံသင့်သလား

မြန်မာ-တရုတ် နယ်စပ်မှာရှိနေတဲ့ ရွှေလီချိုင့်ဝှမ်းဟာ ဗိုလ်ချုပ်အောင်ဆန်းရှိစဉ်တုန်းက မြန်မာနိုင်ငံပိုင်နက်အတွင်းကပါ။ မြန်မာနိုင်ငံဝန်ကြီးချုပ် ဦးနုလက်ထက်တုန်းက မြန်မာပိုင်မြေအချို့ကို တရုတ်နိုင်ငံဘက်ကိုရောင်းစားခဲ့တယ်လို့ နိုင်ငံရေးလေ့လာသူတချို့က ဝေဖန်ခဲ့ကြပါတယ်။ အဲဒီထင်မြင်ချက်တွေဟာ မှန်သလား၊ မှားသလားဆိုတာကတော့ ဝန်ကြီးချုပ်ဟောင်းဦးနုပဲ သိပါလိမ့်မယ်။

ဝန်ကြီးချုပ်ဦးနုလက်ထက်မှာ တရုတ်တို့က ၎င်းတို့နိုင်ငံရဲ့မြေပုံကို အသစ်ပြန်လည်ရေးဆွဲပြီး တရုတ်နိုင်ငံရဲ့ ကျောင်းသင်ရိုးညွှန်းတမ်းတွေမှာထည့်သွင်းဖော်ပြခဲ့ပြီး သမိုင်းကြောင်းကိုလိမ်ခဲ့တယ်လို့လည်း နိုင်ငံရေးလေ့လာသူတချို့က သုံးသပ်ထားပါတယ်။

လွန်ခဲ့တဲ့လအနည်းငယ်က မြန်မာ-တရုတ်နယ်စပ်မှာရှိတဲ့ ဆင်ဖြူဈေးအတွင်း ချောင်းစပ်မှာ ဈေးကော်မတီရုံးကို ဆောက်လုပ်ခဲ့ပါတယ်။ အဲဒီလို ဈေးကော်မတီရုံး ဆောက်လုပ်စဉ်မှာပဲ အဲဒီဈေးကော်မတီရုံးဟာ တရုတ်တို့ရဲ့ ပိုင်နက်နယ်မြေထဲကိုရောက်နေတယ်ဆိုပြီး တားဆီးမှု ပြုခဲ့ပါတယ်။ တားဆီးစဉ်မှာ တရုတ်လက်နက်ကိုင်တပ်ဖွဲ့ကိုပါခေါ်လာတာကြောင့် လူမှုကွန်ရက်စာမျက်နှာပေါ်မှာ သတင်းပျံ့နှံ့သွားပြီး သမ္မတရုံးအထိ ရောက်ရှိသွားလို့ နေပြည်တော်က တာဝန်ရှိသူတွေအနေနဲ့ အဲဒီအငြင်းပွားတဲ့နေရာကို တိုင်းတာဖို့ အဖွဲ့လိုက် လာရောက်ကာ တိုင်းတာခဲ့ကြပါတယ်။ တရုတ်နိုင်ငံဘက်ကလည်း အဖွဲ့လိုက်လာပြီး တိုင်းတာခဲ့ကြတယ်လို့သိရပါတယ်။

အဲဒီလိုတိုင်းတာတဲ့နေရာမှာ တရုတ်တို့က ၁၉၆၁ ခုနှစ် မြေပုံကိုယူလာပြီး တိုင်းတာမှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ အဲဒီအချိန်တုန်းက မြန်မာနိုင်ငံမှာ ဝန်ကြီးချုပ်ဦးနုအုပ်ချုပ်နေတဲ့အချိန်ဖြစ်ပြီး နှစ်နိုင်ငံနယ်မြေကို တိုင်းတာကြပြီး မြေပုံအသစ် ပြန်လည်ရေးဆွဲခဲ့တယ်လို့ ဆိုပါတယ်။

လွန်ခဲ့တဲ့ရက်ပိုင်းအတွင်းက မြစ်ဆုံစီမံကိန်းနဲ့ပတ်သက်ပြီး သမ္မတဟောင်းဦးသိန်းစိန်အစိုးရလက်ထက်က အစီရင်ခံစာရေးသားခဲ့တဲ့ ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးဂျေယောဝူက တစ်ကျော့ပြန်အသံထွက်လာတဲ့ မြစ်ဆုံစီမံကိန်းနဲ့ပတ်သက်ပြီး သတင်းမီဒီယာတွေနဲ့ တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

အဲဒီလိုတွေ့ဆုံမေးမြန်းခန်းမှာ ဦးဂျေယောဝူက မြစ်ဆုံစီမံကိန်းနဲ့ပတ်သက်ပြီး ကျီးလန့်စာစားသလို ခံစားရတယ်လို့ဆိုပါတယ်။ မြစ်ဆုံဧရိယာဟာ ရေဝပ်ဒေသဖြစ်လို့ ဆွမ်းပရာဘွမ်၊ ပူတာအို၊ မချမ်းဘော၊ နမ့်မွန်၊ ခေါင်လန်ဖူး ဒေသတွေကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ပြီးဖြစ်စေ ထိခိုက်မှုရှိနိုင်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် စာမျက်နှာ ၂၆ မျက်နှာပါတဲ့ မြစ်ဆုံစီမံကိန်းနဲ့ပတ်သက်တဲ့အစီရင်ခံစာကို ဦးဂျေယောဝူက အထောက်အထား ဓာတ်ပုံတွေနဲ့တင်လိုက်တဲ့အခါမှာ သမ္မတဟောင်းဦးသိန်းစိန်က ၎င်းကို ချီးမွမ်းစကားပြောကြားတယ်လို့ သိရပါတယ်။

အဲဒီလိုတင်လိုက်တဲ့အခါမှာ မြစ်ဆုံစီမံကိန်းကို ရပ်ဆိုင်းသင့်တယ်လို့ အကြံပြု တင်ပြခဲ့ပါတယ်။ တရုတ်နိုင်ငံ စီပီအိုင်ကုမ္ပဏီလက်ထဲကို မြစ်ဆုံစီမံကိန်းကြီး ဝကွက်အပ်လိုက်မယ်ဆိုရင်တော့ မြန်မာနိုင်ငံရဲ့အချုပ်အချာအာဏာကို အားလုံးသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း အန္တရာယ်ကျရောက်နိုင်တာကြောင့် ဒီစီမံကိန်းကြီးကို မလုပ်သင့်ပါဘူးလို့ တင်ပြခဲ့ပါတယ်။အခုအခါမှာတော့ မြစ်ဆုံစီမံကိန်း ရပ်ဆိုင်းထားတာကို ဒေသခံပြည်သူတွေနဲ့ မြန်မာနိုင်ငံတစ်ဝှမ်းမှာရှိနေတဲ့ ပြည်သူတွေက ဝမ်းမြောက်ဝမ်းသာဖြစ်နေပြီး အဲဒီစီမံကိန်းကြီး ထာဝရရပ်ဆိုင်းအောင်လုပ်ပေးဖို့ တောင်းဆိုတာတွေကိုလည်း တွေ့မြင်ရပါတယ်။ မြစ်ဆုံစီမံကိန်းနဲ့ပတ်သက်ပြီး အစိုးရအနေနဲ့ ပြည်သူတွေကို ချပြသင့်တယ်လို့ ဦးဂျေယောဝူက ဆိုပါတယ်။ အလားတူပဲ ပြည်သူ့ပါတီဥက္ကဋ္ဌဦးကိုကိုကြီးကလည်း မြစ်ဆုံစီမံကိန်းနဲ့ပတ်သက်ပြီး မမြင်ဘူးကြောင်းနဲ့ ပြည်သူတွေသိရှိနိုင်ဖို့ ချပြသင့်တယ်လို့ သတင်းတွေမှာဖော်ပြထားတာ ဖတ်ရှုရပါတယ်။ မြစ်ဆုံနဲ့ပတ်သက်လို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးကလည်း မြစ်ဆုံစီမံကိန်းကိုအကောင်အထည်ဖော်ဖို့ လုပ်ဆောင်သင့်ကြောင်းနဲ့ စီမံကိန်းကိုရပ်ဆိုင်းထားမယ်ဆိုရင် တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ မြန်မာနိုင်ငံအပေါ်မှာ ယုံကြည်မှုလျော့ပါးနိုင်တယ်လို့ဆိုပါတယ်။ နိုင်ငံတော်သမ္မတဟောင်း ဦးသိန်းစိန်အစိုးရက မြစ်ဆုံစီမံကိန်းနဲ့ပတ်သက်ပြီး ပြည်သူတွေ နှစ်သက်မှုမရှိတာကြောင့် မြစ်ဆုံစီမံကိန်းကို ရပ်ဆိုင်းထားခဲ့ပါတယ်။

***စာမျက်နှာ D သို့***